မြန်မာနိုင်ငံရှေ့နေများကောင်စီ

# အခြေခံဥပဒေရေးရာစာစောင်

# Journal of CONSTITUTIONAL AFFAIRS

No. 18, April 2004 ISSN 1513-9182

## အမျိုးသားညီလာခံ

- အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ သုံးသပ်ချက်အကျဉ်း
- မြန်မာနိုင်ငံမှ အမျိုးသားညီလာခံကို နိုင်ငံတကာနှင့် နှိုင်းယှဉ်ခြင်း
- အာဏာတရားဝင်ရရှိရေး နအဖ၏ ကြိုးပမ်းချက်

## ဖက်ဒရယ်ရေးရာ

- ပြည်ထောင်စုစည်းလုံးညီညွတ်ရေးနှင့် အခြေခံဥပဒေ

## အခြေခံဥပဒေရေးရာ

- လူထုအဓိက လူ့အဖွဲ့အစည်းများနှင့် အခြေခံဥပဒေ ဆွေးနွေးခန်း
- အခြေခံဥပဒေရေးရာ သတင်းအတိုအထွာများ

အမှတ်စဉ် (၁၈) - ၂၀၀၄ ခုနှစ်၊ ဧပြီလ

**မြန်မာနိုင်ငံရှေ့နေများကောင်စီ**
P.O. Box 29 Huamark Post Office, Bangkok 10243, Thailand
E-mail <blcsan@ksc.th.com>

**အခြေခံဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၁၈) ၂၀၀၄ ခုနှစ်၊ ဧပြီလ**

## မာတိကာ

### အမျိုးသားညီလာခံ

- အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ သုံးသပ်ချက်အကျဉ်း ၁
- မြန်မာနိုင်ငံမှ အမျိုးသားညီလာခံကို နိုင်ငံတကာနှင့် နှိုင်းယှဉ်ခြင်း ၃၄
- အာဏာတရားဝင်ရရှိရေး နအဖ၏ ကြိုးပမ်းချက် ၇၇

### ဖက်ဒရယ်ရေးရာ

- ပြည်ထောင်စုစည်းလုံးညီညွတ်ရေးနှင့် အခြေခံဥပဒေ ၃၉

### အခြေခံဥပဒေရေးရာ

- လူထုအဓိက လူ့အဖွဲ့အစည်းများနှင့် အခြေခံဥပဒေ ဆွေးနွေးခန်း ၆၆
- အခြေခံဥပဒေရေးရာ သတင်းအတိုအထွာများ ၉၀

ထုတ်ဝေဖြန့်ချိ – မြန်မာနိုင်ငံရှေ့နေများကောင်စီ
မူပိုင် – မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် စာမူရှင်များ
မျက်နှာဖုံးဒီဇိုင်း – ဘမောင်ဇင်
ကွန်ပြူတာစာစီ – ဇော်နိုင်ဝင်း၊ ဆလိုင်း ငွန်ကျဲအို၊ ဝင်းမော်ဦး

ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။

အမျိုးသားညီလာခံ

# အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ သုံးသပ်ချက်အကျဉ်း

မြန်မာနိုင်ငံရှေ့နေများကောင်စီ

နိဒါန်း
အခြေခံဥပဒေနှင့်လမ်းပြမြေပုံ

မြန်မာ့နိုင်ငံရေးတွင် အခြေခံဥပဒေသည် အဓိကကျသော အခန်းကဏ္ဍ ဖြစ်လာနေပေသည်။ ပြောရမည်ဆိုလျှင် အခြေခံဥပဒေကို ချိုးဖေါက်ခဲ့ကြသူများက အခြေခံဥပဒေကိုပြန်လည်အသက်သွင်းရန် ကြိုးပမ်းနေခြင်းသာ ဖြစ်ပေသည်။ နိုင်ငံရေးအကြပ်အတည်းကို ဖြေရှင်းသည့်အနေနှင့် လာမည့်လများတွင် ကျွန်ုပ်တို့၏ ကံကြမ္မာကို ဖန်တီးပေတော့မည်။ မည်သို့ပင် ဖြစ်စေကာမူ မြန်မာနိုင်ငံရှေ့နေများကောင်စီအနေဖြင့် မိမိတို့၏အမြင်ကို ဖေါ်ပြသွားမည်ဖြစ်သည်။ ဤအမြင်ထုတ်ဖေါ်ရခြင်း၏ ရည်ရွယ်ချက်မှာ အခြေခံဥပဒေသစ်နှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များ၊ ပုံဖေါ်ချက်များကို ပွင့်လင်းစွာ အချေအတင်ဆွေးနွေးခြင်းကို အားပေးလိုခြင်းဖြစ်သည်။ အခြေခံဥပဒေရေးဆွဲရာတွင် အဓိကအကြောင်းအချင်းအရာ ၂ ရပ်ရှိပါသည်။ တရပ်မှာ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး အခြားတရပ်မှာ အခြေခံဥပဒေရေးဆွဲသူများက ဖန်တီးလိုသည့် အခြေခံဥပဒေအမျိုးအစားဖြစ်သည်။ ပထမတရပ်၌ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပြည်သူများပါဝင်ခြင်း၏ အရေးပါမှုနှင့် အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်သူများ၏ တရားဝင်မှုအခန်းကဏ္ဍကို ဖေါ်ညွှန်းခြင်းဖြစ်သည်။ ဒုတိယမှာ ဒီမိုကရေစီအစိုးရပေါ်ထွန်းရေးအတွက် အုတ်မြစ်ဖြစ်မည်လော သို့မဟုတ် အာဏာရှင်အစိုးရပေါ်ထွန်းရေး အုတ်မြစ်ဖြစ်မည်လောဆိုသည်နှင့်ပတ်သက်သော အသေးစိတ် စိစစ်သုံးသပ်ချက်များ ပါဝင်သည်။

ဗိုလ်ချုပ်ခင်ညွန့် ဖွင့်ချပြသည့် လမ်းပြမြေပုံသည် အသစ်အဆန်းမဟုတ်ပါ။ အခြေခံဥပဒေရေးဆွဲရေးတွင် အခြေခံရမည့် ၁၀၄ ချက်သည် ၁၉၉၆ ခုနှစ်က ရပ်ဆိုင်းခဲ့သော အမျိုးသားညီလာခံမှ ပုံဖော်ထားခဲ့သည့် မူများသာဖြစ်သည်။ တကယ်တမ်းအားဖြင့် ဤအခြေခံမူများကို ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အပြတ်အသတ် အနိုင်ရလိုက်သည့် အချိန်ကတည်းက စစ်အစိုးရမှ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် အနိုင်ရသောပါတီအား အာဏာလွှဲပေးခြင်းကို လမ်းကြောင်းပြောင်းလို၍ စီမံချက်အသစ်အနေနှင့် (၂) နှစ်ခန့် အချိန်ယူ ပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ အခြေခံဥပဒေရေးဆွဲရန် အမျိုးသားညီလာခံတည်းဟူသော ညီလာခံကို ၁၉၉၃ ခုနှစ်တွင် စတင်ခဲ့သည်။ ထိုအမျိုးသားညီလာခံကို စစ်တပ်က လက်ရွေးစဉ်ရွေးချယ်ထားသော ကိုယ်စားလှယ်များဖြင့် ကျင်းပပြီး စစ်တပ်က နောက်ကွယ်မှ စီစဉ်ဆောင်ရွက်ခဲ့သည်။ စစ်အစိုးရမှ ထုတ်ပြန်ထားသော ကြေညာချက်အမှတ် ၁/၉၀ မှာ ရွေးချယ်တင်မြှောက်ခြင်းခံထားရသော ကိုယ်စားလှယ်များမှ အခြေခံဥပဒေကို ရေးဆွဲရန်ဖြစ်သည်။ သို့သော် စစ်အစိုးရသည် ၎င်းတို့ထုတ်ပြန်ထားသောဥပဒေကို ၎င်းတို့ကိုယ်တိုင် လိုက်နာခြင်းမရှိပေ။ အမျိုးသားညီလာခံကိုယ်စားလှယ် ၇၀၂ ဦး ရှိသည့်အနက် ပြည်သူတို့ ရွေးချယ်ထားသော ကိုယ်စားလှယ် ၉၉ ဦးကိုသာ ပါဝင်စေခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်များက ၎င်းတို့သဘောမတူနိုင်သည့်အချက်များကို မှတ်တမ်းတင်နိုင်ရန် ၁၉၉၅ ခုနှစ်တွင် အမျိုးသားညီလာခံမှ နှုတ်ထွက်ခဲ့သည်။ ထိုစဉ်ကတည်းက အမျိုးသားညီလာခံအား ရပ်ဆိုင်းထားခဲ့ရခြင်းဖြစ်သည်။

လက်ရှိကာလတွင် စစ်အစိုးရသည် လက်နက်ကိုင်အဖွဲ့အစည်းများကို မြူဆွယ်လျှက် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပနိုင်ရန် ကြိုးပမ်းလျှက်ရှိသည်။ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ် တိုးတက်လျှက်ရှိကြောင်း ပြသရန် ကြိုးပမ်းနေခြင်းသာဖြစ်သည်။ သို့သော်လည်း အခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များကို ပြည်သူများ အချေအတင် ဆွေးနွေးနိုင်ရန် လိုအပ်သော နိုင်ငံရေးနှင့် လူမှုရေးပတ်ဝန်းကျင်အခြေအနေကို စစ်အစိုးရမှ ဖန်တီးပေးထားခြင်းကား မရှိပေ။ ထို့အပြင် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပြည်သူများ ပါဝင်နိုင်မှုအခြေအနေကိုလည်း ဖန်တီးထားပေးခြင်း မရှိပေ။ ဤအခြေအနေများကို ဖန်တီးပေးမှသာလျှင် အခြေခံဥပဒေသည် ပြည်သူများ၏ဆန္ဒကို ထင်ဟပ်စေသော အခြေခံဥပဒေဖြစ်မည်ဖြစ်ကြောင်း ပြည်သူများက ယုံကြည်ကြပေမည်။ သို့မှသာ အခြေခံဥပဒေသည် ရေရှည် တည်တံ့ ခိုင်မြဲပေမည်။ စစ်အစိုးရသည် ဥပဒေ အမှတ် ၅/၉၆ ကိုထုတ်ပြန်လျှက် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထု၏ ပါဝင်မှုကို ဟန့်တားထားခဲ့ပေသေးသည်။

ရွေးကောက်ပွဲတွင် အနိုင်ရထားသော ပါတီများ၏ ရုံးများကိုလည်း ပိတ်ထားစေခဲ့သည်။ နိုင်ငံရေးသမား ထောင်ပေါင်းများစွာတို့ကိုလည်း ဖမ်းဆီး အကျဉ်းချထားခဲ့သည်။ လူမျိုးစုဒေသများတွင်လည်း တိုက်ပွဲများ နေ့စဉ်နှင့်အမျှ ဖြစ်ပွားလျှက်ရှိပြီး၊ လူ့အခွင့်အရေးချိုးဖေါက်မှုများလည်း ဆိုးရွားစွာ ဖြစ်ပွားလျှက်ရှိသည်။ ၂၀၀၃ ခုနှစ်၊ မေလ

(၃၀)ရက် ဒီပဲယင်း အရေးအခင်းနှင့်ပတ်သက်၍ ဥပဒေအရ အရေးယူနိုင်ခြင်းမရှိသေးသောကြောင့် တတိုင်းပြည်လုံး၌ စိုးရိမ်ထိတ်လန့်လျက်ရှိသည်။ ၂၀၀၃ ခုနှစ်၊ နိဝင်ဘာလ (၁၈)ရက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ၅၈ ကြိမ်မြောက် အစည်းအဝေးကလည်း ဒီပဲယင်း အရေးအခင်းနှင့်ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ပြုလုပ်ပေးရန် စစ်အစိုးရအား တောင်းဆိုထားသည်။ ကြောက်လန့်ဘွယ်ရာအခြေအနေဆိုးများ၊ အခြေခံဥပဒေရေးဆွဲရေးတွင် ပြည်သူများ၏ ပါဝင်မှုကို တမင်သက်သက် ငြင်းပယ်ခံထားရသည့် အခြေအနေများအောက်တွင် ဖြစ်သင့်သော အခြေခံဥပဒေတရပ် ပေါ်ထွန်းရေး ဆိုသည်ကို စဉ်းစား၍မရနိုင်ကြပေ။ ၁၉၉၀ ခုနှစ်များတွင် တောင်အာဖရိကနိုင်ငံနှင့် ထိုင်းနိုင်ငံများ၌ အခြေခံဥပဒေသစ်များ ရေးဆွဲခဲ့ကြသည်။ ထိုသို့ ရေးဆွဲကြရာတွင် ထိုနိုင်ငံများ၏ ဝေးလံခေါင်းပါးသောဒေသများတွင် နေထိုင်ကြသည့် ပြည်သူများသည်ပင်လျှင် အခြေခံဥပဒေရေးရာကိစ္စများနှင့်ပတ်သက်၍ ပွင့်လင်းစွာ ပါဝင်ဆွေးနွေးခဲ့ကြသည်။ ထိုသို့ ပါဝင်ဆွေးနွေးနိုင်ရန် လူမှုရေးနှင့် နိုင်ငံရေး ပတ်ဝန်းကျင်အခြေအနေမျိုး ဖန်တီးထားပေးခဲ့သည်။ ဤအခြေအနေမျိုးကို မြန်မာပြည်၌ ဖန်တီးထားပေးခြင်း မရှိသေးပေ။

အခြားစိန်ခေါ်ချက်တရပ်မှာ ပြည်သူ့ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် ရွေးချယ်တင်မြှောက်ခံထားရသော ကိုယ်စားလှယ်များကို ဖမ်းဆီးထားခြင်းမှ လွှတ်ပေးရေး ဖြစ်သည်။ စစ်အစိုးရအနေဖြင့် ၎င်းတို့ပေးထားသော ကတိများကို လိုက်နာရပေမည်။ ၎င်းတို့ ထုတ်ပြန်ထားသော ဥပဒေများကို ၎င်းတို့ လေးစားလိုက်နာရန် လိုအပ်သည်။ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို ရွေးချယ်တင်မြှောက်ခံထားရသော ကိုယ်စားလှယ်များမှ ဦးဆောင်စေရမည်။ လူမျိုးစုကိုယ်စားလှယ်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်စေနိုင်ရန် အခြေခံဥပဒေရေးဆွဲရေးညီလာခံအတွက် ရွေးကောက်ပွဲ ကျင်းပပေးရမည်။ ဤသည်တို့မှာ ပြောရန်ပင် မလိုအပ်သော အရေးကြီးသည့် ဥပဒေဆိုင်ရာ ကိစ္စရပ်များဖြစ်သည်။ နောက်ဆုံးအနေနှင့် ရွေးချယ်တင်မြှောက်ခံထားရသော ကိုယ်စားလှယ်များက ရေးဆွဲလိုက်သည့် အခြေခံဥပဒေကို ပြည်သူများလက်ခံရန် လူထုဆန္ဒခံယူပွဲ ကျင်းပပေးရမည်ဖြစ်သည်။ ဤသို့ဆိုရခြင်းမှာ နွားရှေ့ထွန်ကျူးခြင်းမဟုတ်။ အထက်ပါအတိုင်း ဆောင်ရွက်ခြင်းအားဖြင့် စစ်မှန်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအနေဖြင့် တရားဥပဒေစိုးမိုးရေး ထွန်းကားလာမှာ ဖြစ်ပေသည်။

ဗိုလ်ချုပ်ခင်ညွန့်ပြောသည့် လမ်းပြမြေပုံတည်းဟူသော အမျိုးသားညီလာခံသည် အခြေခံဥပဒေသစ်အတွက် အသေးစိတ်မူများ ချမှတ်ရန်ဖြစ်သည်။ စင်စစ်အားဖြင့် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ အမျိုးသားညီလာခံမစတင်ခင် ၁၉၉၂ ခုနှစ်ကတည်းက စစ်အစိုးရမှ အခြေခံမူ ၁၀၄ ချက်ကို ရေးဆွဲထားပြီးဖြစ်သည်။ လမ်းပြမြေပုံပါ အမှတ်စဉ် (၃)အရ ထိုအခြေခံမူ ၁၀၄ ပေါ် မူတည်ပြီး အခြေခံဥပဒေ ရေးဆွဲသွားကြမည်ဖြစ်ပေသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က “ထိရောက်ပြီး ယုံကြည်ရသော လမ်းပြမြေပုံလုပ်ငန်းစဉ်ဖြစ်စေရန်နှင့် စနစ်ကျနစွာ၊ တည်ငြိမ်စွာဆက်သွားနိုင်စေရန် တခုတည်းသောနည်းလမ်းမှာ နိုင်ငံခေါင်းဆောင်များ၊ လူမျိုးစုကိုယ်စားလှယ်များနှင့် နိုင်ငံရေး

ပါတီများ ပါဝင်ရမည်’’ဟု ဆိုခဲ့သည်။ ကိုဖီအာနန်သည် အလျင်အမြန် အရပ်သားအုပ်ချုပ်ရေးသို့ ကူးပြောင်းရေးနှင့် ဒီမိုကရေစီ ပြန်လည်ထွန်းကားရေးအတွက် အလေးထားခြင်း ဖြစ်ပေသည်။

ယခုစာစောင်တွင် အထက်ကဆိုခဲ့သော အခြေခံမူ ၁၀၄ ချက်ကို မြန်မာနိုင်ငံရှေ့နေများကောင်စီမှ စီစစ်သုံးသပ်သွားမည်ဖြစ်သည်။ သုံးသပ်ရခြင်း၏ ရည်ရွယ်ရင်းမှာ စစ်အစိုးရအနေဖြင့် နောက်ထပ်အာဏာရှင်အစိုးရ ပေါ်ပေါက်ရေးကို အုတ်မြစ်ချနေသလော သို့တည်းမဟုတ် နိုင်ငံသားတဦးချင်းအခွင့်အရေးကို အကာအကွယ်ပေးသည့် လူမျိုးစု လူ့အသိုင်းအဝိုင်း၏ စုပေါင်းအခွင့်အရေးကို ထိန်းသိမ်းသည့် မြန်မာ့လူ့အဖွဲ့အစည်း ပေါ်ပေါက်ရေးကို အုတ်မြစ်ချနေသလောဆိုသည်ကို သိစေလိုခြင်းဖြစ်သည်။

## အပိုင်း (၁)
## အယူအဆ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟု အမည်ပေးထားသည့် (နအဖ) စစ်အစိုးရ၏ နိုင်ငံတော် အယူအဆကို လမ်းညွှန်ချက် (၆) ချက်ထဲတွင် ထည့်သွင်းထားသည်။ ထိုလမ်းညွှန်ချက် (၆) ချက်မှာ –

(၁) ပြည်ထောင်စု မပြိုကွဲရေး၊
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
(၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
(၄) စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊
(၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊
(၆) နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်ဟူ၍ ဖြစ်သည်။

အဓိက အယူအဆမှာ အမှတ်စဉ် (၆) ဖြစ်သည်။ ဤအမှတ်စဉ် (၆) ကို (ည) တပ်မတော်နှင့်စပ်လျဉ်းသည့် အခန်းအပိုဒ် (၃) နှင့် (၆) တို့နှင့် ဆက်စပ်၍ လေ့လာရန် လိုအပ်သည်။ ထိုအခန်းတွင် ‘‘တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိသည်’’ဟု ဆိုထားသည်။ ဤမူများသည် စစ်တပ်လွှမ်းမိုးမှုကို ထင်ဟပ်စေသည့် မူများဖြစ်သည်။ ထို့အပြင် ထိုမူများသည် အရပ်သားအုပ်ချုပ်ရေးလွှမ်းမိုးစေရမည်ဟူသော ဒီမိုကရေစီအုပ်ချုပ်ရေးအယူအဆနှင့် လုံးဝ ဆန့်ကျင်ဘက်ဖြစ်လျက်ရှိသည်။

နအဖ အခြေခံမူ၏ မူလအားနည်းချက်မှာ သဘောထားခံယူချက် မရှိခြင်းပင်ဖြစ်သည်။ အခြေခံဥပဒေတိုင်းတွင် ၎င်းတို့၏ ကိုယ်ပိုင်သဘောထား ခံယူချက်ရှိစမြဲဖြစ်

သည်။ ထိုသဘောထားခံယူချက်မှာ အခြေခံဥပဒေဘောင်အတွင်း၌ သက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ ဖန်တီးလိုသော ပုံဖော်မှုတန်ဖိုးကို ထင်ဟပ်စေသည်။ ထိုသဘောထားခံယူချက်သည် နိဒါန်းမှစတင်ပြီး အခြေခံဥပဒေတခုလုံးကို ထင်ဟပ်စေရမှာဖြစ်သည်။ လမ်းညွှန်ချက်အမှတ် (၅) သည် လွတ်လပ်ခြင်း၊ တရားမျှတခြင်းဟူသော လောကပါလတရားထွန်းကားစေရန်ဟု ဖော်ပြထား၍ ဤအယူအဆနှင့် နီးစပ်ပေသည်။ သို့သော် အမှတ်စဉ် (၆) က စစ်တပ်အား အခွင့်ထူးခံ လူတန်းစားအဖြစ် ဖန်တီးပေးထား၍ လူ့အဖွဲ့အစည်းအတွင်း လူမှုရေးသဟဇာတဖြစ်မှုကို ပျက်စီးစေပေသည်။ ထို့ကြောင့် အမှတ် (၅) နှင့်စပ်လျဉ်းသော အမှန်တရားသည် မည်သည့်အခါမျှ ဖြစ်ထွန်းနိုင်မည် မဟုတ်ပေ။

အမှတ်စဉ် (၁) မှ (၄) အထိသည် တန်းဖိုးမဲ့သောအချက်များဖြစ်ပြီး အာဏာရှင်အစိုးရ၏ ဆောင်ပုဒ်မျှသာ ဖြစ်သည်။ ဤမူများနှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ခွဲခြားစိတ်ဖြာသုံးသပ်ရပါမူ –

(၁) ပြည်ထောင်စု မပြိုကွဲရေး

နယ်မြေဒေသစုစည်းမှုသည် အခြေခံဥပဒေတိုင်း၏ ဝိသေသဖြစ်သည်။ မပြိုကွဲရေးဟူသောစာစုသည် အပြုသဘောမဆောင်ဘဲ သီးခြားဖြစ်မှုအနေအထားဟု သဘောသက်ရောက်စေသည်။ ထိုကဲ့သို့သော အခြေခံမူမျိုးသည် လူ့အဖွဲ့အစည်း၏ မရှိမဖြစ်လိုအပ်ချက်မဖြစ်နိုင်၊ မဖြစ်သင့်ပေ။ ဤမူမျိုးထည့်ထားပါက <u>ပြည်ထောင်စုပြန်ဖွဲ့ရေးအတွက်</u> ပြည်သူများ၏ ငြိမ်းချမ်းစွာကြိုးပမ်းမှုအား ဖိနှိပ်ဖြိုခွဲရန် အစိုးရတွင်အာဏာရှိစေမှာဖြစ်သည်။ မည်သည့်အခြေအနေအောက်တွင်မဆို ပြည်ထောင်စုကို ကာကွယ်ရမည်ဟု အကြောင်းပြလျက် ၎င်းတို့၏ ဆောင်ရွက်ချက်ကိုမျှတကြောင်း ပြသသွားမည်သာဖြစ်သည်။ အမှန်အားဖြင့် အခြေခံဥပဒေနှင့်အညီ ဆီလျော်သောကန့်သတ်ချက်များကို လိုက်နာလျက် လူမျိုးစုအဖွဲ့အစည်းများနှင့် လူမှုအဝန်းအဝိုင်းတခုလုံးက ညီမျှမှုကိုခံစားရရှိပါက ပြည်ထောင်စုပြိုကွဲလိမ့်မည် မဟုတ်ပေ။ လူ့အဖွဲ့အစည်းမှ လိုလားသည့် ကာကွယ်ရေးနှင့် မြှင့်တင်ရေးစံဆိုသည်မှာ လူမျိုးများအသီးသီးအကြား ညီမျှမှုနှင့် မျှတမှုကိုကျင့်သုံးခြင်း တန်ဖိုးဖြစ်သည်။

(၂) တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး –

တိုင်းရင်းသားစည်းလုံးညီညွတ်မှုဆိုသည်မှာ နိုင်ငံရေးအသုံးအနှုန်းဖြစ်သည်။ ထိုအသုံးအနှုန်းကို ကမ္ဘာ့လူ့အဖွဲ့အစည်းများက အလေးထားကြသည်။ သို့သော် အခြေခံဥပဒေတွင် ထည့်သွင်းအသုံးပြုခြင်းသည် မတိမကျ မရေမရာဖြစ်ပြီး၊ ဟာပေါက်ယိုပေါက်များရှိသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တချိန်လုံး <u>ထိန်းသိမ်းထားရန် ထာဝရစံအနေနှင့် မည်သည့် လူ့အဖွဲ့အစည်းကမျှ အာမမခံနိုင်</u>ပေ။ တိုင်းရင်းသား စည်းလုံး

ညီညွတ်ရေးဟူသည် နိုင်ငံသားတဦးချင်းမှ တသီးပုဂ္ဂလအခွင့်အရေး အနေနှင့်သာမက တိုင်းရင်းသား လူမျိုးစုများနှင့် လူမှုအဝိုင်းအဝန်းတခုလုံးမှ စုပေါင်းအခွင့်အရေးအနေနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကိုပါ အသုံးပြုနိုင်ရန် အခြေခံဥပဒေတွင် အာမခံဖန်တီးထားပေးမှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရရှိနိုင်ပေသည်။ အကယ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတည်းဟူသော ဝေါဟာရကို သုံးရုံမျှသာဆိုလျှင် အခြေခံဥပဒေအရ တင်းကြပ်သော ဗဟိုချုပ်ကိုင်မှုဘက်သို့ ဦးတည်သွားပေမည်။

## (၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အယူအဆများ ခေတ်မမီတော့ပေ။ လက်ရှိကာလ အနေအထားမှာ နိုင်ငံတကာလူ့အဖွဲ့အစည်းအနေဖြင့် ၎င်းတို့ အချုပ်အခြာအာဏာ၏ တစိတ်တဒေသကို စွန့်လွှတ်ရန် ဖိအားပေးလာကြပြီ ဖြစ်ပြီး၊ ဒေသတွင်း တည်ငြိမ်မှုနှင့်ငြိမ်းချမ်းရေးအား ခြိမ်းခြောက်လာပါက ငြိမ်းချမ်းစွာ ဖြေရှင်းရန် ကုလသမဂ္ဂ၏ ဝင်ရောက်စွက်ဖက်မှုကို လက်ခံလာကြပြီဖြစ်သည်။ ထပ်မံ၍ အပြည်ပြည်ဆိုင်ရာ တရားစီရင်ဆောင်ရွက်ရေး အယူအဆကို သဘောတရားအားဖြင့် နိုင်ငံများက တဖြည်းဖြည်း လက်ခံလာကြပြီဖြစ်သည်။ စစ်ရာဇဝတ်မှုကျူးလွန်လျှင်လည်း ကောင်း၊ အစုလိုက်အပြုံလိုက် သေစေလျှင်သော် လည်းကောင်း၊ လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုကို ကျူးလွန်လျှင်သော်လည်းကောင်း၊ သို့မဟုတ် ကျူးကျော်လျှင်သော်လည်း ကောင်း အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံးက လက်တွေ့အားဖြင့် အရေးယူဆောင် ရွက်လာပြီ ဖြစ်သည်။ အစိုးရတရပ်သည် ၎င်း၏ နိုင်ငံတည်းဟူသော နယ်နိမိတ်အတွင်း၌ ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်၍ ကင်းလွတ်ခွင့်ရှိသည်ဟူသော အကာအကွယ်မျိုး၊ အချုပ် အခြာအာဏာမျိုးသည် မတည်ရှိတော့ပေ။

အနှစ်သာရအားဖြင့် အခြေခံဥပဒေလေးစားလိုက်နာရေးဟူသော ခေတ်မီအယူ အဆသည် အစိုးရထံမှ ဆင်းသက်ခြင်းမဟုတ်ဘဲ ပြည်သူများထံမှ ဆင်းသက်ခြင်းဖြစ် သည့် အယူအဆဖြစ်သည်။ ဤအယူအဆကို ကမ္ဘာတဝှမ်း ဒီမိုကရေစီနိုင်ငံများ လက်ခံ ကျင့်သုံးသော အချုပ်အခြာအာဏာပိုင်မှုဟူ၍ ယေဘုယျအားဖြင့် နားလည် သဘော ပေါက်ကြသည်။ လူထုအချုပ်အခြာအာဏာပိုင်မှုကို ငြင်းပယ်လျက် စစ်တပ်အချုပ်အခြာ အာဏာပိုင်မှု သွပ်သွင်းခြင်းကို လုံးဝ လက်ခံနိုင်ဘွယ်မရှိပေ။

## (၄) ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး

ပါတီစုံစနစ်ကိုကျင့်သုံးမည်၊ နှစ်ပါတီစနစ် ကျင့်သုံးမည်ဆိုသည်ကို ပြည်သူများ က ကြိုက်ရာဆုံးဖြတ်မည်ဖြစ်သည်။ အဓိကအားဖြင့် လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာစုရုံးခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်စသည့် အခြေခံလွတ်လပ်မှုများ

ကို အခြေခံဥပဒေဖြင့် အကာအကွယ်ပေးရမည်သာဖြစ်သည်။ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့ခွင့်ကို ခွင့်ပြုထားသော်လည်း လွတ်လပ်စွာစုရုံးခွင့်ကို ပိတ်ပင်ထားပါက ပါတီစုံစနစ်မှာ အလုပ်ဖြစ်မည်မဟုတ်ပေ။ အခြေခံအားဖြင့် စစ်အစိုးရသည် အဆိုပါ အခြေခံလွတ်လပ်ခွင့်များကို (၁၀) စုနှစ် လေးခုကြာ ဖယ်ရှားထားခဲ့သည်။ အနာဂတ် အခြေခံဥပဒေတွင် အဆိုပါ လွတ်လပ်ခွင့်များကို အာမခံမထားလျှင် နိုင်ငံရေးပါတီထူထောင်ခွင့် ကြိုးပမ်းချက်မှာ အချည်းနှီးသာဖြစ်ပေမည်။ နိုင်ငံရေးပါတီများ ဖွဲ့ခွင့်ပြုပင်ပြုသော်ငြားလည်း၊ ၎င်းတို့၏ စုရုံးခွင့်ကို ကန့်သတ်ခံကြရပေမည်။ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ငြင်းပယ်လျှင်လည်း နိုင်ငံရေးပါတီများတည်ရှိခြင်း၊ စုရုံးခြင်းမှာ အဓိပ္ပါယ်ရှိမည်မဟုတ်ပေ။ ဤအခြေအနေမျိုးတွင် ပါတီစုံဒီမိုကရေစီဖြစ်ထွန်းရေးမှာ အိပ်မက်မျှသာ ဖြစ်ချေမည်။

(၅) တရားမျှတမှု၊ လွတ်လပ်မှု၊ ညီမျှမှုတည်းဟူသော လောကပါလတရားများ ထွန်းကားရေး၊

ဤအချက်များကား လူ့အဖွဲ့အစည်း၏ တန်ဖိုးများဖြစ်သည်။ သို့သော် လူမှုအဝန်းအဝိုင်းတွင် လူမှုရေးသဟဇာတဖြစ်မှုကို ထိန်းသိမ်းထားနိုင်ပါမှ အဆိုပါ တန်ဖိုးများကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ နိုင်ငံသားတိုင်း၏ တဦးချင်းအခွင့်အရေးနှင့် လူမျိုးစုတိုင်း၊ အဖွဲ့အစည်းတိုင်း၏ စုပေါင်းအခွင့်များကို ထောက်ခံခြင်း၊ ဥပဒေပြုရေး၊ စီမံအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတည်းဟူသော အာဏာပိုင်အဖွဲ့အစည်းများအကြား ထိန်းညှိစနစ် ဖန်တီးခြင်းနှင့် တရားဥပဒေစိုးမိုးရေးအခြေခံပေါ်တွင် လွတ်လပ်သော ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖန်တီးတည်ရှိစေခြင်းများရှိမှသာ လူမှုရေး သဟဇာတဖြစ်ထွန်းနိုင်သည်။ ဆက်လက်၍ အစိုးရကို ပြည်သူများက မဲပေးရွေးချယ်၍ ဖွဲ့စည်းရမည်။ သို့သော်လည်း နအဖ အခြေခံမူများသည် အခြေခံဥပဒေတွင် မရှိမဖြစ်လိုအပ်သော အထက်ပါကိစ္စရပ်များ မဖော်ပြဘဲ ဆိတ်ကွယ်ထားခြင်း ဝမ်းနည်းဘွယ်ဖြစ်ပေသည်။

(၆) အနာဂတ်နိုင်ငံတော်၏ နိုင်ငံရေးဦးဆောင်မှုအခန်းတွင် တပ်မတော်ကပါဝင်ရေး

နအဖ၏ အခြေခံဥပဒေရေးဆွဲရေး၌ အခြေခံရမည့်မူများတွင် နိုင်ငံတော် အာဏာကိုကျင့်သုံးမည့် အာဏာပိုင်အဖွဲ့များတွင် ရွေးကောက်တင်မြှောက်ထားခြင်း မရှိဘဲ ရွေးချယ်ထားသည့် စစ်တပ်အရာရှိ အများအပြားပါဝင်စေရန် မူချထားသည်။ စစ်အရာရှိများ၏ ပါဝင်မှု၊ လွှမ်းမိုးမှုနှင့် အရာရှိများ၏ အခန်းကဏ္ဍကို အခြေခံမူတွင် ထည့်သွင်းထားပေသည်။ ပြည်သူလူထုအနေဖြင့် ပြည်နယ်ဥပဒေပြုလွှတ်တော်နှင့် ပြည်ထောင်စုဥပဒေပြုလွှတ်တော်မှတဆင့် အချုပ်အခြာအာဏာကို ကျင့်သုံးကြရပေသည်။ စစ်အရာရှိများအတွက် လွှတ်တော်အမတ်နေရာ သီးသန့်ထားပေးခြင်းသည် အစိုးရကို ပြည်သူ

လူထု၏ဆန္ဒဖြင့် ရွေးချယ်ရမည်ဟူသော ဒီမိုကရေစီအခြေခံမူများနှင့် လုံးလုံးလျားလျား ဆန့်ကျင်နေပေသည်။

အခြေခံဥပဒေသည် လူ့အလွှာအသီးသီးကို ပြိုင်ဆိုင်မှုကဏ္ဍကို ပေးကြရသည်။ သို့သော် ဆန့်ကျင်ဘက်အားဖြင့် နအဖ၏အခြေခံမူသည် လူ့အဝန်းအဝိုင်း၏အထက်တွင် စစ်တပ်အတွက် နေရာဖန်တီးပေးထားသည်။ လူ့အဖွဲ့အစည်းတွင် အရေးပါသော ဆုံးဖြတ်ချက်ပေးရသူဖြစ်သည့် နိုင်ငံရေးပါတီများနှင့် လူထုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ပယ်ထားသည်။ အတိုက်အခံပါတီများရှိခြင်းသည် ပါလီမန်ဒီမိုကရေစီ၏ ဝိသေသ လက္ခဏာပင်ဖြစ်သည်။ ဤနအဖ၏ အခြေခံမူများသည် စစ်တပ်မှလွှမ်းမိုးမည့် အတု အယောင်သမတစနစ်ကို ဖန်တီးရန် ရည်ရွယ်ချက်ဖြင့် ချမှတ်ထားသော မူများဖြစ်ကြောင်း ခိုင်မာနေပေသည်။ အခြေခံဥပဒေဟူသည် ပြည်သူများ၏ ယုံကြည်မှုလေးစားမှုရှိရမည် သာဖြစ်သည်။ ဤအခြေခံစစ်ဆေးမှုအရ "အခြေခံမူ" သည် ယုံကြည်လေးစားဘွယ်ရာ မရှိပေ။

စစ်တပ်လွှမ်းမိုးသည့် လူ့အဖွဲ့အစည်းသည် လက်ခံနိုင်ဘွယ်ရာမရှိပေ။ ပြည်သူ လူထုက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခွင့်၊ ငြင်းခုံခွင့်ရှိသော လူ့အဖွဲ့အစည်းမျိုးကိုသာ လိုလားကြသည်။ ဆန္ဒရှိကြသည်။ လူ့အဖွဲ့အစည်းသည် လူ့အဖွဲ့အစည်းနှင့် သဟဇာတ ဖြစ်သော တဦးချင်းတာဝန်ယူရေးကို ကြိုးပမ်းသင့်သည်။ လူ့အဖွဲ့အစည်းသည် အတင်း အကြပ်ပြုခြင်းမရှိဘဲ တဦးချင်း၏ စည်းကမ်းနှင့် အခြေခံတန်ဖိုးများကို မြှင့်တင်စေသည့် လူ့အဖွဲ့အစည်းမျိုးဖြစ်ရပေမည်။ ယဉ်ကျေးသိမ်မွေ့သော စိတ်ထားမွေးမြူသည့် လူ့အဖွဲ့ အစည်းမျိုးဖြစ်ရပေမည်။ ယွှုဖေါ်ပြပါ လူ့အဖွဲ့အစည်းပုံစံကို ခရီးဦးကြိုပြုရေးအတွက် အခြေခံဥပဒေက အဓိကဖြစ်ပေသည်။ စစ်တပ်လွှမ်းမိုးသော အခြေခံဥပဒေသည် မွေးရာ ပါ လူသားတို့မြတ်နိုးတွယ်တာခဲ့ကြသော တန်ဖိုးများကို တိုက်စားပျက်စီး စေမည်သာဖြစ် သည်။ ထို့ကြောင့် မည်သည့်နိုင်ငံကမျှ ၎င်းတို့၏ စစ်တပ်ကို အစိုးရဖွဲ့ရန် သို့မဟုတ် အခြေခံဥပဒေရေးဆွဲရန် ခွင့်မပြုကြချေ။ တပါတီအာဏာရှင် အုပ်စိုးသော နိုင်ငံများ သို့မ ဟုတ် ကွန်မြူနစ်စနစ်နိုင်ငံများသည်ပင် စစ်တပ်ကို အရပ်သားအုပ်ချုပ်မှုအောက်တွင် ထားရှိသည်။ စစ်တပ်ကို အရပ်သား အုပ်ချုပ်မှုအထက်တွင် မထားရှိပေ။ အာဏာ နှင့်ပတ် သက်၍ သမိုင်းဆိုင်ရာ အမှန်တရပ်ရှိပေသည်။ ၎င်းမှာ မည်သည့် နိုင်ငံရေးစနစ် တိုင်းတွင် မဆို လူများသည် ထိုစနစ်၏ ဗဟိုချက်မတွင်ရှိသည် ဟူ၍ ဖြစ်သည်။

နိုင်ငံရေးတွင် စစ်တပ်၏ ဦးဆောင်မှုကဏ္ဍကို ဖန်တီးခြင်းသည် နိုင်ငံသားများ အကြား အတန်းအစား (၂) ရပ် ဖန်တီးခြင်းဖြစ်ပြီး၊ စစ်တပ်ကို ကယ်တင်ရှင်အဖြစ် ဖန်တီး ခြင်းလည်းဖြစ်သည်။ နိုင်ငံခြားကျူးကျော်မှုရှိလာသည့်အခါ စစ်တပ်က အဓိကအခန်းမှ ပါဝင်ရသည်။ သို့ပင်ငြားလည်း စစ်သည် ပြည်သူများပါဝင်သော စစ်ပွဲမဟုတ်က စစ်သား ချည်းဖြင့် မအောင်နိုင်ပေ။ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုအတွက် ပဋိပက္ခကင်းရေးသည် ပထမဆုံးနှင့် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည်။ ပဋိပက္ခသည် အချိန်နှင့်အားအင်ကို အလဟဿ ဖြစ်စေသည်။ ပျက်စီးပြုန်းတီးမှုဆီသို့ ဦးတည်စေသည်။ ပဋိပက္ခသည် အတု

တကွ ပူးပေါင်းနေထိုင်ရေးကို ပြိုကွဲစေသည့် သဘောသဘာဝကို ဖန်တီးသည်။ စစ်တပ်က နိုင်ငံရေးဦးဆောင်မှုပေးခြင်းသည် အခြေခံဥပဒေဆိုင်ရာအခြေခံမူများမှတဆင့် ငြိမ်းချမ်းသာယာသော နိုင်ငံတော်ပေါ်ပေါက်ရေးအတွက် မည်သည့်ကြိုးပမ်းချက်မဆို အထောက်အကူပြုမည်မဟုတ်ပေ။ ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းပြီး အုပ်စိုးခဲ့စဉ်ကတည်းက ပဋိပက္ခများ တိုးပွားခဲ့သည်။ ကွဲပြားမှုများ နက်ရှိုင်းလာသည်။ နိုင်ငံ့အခြေအနေမှာ ဒုက္ခဆင်းရဲခြင်းနှင့် ကြုံခဲ့ရသည်ကို သက်သေပြခဲ့ပြီးဖြစ်သည်။

အခြေခံဥပဒေသည် ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် နည်းနာရှာဖွေသည့် ကိရိယာဖြစ်သည်။ အခြေခံဥပဒေသည် လူ့အဖွဲ့အစည်းတွင် အတူတကွနေထိုင်ရေးအတွက်လိုအပ်သော ခေတ်မီစည်းမျဉ်းများကို ပုံဖေါ်သည်။ လူတဦးချင်းစီနှင့် အဖွဲ့အစည်း၏ ဆက်ဆံရေးသည် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော လိုအပ်သည့် စည်းမျဉ်းများဖြင့် ညှိနှိုင်းဆောင်ရွက် ကြရသည်။

မြန်မာ့သမိုင်းတွင် လွတ်လပ်ရေးတိုက်ပွဲဝင်သူအဖြစ် အသိအမှတ်ပြုခံရသူ ရဲဘော်သုံးကျိပ်ဝင်များသည်ပင်လျှင် ၁၉၄၇ ခုနှစ် အခြေခံဥပဒေရေးဆွဲရာတွင် အထူးနေရာတောင်းခံခြင်း မပြုခဲ့ကြပေ။ ဗိုလ်ချုပ်နေဝင်း ကိုယ်တိုင်ပင် စစ်တပ်အကြီးအကဲဖြစ်နေစဉ် မြန်မာ့ပထမဆုံးပါလီမန်၌ စစ်တပ်အတွက် သီးသန့်နေရာမတောင်းခဲ့ပေ။ ဝန်ကြီးချုပ် ဦးနု၏ပါတီ နှစ်ခြမ်းကွဲသည့်အချိန်၌ ၁၉၅၈ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်းအား အိမ်စောင့်အစိုးရဖွဲ့ရန် ဝန်ကြီးချုပ်က မေတ္တာရပ်ခံခဲ့သည်။ ဗိုလ်ချုပ်နေဝင်းက စစ်တပ်မှ ပုဂ္ဂိုလ်မဟုတ်သူများ၊ နိုင်ငံရေးပါတီဝင် မဟုတ်သူများဖြင့် အစိုးရဖွဲ့သည့်နည်းလမ်းကို ရွေးခဲ့သည်။ ဤနေရာတွင် ဆိုလိုရင်းမှာ စစ်တပ်ကနိုင်ငံရေးအခန်းကဏ္ဍကို ယူခြင်းသည် မြန်မာ့သမိုင်း အစဉ်အလာကောင်းနှင့် ဆန့်ကျင်နေသည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတကာလူ့အဖွဲ့အစည်း၏ ဒီမိုကရေစီအစဉ်အလာနှင့်လည်း ဆန့်ကျင်နေကြောင်း ဆိုလိုရင်းဖြစ်သည်။

## စည်းကမ်းရှိသော ဒီမိုကရေစီ၊ လူသားလုံခြုံရေးနှင့် တဦးချင်းလွတ်လပ်မှု

နအဖ၏ ဒီမိုကရေစီအယူအဆသည် စည်းကမ်းတည်းဟူသော အယူအဆကို လုံခြုံရေး၏အရေးပါမှုနှင့် ပေါင်းစပ်ထားသည်။ အခြေခံအားဖြင့် ဤနှစ်ခုမှာ ဆန့်ကျင်ဘက်ဖြစ်သည်။ လုံခြုံရေးဟူသည် လူသားတို့၏ လုံခြုံမှုကို ဆိုလိုသည်။ နိုင်ငံ့လုံခြုံရေးမဟုတ်ပေ။ အကယ်၍ ကျွန်ုပ်တို့တွင် လူ့လုံခြုံရေးရှိပါက ပြည်တွင်းလုံခြုံရေးအတွက် အန္တရာယ်မရှိပေ။ သို့ဆိုလျှင် မြန်မာပြည်အနေအထားနှင့် လုံခြုံရေးဆိုသည်မှာ အဘယ်နည်း။ လုံခြုံရေးသည် ဆင်းရဲနွမ်းပါးမှု လျော့ပါးရေးလား၊ သို့မဟုတ် အစိုးရလုံခြုံရေး တိုးမြှင့်ရေးလား။ လုံခြုံရေးဟူသည် လွတ်လပ်မှုနှင့် ပြည့်စုံတိုးပွားစေသည့်နည်းဖြင့် လူ့ဘဝကို အကာအကွယ်ပေးခြင်းဖြစ်သည်။ လုံခြုံရေးကို လူတို့၏စွမ်းအား၊ လူတို့၏မျှော်မှန်းချက်များဖြင့် တည်ဆောက်ကြရသည်။ ဆိုလိုရင်းမှာ လူသားများ၏ အသက်ရှင်ရပ်တည်ရေး၊ ဂုဏ်သိက္ခာစသည်တို့ကို ပေးစွမ်းသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘာဝ ပတ်ဝန်းကျင်

ဆိုင်ရာ၊ စစ်ရေးနှင့်ယဉ်ကျေးမှုစနစ်များကို ဖန်တီးခြင်းပင်ဖြစ်သည်။ လုံခြုံရေးသည် လူ့အခွင့်အရေးအား အလေးထားစေသည့် အုပ်ချုပ်ရေးကောင်းဖြစ်ရေးကို အားပေးသည်။ အကြမ်းဖက်ပဋိပက္ခသည် လူသားလုံခြုံမှု၏ အဓိက အဟန့်အတားဖြစ်သည်။ ထို့ကြောင့် မြန်မာပြည်အနေနှင့်မူ လုံခြုံရေးဟူသည်ကို ပြည်သူတို့အား လုပ်ပိုင်ခွင့်ပေးခြင်း၊ အကာအကွယ်ပေးခြင်းတို့နှင့် ဆက်စပ်သော ကိစ္စရပ်များကို အဓိကထားရမည်ဖြစ်သည်။ မြန်မာပြည်၌မူ လုပ်ပိုင်ခွင့်အာဏာပေးအပ်မှုနှင့် ပတ်သက်လျှင် ပြည်သူတို့အား လုပ်ပိုင်ခွင့်အာဏာ လုံးဝပေးအပ်ထားခြင်း မရှိပေ။ စစ်တပ်အုပ်ချုပ်မှုအောက် နှစ်ပေါင်း (၄၀) တိုင်တိုင် ပြည်သူတို့အား လုပ်ပိုင်ခွင့်အာဏာ ပေးအပ်ထားခြင်း မရှိပေ။

လုပ်ပိုင်ခွင့်အာဏာရှိစေခြင်းသည် အကြပ်အတည်းများကို ရန်းကန်ဖြေရှင်းတတ်သည့် သတ္တိတိုးပွားစေသည်ဟူသော အယူအဆ မြန်မာပြည်တွင် ပျောက်ကွယ်သွားပြီးဖြစ်သည်။ မြန်မာပြည်သူများသည် လူမှုအစီအမံများ စမ်းသပ်စစ်ဆေးရေး စွမ်းရည် ဆုံးရှုံးခဲ့ကြရသည်။ စုပေါင်းဆောင်ရွက်ရမည်ကို ကြောက်ရွံ့လာခဲ့ကြသည်။ ပြည်သူများကို လုပ်ပိုင်ခွင့်ရှိစေရန်မှာ အနာဂတ်အခြေခံဥပဒေတွင် အတိုက်အခံများအတွက် နေရာရှိရပေမည်။ ထိုနေရာများမှာ အစိုးရနှင့်အစွယ်အပွားများက ထိန်းချုပ်သောနေရာများ မဖြစ်စေရပါ။ အောက်ခြေလူထုခေါင်းဆောင်မှု၊ ဗဟုဝစ်စနစ်နှင့် လူထုဆွေးနွေးပွဲများကို အားပေးရမည်။ ဖြစ်ထွန်းစေရမည်။ ပြည်သူလူထု၏ ဤအခြေခံ လိုအပ်ချက်များ ဖွံ့ဖြိုးစေရေးကို စည်းကမ်းတည်းဟူသောအရာဖြင့် မဖိနှိပ်သင့်ပေ။ နအဖသည် နိုင်ငံလုံခြုံရေးနှင့် လူသားလုံခြုံရေးအယူအဆကို နားမလည်ပေ။ လူသားလုံခြုံရေးသည် ပါမောက္ခ အမာတယာဆင်း ပြောသကဲ့သို့ တဦးချင်းစီ၏ လွတ်လပ်မှုချဲ့ထွင်သည့်အရေးဖြစ်သည် ဆိုသည့်ကိစ္စကို စစ်အစိုးရမှ မည်သည့်အခါကမျှ စိတ်မကူးခဲ့ခြင်းမှာ ပိုဆိုးရွားသည်။ လုံခြုံရေးတည်းဟူသောလုပ်ငန်းစဉ်ကို အာဏာငမ်းငမ်းတက်နေသော စစ်အုပ်စုအား ချုပ်ကိုင်ခွင့်မပေးဘဲ ပြည်သူလူထုကသာ ပုံဖေါ်ကြရမည်သာဖြစ်သည်။

စစ်အုပ်စုသည် ပြည်သူလူထုကို မလှုပ်မရှားနိုင်စေရန် ချောင်ပိတ်ထားသည်။ ပြည်သူလူထုအား ရာသက်ပန်ကျွန်ပြုရေးလမ်းစဉ် ဖန်တီးထားသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အနာဂတ်အခြေခံဥပဒေသည် ပြည်သူလူထုကို နေရာပေးရန်၊ လူထု ပါဝင်ပတ်သက်မှုကို အဓိကထားရန်လိုသည်။ လမ်းညွှန်ချက်မှုများသည် နှစ်ပေါင်းများစွာဖြစ်ပေါ်စေမည့် မလုံခြုံမှုများ၏ အကြီးမားဆုံး တရားခံဖြစ်လိမ့်မည်။ စစ်တပ်သည် တိုင်းပြည်ကို နှစ်ပေါင်း (၅၀) ကျော် အုပ်စိုးလာသော်လည်း နိုင်ငံ့လုံခြုံရေး မရခဲ့သည်မှာ ကြေကွဲစရာကောင်းပေသည်။ ၎င်းတို့၏ နိုင်ငံ့လုံခြုံရေးအယူအဆသည် လူထုကို ဆင်းရဲမွဲတေစေခဲ့သည်။ ပျက်စီးစေခဲ့သည်။ ထိုအယူအဆသည် အခြေခံအခွင့်အရေးများနှင့် လူ့အခွင့်အရေးချိုးဖေါက်မှုကို အစဉ်တစိုက်ဖြစ်ပေါ်စေသည့် မတည်ငြိမ်သော အနေအထားကို ဖြစ်ပွားစေခဲ့သည်။

စစ်အုပ်စုသည် ၎င်းတို့၏စဉ်းစားချက်များကိုရိုက်ချိုးပြစ်ရန်နှင့် ကြွယ်ဝသော နိုင်ငံရှိ စစ်တပ်အရာရှိများ၏ နည်းနာများကိုအတုယူရန် အချိန်ရောက်ပြီဖြစ်ပေသည်။ စစ်အုပ်စု၏ စိတ်ကြီးဝင်နေမှုကို အကျဉ်းချုပ်အားဖြင့် “စစ်တပ်က ဦးဆောင်မှုနေရာတွင် ပါဝင်ရေး” ဟူသော အခြေခံမူ (၁၀၄) ချက်ဖြင့် ဖွင့်ဟဝန်ခံထားသည်။ ဒီမိုကရေစီသည်

စည်းကမ်းကို မတီထွင်ပေ။ ဒီမိုကရေစီသည် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပြည်သူများအားပါဝင်ခွင့်များ၊ လုပ်ပိုင်ခွင့်များပေးသော မှန်ကန်သောယန္တယားကို ဖန်တီးလျက် အပတ်တကုတ်ကြိုးပမ်းရသော စွမ်းအားဖြစ်သည်။ ဒီမိုကရေစီသည် လူသားများကို မယုံကြည်နိုင်လောက်အောင် ဖွံ့ဖြိုးတိုးတက်စေသောအရာ ဖြစ်သည်။ ဒီမိုကရေစီအစိုးရတွင် အခြားအစိုးရ၌မရှိသော သည်းခံစွမ်းအားရှိသည်။ ဒီမိုကရေစီတွင် ပါရမီထူးသော ဦးခေါင်းများစွာ၊ လက်များစွာရှိသည်။ ထို ဦးခေါင်းများ၊ လက်များသည် ခေါင်းတစ်လုံးတည်း၊ ပင်ကိုယ်စွမ်းရည်ရှိသော လူတစ်စု သို့မဟုတ် မည်သည့်လူတဖွဲ့ထက်မဆို သာလွန်သည်။

အခြေခံမူများတွင် သမတနိုင်ငံဟူ၍ ဖော်ပြထားသည်မှာ မှန်ကန်သည့် ဖော်ပြချက်မဟုတ်ပေ။ အဓိပ္ပါယ် အတိအကျမဟုတ်သော်လည်း သမတနိုင်ငံဟူသည့် ဝေါဟာရမှာ အခြေခံအားဖြင့် အစိုးရကို ပြည်သူများက တိုက်ရိုက်လျှို့ဝှက်မဲဖြင့် ရွေးချယ်ဖွဲ့စည်းသောစနစ်ဖြစ်သည်။

အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက " 'ပြည်သူ' နှင့် 'ဒီမိုကရေစီ' ဟူသော ဝေါဟာရကို လွတ်လွတ်လပ်လပ်သုံးကြတယ်။ ဒါပေမဲ့ အမြဲတမ်းတော့ ရိုးသားစွာ သုံးကြတာမဟုတ်ဘူး၊ ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်မဲ့ လူတွေလက်ထဲ အာဏာထည့်ပေးမယ်ဆိုပြီး ကြွေးကြော်သံအဖြစ် အာဏာရဖို့ ပြည်သူတွေကို လိမ်ညာတယ်။ ပြီးတော့ အုပ်ချုပ်သူလူတန်းစား အကျိုးအတွက် အသုံးချကြတယ်" ဟူ၍ သတိပေးခဲ့ဖူးသည်။

## အပိုင်း (၂)
## ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ

နအဖ၏အခြေခံမူတွင် အုပ်ချုပ်ရေး (သမတ)၊ ဥပဒေပြုရေး၊ တရားစီရင်ရေး တည်းဟူသော နိုင်ငံတော်၏ အဓိကအာဏာပိုင်အဖွဲ့အစည်း သုံးရပ်သည် ဒီမိုကရေစီ၏ အယူအဆနှင့်ကင်းလွတ်နေသည်။ နအဖ အခြေခံမူများသည် အာဏာပိုင်၊ အာဏာရှင် ဝါဒကို အရှက်မဲ့စွာ ဖုံးကွယ်ထားသောမူများဖြစ်သည်ကို အောက်တွင် အခိုင်အမာ စိစစ်သုံးသပ်ပြထားသည်။ အခြေခံဥပဒေဆိုင်ရာမူများလည်းဖြစ်သော အယူအဆတွင် အပြစ်အနာအဆာ အမြောက်အများရှိသည်။ ၎င်းမူများသည် တံလျှပ်ကိုရေထင်၊ ရွှေသမင် အလိုက်မှားမည့် မူများလည်း ဖြစ်ပေသည်။

အခြေခံမူအရ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် တည်ထောင်ထားသည်။ ပြည်ထောင်စုစနစ်ကို နားလည်သဘောပေါက်ရန်မှာ ကမ္ဘာ့လူ့အဖွဲ့အစည်းတွင် ရှိကြသော အခြေခံဥပဒေများကို တစေ့တစောင်း လေ့လာကြည့်ရန် လိုအပ်ပေသည်။ ယေဘုယျအားဖြင့် ပြည်ထောင်စုစနစ် **(Union System)** နှစ်မျိုးရှိသည်။ တပြည်ထောင်နှင့် ဖက်ဒရယ်ဟူ၍ ဖြစ်သည်။ တပြည်ထောင်စနစ်မှာ စီမံအုပ်ချုပ်မှုကို ဗဟိုတခုတည်းမှ

အုပ်ချုပ်သည်။ စီမံအုပ်ချုပ်မှုအာဏာသည် ဗဟိုမှဆင်းသက်ပြီး၊ လက်အောက်ခံ အာဏာပိုင်များ၏ လုပ်ဆောင်မှုကို မနှစ်မြို့သည့်အခါ ဗဟိုမှ ရုပ်သိမ်းနိုင်ပေသည်။ အင်္ဂလန်၊ ပြင်သစ်၊ အီတလီနှင့် အင်ဒိုနီးရှားနိုင်ငံများသည် တပြည်ထောင်စနစ် အခြေခံဥပဒေ ပြဋ္ဌာန်းထားသည့် နိုင်ငံများဖြစ်သည်။ ဖက်ဒရယ်အခြေခံဥပဒေသည် နိုင်ငံတော်အာဏာကို ဗဟိုနှင့်အဖွဲ့ဝင်ယူနစ်များအကြား အသေအချာ ခွဲဝေထားပေးသည်။ အဖွဲ့ဝင်ပြည်နယ်များသည် ၎င်းတို့၏ ဒေသအကျိုးအတွက်ကျင့်သုံးရန် သီးသန့်အာဏာများကို ပိုင်ဆိုင်ထားကြသည်။ တဖန် ပြည်ထောင်စုအဆင့်အတွက်လည်း ဖက်ဒရယ် ပြည်ထောင်စုဘောင်အတွင်း၌ သီးသန့်အာဏာပေးထားသည်။ ဥပဒေပြုချက်များ၊ စီမံအုပ်ချုပ်ရေးဆောင်ရွက်ချက်များကို ကြီးကြပ်ရန် လွတ်လပ်သော တရားစီရင်ရေးကိုလည်း ထူထောင်ထားကြသည်။ ပြည်သူလူထုအနေဖြင့် ထူးခြားသော အခြေအနေအရ အကောင်းဆုံးဖြစ်မည့် စနစ်တခုကို ရွေးချယ်ကြရပေသည်။ မြန်မာနိုင်ငံအတွက် သင့်တော်မည့်အခြေခံဥပဒေကိုရွေးရာတွင် မြန်မာနိုင်ငံသည် လူမျိုးစုများ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်သည်ကိုလည်းကောင်း၊ အခြေခံပြဿနာရပ်များကို ထည့်သွင်းစဉ်းစားလျက်လည်းကောင်း ရွေးချယ်ရပေမည်။

၁၉၄၇ ခု အခြေခံဥပဒေအရ နိုင်ငံတော်ကို ပြည်ထောင်စု (Union System) အဖြစ် ပုံပေါ်ထားသော်လည်း ပြည်ထောင်စု မကျတကျ (Semi-federal) ပုံစံ ဖွဲ့စည်းထားသည်။ သို့သော်ငြားလည်း တစုံတရာအတိုင်းအတာအထိ အကာအကွယ်ပေးထားသော ပုဂ္ဂလိကအခွင့်အရေးများနှင့် လူမျိုးစုများ တန်းတူအခွင့်အရေးများကို ထိရောက်စွာ အာမခံနိုင်ခဲ့ခြင်း မရှိပေ။ ဦးနေဝင်း ရေးဆွဲခဲ့သော ၁၉၇၄ ခုနှစ် အခြေခံဥပဒေတွင် အဖွဲ့ဝင်ပြည်နယ်များအဖြစ် ပြည်နယ် (၇) ခုနှင့် တိုင်း (၇) ခုကို ဖန်တီးခဲ့သည်။ အဆိုပါအခြေခံဥပဒေအရ တပါတီစနစ်အောက်တွင် တင်းကြပ်သော ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးထားသည်။ တိုင်းရင်းသားလူမျိုးစုများကလည်း တန်းတူမှုလုံးဝ ငြင်းပယ်ခံခဲ့ရသည်ဟု ခံစားကြရသည်။ နအဖ၏ အခြေခံမူသည်လည်း အလားတူ ပြည်နယ် (၇) ခု တိုင်း (၇) ခုကို ဆက်လက် ကျင့်သုံးထားပြန်သည်။

(ပုံစံဇယား)




မှတ်ချက်။
(၁) ပြည်နယ်နှင့်တိုင်းဒေသအသီးသီးတို့သည် အဆင့်အတန်းအားဖြင့် တူညီ ကြသည်။
(၂) ပြည်နယ်နှင့်တိုင်းဒေသအသီးသီးတို့သည် ဘယ်သောအခါမျှ ပြည်ထောင်စုမှ ခွဲထွက်ခွင့်မရှိ။

နအဖ၏ အခြေခံမူများသည် ပြည်ထောင်စုစနစ် **(Union System)** ကို ထုထောင်ကြောင်း ဖေါ်ပြထားသည်။ သို့သော် ရှင်းလင်းစွာ အဓိပ္ပါယ်ဖေါ်ပြထားခြင်း မရှိပေ။ တပြည်ထောင်စနစ်သော်လည်းကောင်း၊ ပြည်ထောင်စု မကျတကျသော်လည်း ကောင်း သို့မဟုတ် ဖက်ဒရယ်ပြည်ထောင်စုသော်လည်းကောင်း ဖြစ်နိုင်သည်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေသည် အနည်းနှင့်အများ ဖက်ဒရယ်ပြည်ထောင်စု မကျတကျနိုင်ငံဖြစ် သည်။ သို့သော် အခြေခံဥပဒေဆိုင်ရာမူများတွင် အနာဂတ်အတွက် ပုံဖေါ်ထားသော နအဖ၏ အခြေခံမူကဲ့သို့ သမတအစိုးရစနစ် မဟုတ်ပေ။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ချို့ယွင်းချက်များရှိသော်လည်း ပါလီမန်အစိုးရစနစ်ကို အခြေခံထား၍ တိုင်းပြည်သည် အကျိုးကျေးဇူးတစုံတရာ ခံစားရပေသည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေသည် **(Union System)** အောက်တွင် တပြည်ထောင်စနစ်ပုံစံဖြစ်သည်။ ထို့အပြင် တင်းကြပ်သော ဗဟို ချုပ်ကိုင်မှုစနစ်ကို ကျင့်သုံးထားသည်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို လုံးဝရုပ်သိမ်းထားသည်။

စစ်အစိုးရ (နအဖ) သည် ပိုဆိုးသည့် ပြည်ထောင်စု **(Union System)** ကို ပြန်လည်သွတ်သွင်းထားသည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေတွင်မပါသော ပြည်ထောင်စု နယ်မြေကိုပင် ထည့်သွင်းထားသည်။ နအဖ လိမ်ညာထားသော အခြေခံမူတွင်ပါသည့် **(Union System)** ပြည်ထောင်စုသည် ဒီမိုကရေစီမကျသော ဗဟိုချုပ်ကိုင်သည့်စနစ်ကို အလွယ်တကူပြောင်းလဲနိုင်သော ပိုဆိုးသည့်စနစ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစုံတရာပေးထားခြင်းမရှိသောကြောင့်ဖြစ်သည်။ အမြင်အားဖြင့် နအဖ၏ အခြေခံမူတွင် ပြည်နယ် (၇) ခုနှင့် တိုင်း (၇) ခုတို့ အဆင့်အတန်းအားဖြင့် တူညီကြသည်။ တိုင်း (၇) ခုတွင် လူမျိုးအားဖြင့် ဗမာအများစုဖြစ်သည်။ တနည်းအားဖြင့် အမျိုးသားလွှတ်တော်တွင် လူဦးရေအရေအတွက်အနေဖြင့် ရေတွက်ပါက အဆင့်အတန်း တူညီမှုဆိုသည်မှာ ရှိတော့မည်မဟုတ်ပေ။

နအဖ၏ အခြေခံဥပဒေတွင် တိုင်း၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ပြည်ထောင်စုနယ်မြေများသည် ပြည်ထောင်စုမှ ခွဲထွက်ခွင့်မရှိကြောင်း ဖေါ်ပြထားသည်။ ခွဲထွက်ခွင့်၊ မခွဲထွက်ခွင့်ဆိုသည်မှာ ယခင် ဆိုဗီယက်ပြည်ထောင်စု အခြေခံဥပဒေနှင့် ၁၉၄၇ ခုနှစ် အခြေခံဥပဒေမှလွဲ၍ ကမ္ဘာ့ မည်သည့် အခြေခံဥပဒေတွင်မျှ ဖေါ်ပြထားလေ့မရှိသော အပြုသဘောမဆောင်သော ဖေါ်ပြချက်ဖြစ်သည်။ လက်တွေ့ကျသောအမြင်ဖြင့် ဖက်ဒ ရယ်စနစ်ပုံစံနှင့်ညီသော ဥပဒေအုတ်မြစ်ကို ချနိုင်ပါက ခွဲထွက်ခွင့်ပြဿနာများ ပေါ်စရာ မရှိနိုင်ပေ။ နအဖ၏ အခြေခံမူများသည် နိုင်ငံ့အာဏာပိုင်နက်အတွင်း အခွင့်အာဏာ သီးသန့် ထိထိရောက်ရောက် ဖေါ်ပြထားခြင်း မရှိပေ။ လုပ်ငန်းစဉ်နှင့် ထုံးစံမျှသာ ဖေါ်ပြ ထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပုံပန်းသဏ္ဍာန်များပေးထားသော်လည်း ဌာနဖွဲ့စည်းမှု ဆိုင်ရာ အစီအမံများ ဖေါ်ပြမထားပေ။ ပြည်နယ်များကို ဘေးဖယ်ထားပြီး ပြည်နယ်များ ကို ဗဟိုအထောက်အကူပြုဌာနများ ဖြစ်လာစေရန် အတင်းအကြပ် ပြုထားသည်။

၁၉၇၄ ခုနှစ် အခြေခံဥပဒေသည် တိုင်း (၇) ခုနှင့် ပြည်နယ် (၇) ခုကို ဖွဲ့စည်းထား သည်။ သို့သော်လည်း ဤဖွဲ့စည်းမှုက တိုင်းရင်းသားများအတွက် အဓိကပြဿနာရပ်

များ၏ အဖြေမဟုတ်ပေ။ ဤကဲ့သို့ ဖွဲ့စည်းပေးမှုသည် ပြဿနာ၏အဖြေ မဟုတ်သည်ကို ကောင်းစွာသိလျက် သင်ခန်းစာမယူခဲ့ပေ။ ဤမအောင်မြင်သော လမ်းကြောင်းကို စွန့်လွှတ်ပစ်သင့်သည်။ ကမ္ဘာ့အခြေခံဥပဒေများ၏ နိုင်းယှဉ်လေ့လာချက်အရ ကွဲပြားမှုနှင့် တူညီမှုများကို ကြည့်ခြင်းဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်း၏ ခိုင်မာတိကျသော အခြေအနေများကို ကြည့်ခြင်းဖြင့်လည်းကောင်း ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်းသည် ကျွန်ုပ်တို့နိုင်ငံအား ငြိမ်းချမ်းမှု၊ သဟဇာတဖြစ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေမည့် တခုတည်းသော အဖြေဖြစ်ကြောင်း ကောက်ချက်ဆွဲနိုင်ပေသည်။

## အပိုင်း (၃)
## ဥပဒေပြုအဖွဲ့

ဥပဒေပြုအဖွဲ့တွင် ရွေးချယ်တင်မြှောက်ခြင်းမဟုတ်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ခြင်းသည် ဒီမိုကရေစီအခြေခံမှုနှင့် ဆန့်ကျင်သည်။

နအဖ၏အခြေခံမူတွင် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံး ဥပဒေပြုအဖွဲ့ဖြစ်ကြောင်း ဖေါ်ပြထားသည်။ ပြည်ထောင်စု ဥပဒေပြုလွှတ်တော် နှစ်ရပ်စလုံးတွင် ရွေးချယ်တင်မြှောက်ခံမဟုတ်သော တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ ပါဝင်နေခြင်းသည် အဓိကစိန်ခေါ်ချက်ဖြစ်သည်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ဆိုသည်ကို ကမ္ဘာ့ မည်သည့် ဒီမိုကရေစီတွင်မှ မကြားဖူးချေ။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များပါဝင်မှုကို အောက်ပါအခြေခံမူများတွင် ရှင်းလင်းစွာ တွေ့မြင်နိုင်သည်။

### ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုလွှတ်တော်တွင် အောက်ပါ လွှတ်တော် (၂) ရပ် ပါဝင်သည်။

(က) ပြည်သူ့လွှတ်တော်တွင် လူဦးရေပေါ်အခြေခံ၍ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များနှင့်၊ ကာကွယ်ရေးဦးစီးချုပ်က ကိုယ်စားလှယ်အဖြစ် အမည် စာရင်းတင်သွင်းသော တပ်မတော်သားအရာရှိများပါဝင်သည်။

(ခ) အမျိုးသားလွှတ်တော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ရွေးချယ်သော အညီအမျှပါဝင်သည့် ကိုယ်စားလှယ်များ၊ ကာကွယ်ရေးဦးစီးချုပ်က ကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းသော တပ်မတော်သားအရာရှိများ ပါဝင်သည်။

ပြည်သူ့လွှတ်တော်၏အရွယ်အစား

ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ်အများဆုံး ၄၄၀ ဦးကို အောက်ပါအတိုင်း အဖွဲ့ဝင်အဖြစ် ပါဝင်စေရမည်။

(က) လူဦးရေပေါ်တွင် အခြေခံ၍ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်ဦးရေ (၃၃၀) ဦး ထက်မများနှင့်၊

(ခ) ဥပဒေအရ ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းသော ဦးရေ (၁၁၀) ဦး ထက်မပိုသည့် တပ်မတော်သားကိုယ်စားလှယ်များ။

အမျိုးသားလွှတ်တော်အရွယ်အစား

အမျိုးသားလွှတ်တော်ကို အဖွဲ့ဝင်အများဆုံး (၂၂၄) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

(က) ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်တခုစီ တိုင်းဒေသကြီးတခုစီမှ ကိုယ်စားလှယ် (၁၂) ဦးစီဖြင့် စုစုပေါင်း (၁၆၈) ဦး၊ ထိုကိုယ်စားလှယ်တွင် တိုင်းဒေသကြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ကိုယ်စားလှယ်တဦးစီ ပါဝင်ရမည်။

(ခ) ဥပဒေအရ ပြည်ထောင်စုနယ်မြေ အပါအဝင် ပြည်နယ်နှင့်တိုင်း ဒေသကြီးတခုလျှင် (၄) ဦးကျစီ၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းသော တပ်မတော်သားကိုယ်စားလှယ် စုစုပေါင်း (၅၆) ဦးပါဝင်ရမည်။

ပြည်သူ့အုပ်ချုပ်ရေးတွင် တပ်မတော်ဦးဆောင်မှုအခန်းရယူရေး အကြောင်းပြချက်–

ပြည်သူ့အုပ်ချုပ်ရေးတွင် ဦးဆောင်မှုအခန်းရယူရေးအတွက် တပ်မတော်မှ အကြောင်းပြချက်နှင့်စပ်လျဉ်း၍ အင်ဒိုနီးရှား အတွေ့အကြုံကို ကြည့်သင့်သည်။ အနေအထားများမှာ မြန်မာနှင့် အင်ဒိုနီးရှား တနည်းမဟုတ်တနည်း ဆင်တူနေသည့်အတွက် အင်ဒိုနီးရှားမှ မှတ်သားဖွယ် သခ်ာင်းစာများရရှိနိုင်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အင်ဒိုနီးရှား စစ်တပ်မှပါဝင်ခဲ့သည်ကို အကြောင်းပြလျှက် နိုင်ငံရေးကိစ္စရပ်များတွင် အဓိကအခန်းကဏ္ဍ တွင်ပါဝင်ရေးကို အင်ဒိုနီးရှားစစ်တပ်မှ တောင်းဆိုခဲ့သည်။ **(Dmijunzsi)** လုပ်ငန်းနှစ်သွယ် အယူအဆက အင်ဒိုနီးရှားစစ်တပ်သည် နိုင်ငံအားကာကွယ်ရန် ကျွမ်းကျင်သော စစ်တပ်မဟုတ်ကြောင်း သို့သော် အမျိုးသားရေး ဘဝရှုထောင့်စုံအသီးသီးတွင် ၎င်းတို့၏ပါဝင်မှုထင်ရှား၍ လူမှုနိုင်ငံရေးတပ်ဖြစ်ကြောင်း ဆိုထားသည်။ အင်ဒိုနီးရှားသမတနိုင်ငံကို လွတ်လပ်ရေးတိုက်ပွဲဝင် ပျောက်ကျားတပ်ဖွဲ့များ၏ လက်နက်နိုင်ငံအဖြစ် ၁၉၄၅ ခုနှစ် သြဂုတ်လ (၁၇) ရက်နေ့တွင် အသိအမှတ်ပြုခဲ့ကြသည်။ အင်ဒိုနီးရှား ကာ

ကွယ်ရေး တပ်မတော် (Tentara National Indonesia TNI) သည် အင်ဒိုနီးရှား သမတနိုင်ငံကို ဦးဆောင်မွေးဖွားပေးခဲ့သည့် အဆိုပါ ပျောက်ကျားတပ်ဖွဲ့များမှ သန္ဓေတည်ခဲ့သည်။ နိုင်ငံရေးသမားများမှ ပုံဖော်ခဲ့သောစစ်တပ် မဟုတ်ပေ။

မြန်မာပြည်တွင်မူ အထက်ပါပုံစံနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ မြန်မာပြည်၏ လွတ်လပ်ရေးလှုပ်ရှားမှုတွင် အရပ်သား နိုင်ငံရေးသမားများနှင့် နိုင်ငံရေးပါတီက အဓိက အခန်းမှ ပါဝင်ခဲ့ကြသည်။ ဒို့ဗမာအစည်းအရုံးတည်းဟူသော နိုင်ငံရေးပါတီ၏ ဦးဆောင်မှုအောက်မှ အရပ်သားနိုင်ငံရေးခေါင်းဆောင် သခင်အောင်ဆန်းက ဗမာလွတ်လပ်ရေး တပ်မတော်ကို ဖွဲ့စည်းခဲ့သည်။ ယျွ မြန်မာ့တပ်မတော်ဟု ထင်ရှားလျက်ရှိသည်။ အရပ်သားနိုင်ငံရေးခေါင်းဆောင်များက စစ်တပ်ကို ထူထောင်ခဲ့ခြင်းဖြစ်သည်။ သမိုင်းဆိုင်ရာ အမြင်အရ မြန်မာတပ်မတော်သည် အင်ဒိုနီးရှားစစ်တပ်က တောင်းဆိုခဲ့သကဲ့သို့ ဥပဒေပြုရေး အပါအဝင် ပြည်သူ့စီမံခန့်ခွဲမှုလုပ်ငန်းတွင် ဦးဆောင်မှုအခန်းကဏ္ဍကို တောင်းဆိုခြင်းငှာ မဆီလျော်ပေ။ အင်ဒိုနီးရှား စစ်တပ်အကြောင်းပြချက်သည်ပင်လျှင် ဒီမိုကရေစီအုပ်ချုပ်ရေး အယူအဆဖြစ်သော အရပ်သားလွှမ်းမိုးအုပ်ချုပ်မှုနှင့် ဆန့်ကျင်နေကြောင်း အငြင်းပွားခဲ့ကြသည်။ ထိုအယူအဆကို အင်ဒိုနီးရှား ဝါရင့်စစ်ခေါင်းဆောင်များ လက်ခံလာကြပြီဖြစ်သည်။

နှစ်ပေါင်း (၅၀) ကြာ အင်ဒိုနီးရှားစစ်အုပ်ချုပ်ရေးနှင့် နှစ်ပေါင်း (၄၀) ကြာ မြန်မာစစ်အုပ်ချုပ်ရေးများအောက်တွင် နှစ်နိုင်ငံစလုံးပျက်စီးခဲ့ကြရသည်။ ပြဿနာရပ်များတခုပြီးတခု ကြုံတွေ့ခဲ့ကြရသည်။ အကျိုးဆက်အဖြစ် အင်ဒိုနီးရှားတွင် ၁၉၉၈ ခုနှစ်၌ အရပ်သားအုပ်ချုပ်ရေးကို ပြောင်းလဲသွားစေမည့် ကျောင်းသားများ ဦးဆောင်သည့် အုံကြွမှု ဖြစ်ပွားခဲ့သည်။ မြန်မာနိုင်ငံအဖို့မူ လွတ်လပ်ရေးရပြီးစကာလနှင့် စစ်အာဏာမသိမ်းမီကာလက ချမ်းသာကြွယ်ဝသောနိုင်ငံ ဖြစ်ခဲ့သော်လည်း စစ်အုပ်ချုပ်မှုအောက်တွင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအဖြစ် ကျရောက်သွားခဲ့ရသည်။ ထပ်မံ၍ စစ်အုပ်ချုပ်ရေးသည် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုအပါအဝင် လူ့အခွင့်အရေး အကြီးအကျယ်ချိုးဖောက်မှုကို နှစ်နိုင်ငံစလုံးတွင် ဖြစ်ပွားစေခဲ့သည်။

အရှေ့တောင်အာရှတဝှမ်းလုံးတွင် နိုင်ငံရေးနယ်ပယ်မှ စစ်အုပ်စုများ ဆုတ်ခွာပေးရသော လမ်းကြောင်းဆီသို့ ရောက်ရှိခဲ့ ရသည်။ အင်ဒိုနီးရှားတွင်လည်း ထိုနည်းပင်။ အင်ဒိုနီးရှား စစ်အရာရှိများသည် အရပ်သားလွှမ်းမိုးအုပ်ချုပ်ရေး အယူအဆကို စတင်လက်ခံလာခဲ့ကြ ပြီဖြစ်သည်။ ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲပြီးလျှင် ဥပဒေပြုလွှတ်တော်မှ စစ်သားကိုယ်စားလှယ်များ ဖယ်ရှားပေးရန် သဘောတူခဲ့ပြီးဖြစ်သည်။ သို့သော် လက်ရှိကာလ၌ မြန်မာစစ်အစိုးရကမူ ဥပဒေပြုလွှတ်တော် နှစ်ရပ်စလုံးတွင် ကိုယ်စားလှယ် အရေအတွက်၏ လေးပုံတစ်ပုံကို ရွေးကောက်တင်မြှောက်ထားခြင်းမရှိသော စစ်တပ်ကိုယ်စားလှယ်များ ထည့်သွင်းစေရန် ကြိုးပမ်းလျက်ရှိသည်။ ဤလုပ်ဆောင်မှုသည် လူ့အခွင့်အရေးကျေညာစာတမ်းတွင်ပါဝင်သော ဒီမိုကရေစီအခြေခံမူနှင့် ဆန့်ကျင်လျက်ရှိသည်။ ထို့အပြင် ဤဆောင်ရွက်မှုသည် ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များဖြင့်

သာ တိုင်းပြည်ကို အုပ်ချုပ်ရမည်ဟူသော တရားဥပဒေစိုးမိုးရေး အခြေခံဖြစ်သည့် စစ်မှန်သော တရားဝင်မှုကို ငြင်းပယ်သည်လည်းဖြစ်သည်။

## တိုင်းဒေသကြီး ဥပဒေပြုလွှတ်တော်နှင့် ပြည်နယ်ဥပဒေပြုလွှတ်တော်များ ဖွဲ့စည်းမှု

တစ်မြို့နယ်တွင် နှစ်ဦးကျကိုယ်စားလှယ်ရွေးချယ်တင်မြှောက်ခြင်းသည် လူဦးရေအပေါ် အခြေခံရွေးချယ်တင်မြှောက်ခြင်း ဖြစ်သည်။ ဤသို့ ရွေးချယ်လျှင် ဗမာများအပါအဝင် လူများစု တိုင်းရင်းသားလူမျိုးများနှင့် ဖွဲ့စည်းထားသော မြို့နယ်တိုင်းမှ ကိုယ်စားလှယ်များ သေချာပေါက် တိုင်းနှင့်ပြည်နယ် ဥပဒေပြုလွှတ်တော်တွင် အရွေးချယ်ခံကြရမည်ဖြစ်သည်။ ကိုယ်စားလှယ်ဦးရေ၏ သုံးပုံတစ်ပုံနှင့်ညီမျှသော အရည်အတွက်ကို စစ်တပ်ကိုယ်စားလှယ်များအတွက် ပေးရခြင်းသည် ကိုယ့်ကိုယ်စားလှယ် ကိုယ်ရွေးချယ်ရေးဟူသော ရွေးချယ်ခွင့် အခွင့်အရေးကို ငြင်းပယ်ရာရောက်သည်။

## ရွေးချယ်ခံခွင့်

နအဖ၏ အခြေခံမူတွင် တဦးတယောက်သည် ပြစ်မှုတစုံတရာကြောင့် ထောင်ဒဏ်ကျခံနေရလျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခွင့်မရှိကြောင်း ပြဋ္ဌာန်းထားသည်။ ဤမူအရဆိုလျှင် ထောင်ကျခံနေရသော နိုင်ငံရေးအကျဉ်းသားများသည် ၎င်းတို့၏ အခြေခံအခွင့်အရေးဖြစ်သော မဲပေးခွင့်နှင့်ရွေးချယ်ခံခွင့် ရုပ်သိမ်းခြင်း ခံလိုက်ကြရပေသည်။

## ဥပဒေပြုအာဏာခွဲဝေခြင်း

နအဖ၏ အခြေခံမူတွင် ဥပဒေပြုအာဏာများကို ခွဲဝေထားပေးကြောင်းဖော်ပြထားသည်။ သို့သော် မည်သို့ခွဲဝေထားကြောင်း ဖော်ပြထားခြင်းမရှိပေ။ မြန်မာ့လူ့အဖွဲ့အစည်းသည် လူမျိုးစုံလူ့အဖွဲ့အစည်းအဖြစ် တည်ရှိနေသောကြောင့် ဗဟိုနှင့်ပြည်နယ်များအကြား ဥပဒေပြုရေးအာဏာ၊ ဘဏ္ဍာရေးအာဏာ၊ စီမံခန့်ခွဲမှုဆက်ဆံရေးများ၊ ခွဲဝေခြင်းသည် အလွန်အရေးကြီးပေသည်။ အခြေခံဥပဒေရေးဆွဲရေးနှင့် လက်တွေ့ကျင့်သုံးရေးတွင် အာဏာခွဲဝေကျင့်သုံးခြင်းသည် အခြေခံလက္ခဏာတရပ်လည်းဖြစ်သည်။ နအဖ၏ အာဏာခွဲဝေကျင့်သုံးရေး အခြေခံမူသည် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအကြား ဥပဒေပြုအာဏာခွဲဝေရေးကို ဖော်ပြမထားပေ။ အခြေခံဥပဒေဆိုင်ရာပုံပန်းသည် တနည်းတဖုံ ဖြစ်ကောင်းဖြစ်မည်။ သို့သော် လက်တွေ့ကျင့်သုံးမှုများ တခြားဖြစ်နိုင်သည်။ ထို့ကြောင့် အသွင်သဏ္ဌာန်လက္ခဏာအားဖြင့်သာမက နိုင်ငံရေးဖြစ်စဉ် သဘောသဘာဝအားဖြင့်ပင် အာဏာနှင့် အရင်းအမြစ်များ ခွဲဝေကျင့်သုံးမှုကို

ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ရေး အရေးကြီးပေသည်။ ပြည်ထောင်စုနှင့် ပြည်နယ်များ၏ သီးသန့်အာဏာ၊ ထပ်တူပြုအာဏာနှင့် ကြွင်းကျန်သောအာဏာများ၌ စာရင်းပြု ဖေါ်ပြထားမှုမရှိခြင်းသည် ဗဟိုချုပ်ကိုင်မှုကို တမင်ကြိုးပမ်းခြင်းဖြစ်သည်။ အခြေခံ ဥပဒေအရ အာဏာခွဲဝေခြင်းကိုမဆိုထားဘိ တိတိကျကျ တာဝန်ပေးအပ်ရမည့် အာဏာ များကိုပင် ပြဋ္ဌာန်းထားခြင်းမရှိပေ။ လူမှုရေး၊ ပညာရေး၊ ကျမ္မာရေး၊ လူမှုသက်သာချောင်ချိ ရေး၊ အလုပ်သမားဌာန၊ လုံခြုံရေး၊ ဥပဒေထိန်းသိမ်းရေး၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး၊ စိုက်ပျိုး ရေး၊ သဘာဝအရင်းအမြစ်များစသည်တို့မှာ ဖေါ်ပြရမည့် ကိစ္စရပ်များဖြစ်သည်။ စီမံခန့်ခွဲ မှု၊ တာဝန်ဝတ္တရားများခွဲဝေရေးသည် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးမှုများနှင့်အညီ အခြေခံ ဥပဒေအရ လုပ်ပိုင်ခွင့် ရှိရပေမည်။ သို့သော် နအဖ၏ အခြေခံမှုများသည် ဥပဒေပြုလွှတ် တော်တခုစီ၏ လုပ်ငန်းဆောင်တာအတွက်သော်လည်းကောင်း၊ သဘာဝအားဖြင့်သော် လည်းကောင်း မရေမရာသောမှုများ ဖြစ်သည်။ ထိုမှုများသည် ဥပဒေပြုရေးလုပ်ငန်း စဉ် အဆင့်ဆင့်၏ အရေးပါသော ပြဿနာရပ်များအတွက်လည်း ဖေါ်ပြထားခြင်း မရှိပေ။

## ရွေးကောက်ပွဲမှုများမပါရှိခြင်း

ဥပဒေပြုလွှတ်တော်နှစ်ရပ်စလုံးတွင် တပ်မတော်သားကိုယ်စားလှယ် ၁/၄ ကို ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်မည်။ ကျန်ရှိသော ကိုယ်စားလှယ်နေရာများအတွက် ရွေးကောက်ပွဲစနစ်ကို ပြဋ္ဌာန်းထားခြင်းမရှိပေ။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစ ကတည်း က တန်းတူမှုပြဿနာကို စိန်ခေါ်ခံရလျှက်ရှိသည်။ ပြဿနာမှာ အခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားလူမျိုးများအကြား တန်းတူမှုအခွင့်အရေးကို မည်သို့ အာမခံမည်ဟူသော ပြဿနာဖြစ်သည်။ ပြည်နယ်များတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ ဥပဒေပြုရေး၊ စီမံခန့်ခွဲရေး၊ တရားစီရင်ရေးစသည်အားဖြင့် ဖွဲ့စည်းကျင့်သုံးသွားရမည် ဖြစ်သည်။ နအဖ အခြေခံမှုတွင် ရွေးချယ်တင်မြှောက်ပုံစနစ်ကို မဖေါ်ပြထား၍ မဲအများစုစနစ် **(First past the postor majority system)** ကို ကျင့်သုံးမည်မှာ မလွဲပေ။ ထိုစနစ်သည် လူမျိုးစုံ လူ့ အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းတည်ရှိနေသော မြန်မာနိုင်ငံအဖို့ မသင့်လျှော်ပေ။ ဤစနစ် အရဆိုလျှင် ဗမာတိုင်းရင်းသားများသည် ဗမာမဟုတ်သူများထက် လူဦးရေပိုများသည် ဖြစ်၍ လွှတ်တော် (၂) ရပ်စလုံး၏ ကျန်လေးပုံသုံးပုံ ကိုယ်စားလှယ်နေရာကို ဗမာအများစု ကသာ ရရှိကြမည်ဖြစ်သည်။ သို့ဖြစ်လျှင် ဗမာအပါအဝင် တိုင်းရင်းသား တန်းတူရေးဟူ သော အခြေခံပြဿနာရပ်များ ဆက်လက် တည်ရှိနေမည်သာဖြစ်သည်။ တန်းတူမှု ပြဿနာကို ဖြေရှင်းရန်အလို့ငှာ အချိုးကျကိုယ်စားပြု မဲပေးစနစ်ကို ကျင့်သုံးသော အခြေခံ ဥပဒေမျိုး လိုအပ်သည်။

ပြည်နယ်နှင့်တိုင်းများတွင် ဥပဒေပြုလွှတ်တော်များ၊ စီမံအုပ်ချုပ်ရေးဌာနများ၊ တရားစီရင်ရေးများ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ အခြေခံဥပဒေသည် ပြည်ထောင်စုတခုလုံး အတွက် အရိုးခံကိုသာ ရေးဆွဲရမည်။ ဒေသတွင်း ပြည်သူများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို

အသိအမှတ်ပြုပါက သက်ဆိုင်ရာပြည်ထောင်စု၊ ဆက်ဆိုင်ရာပြည်နယ်အတွက် အသေးစိတ်စည်းကမ်းချက်များ သတ်မှတ်ပေးရန် မလိုအပ်ပေ။ ဥပမာ – အဖွဲ့ဝင် ပြည်နယ်များအနေဖြင့် ပြည်နယ်ဥပဒေပြုလွှတ်တော်တရပ်ထားမည် သို့မဟုတ် နှစ်ရပ်ထားမည်ကို သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းက ဆုံးဖြတ်ကြပေမည်။ ၎င်းတို့၏ စီမံအုပ်ချုပ်ရေး ယူနစ်များကို မည်သို့ဖန်တီးမည်၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်ကို မည်သို့ ရွေးချယ်ကြမည်ဆိုသည်တို့ကို ၎င်းတို့ဘာသာ ဆုံးဖြတ်ကြပေမည်။

## အပိုင်း (၄)
## နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအကြီးအကဲ

နအဖ၏ အခြေခံမူများအရ သမတနေရာအတွက် ကိုယ်စားလှယ်လောင်းသည် စစ်ရေးအမြင်မရှိသူ၊ တနည်းအားဖြင့် စစ်အရာရှိ မဟုတ်သူများသည် သမ္မတဖြစ်ရန် အရည်အချင်းပြည့်မီမည်မဟုတ်ပေ။ သမတလောင်းသည် နိုင်ငံအတွင်းအနည်းဆုံးနှစ် (၂၀) တဆက်တည်း နေထိုင်ရမည်ဟူသော လိုအပ်ချက်သည် ဒေါ်အောင်ဆန်းစုကြည်အား ထိုရာထူးမှ ဟန့်တားရန်ဖြစ်သည်။

### အမျိုးသားညီလာခံမှ ပုံဖေါ်သော သမတစနစ်အပေါ် ဝေဖန်ချက်

အခြေခံဥပဒေဆိုင်ရာမူများသည် အကြပ်အတည်းကိုဖန်တီးရန် ဘောင်ခတ်ခြင်းဖြစ်သည်။ အခြေခံဥပဒေ အလုပ်မဖြစ်စေရန် ဖန်တီးခြင်းဖြစ်သည်။ အဆိုပါ အခြေအနေမျိုးမှသာ စစ်တပ်က အာဏာကို အကန့်အသတ်မရှိ ကိုင်စွဲထားနိုင်သည်။ အမျိုးသားညီလာခံမှ ရေးဆွဲထားသောအခြေခံမူသည် သမတစနစ်အစိုးရကို ထူထောင်မည်ဖြစ်ကြောင်း ပြဋ္ဌာန်းသည်။ ထိုနည်းတူစွာ သမတကို သမတရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်မည်ဖြစ်သည်။ သမတရွေးချယ်ရေးအဖွဲ့ကို အစုသုံးစုဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားသည်။

(၁) တိုင်းဒေသနှင့် ပြည်နယ်များမှ လူဦးရေအညီအမျှဖြင့် ဖွဲ့စည်းသော ဥပဒေပြုလွှတ်တော်မှ ကိုယ်စားလှယ်များအစု၊
(၂) လူဦးရေပေါ်အခြေခံ၍ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်မှ ကိုယ်စားလှယ် များအစုနှင့်၊
(၃) အထက်ဖေါ်ပြပါ လွှတ်တော် (၂) ရပ်အတွက် ကာကွယ်ရေး ဦးစီးချုပ်မှ လွှတ်တော် ကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များအစုတို့ ဖြစ်သည်။

အစုတစုစီမှ ဒုတိယ သမတလောင်း တဦးစီကို လွှတ်တော်ကိုယ်စားလှယ်များ အထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများမှဖြစ်စေ အမည်စာရင်း တင်သွင်းရမည်။ ထို့နောက် သမ္မတ ရွေးချယ်ရေးအဖွဲ့သည် ဒုတိယ သမတ သုံးဦးထဲမှ တစ်ဦးကို သမတအဖြစ် ရွေးချယ်မည်။ သို့ဖြစ်၍ ဒုတိယသမတလောင်း သုံးဦးအနက်မှ တစ်ဦးသည် သမတ ဖြစ်လာမည်။ ကျန်နှစ်ဦးမှာ ဒုတိယသမတများဖြစ်မည်။ ဤအတိုင်းဆိုပါက စစ်အရာရှိ ကိုယ်စားလှယ်သည် သေချာပေါက် သမတ သို့မဟုတ် အနည်းဆုံး ဒုတိယ သမတဖြစ် လာမည်။

သမတရွေးချယ်တင်မြှောက်ရေးအဖွဲ့သုံးစုအနက် စစ်သားကိုယ်စားလှယ်အစုသည် အခိုင်အမာဖြစ်သည်။ တဖန် အခြားအစုနှစ်စုတွင် စစ်တပ်၏မဟာမိတ်များ သို့မဟုတ် စစ်မှုထမ်းဟောင်း သို့မဟုတ် လက်ရှိအမှုထမ်းနေဆဲ ပုဂ္ဂိုလ်အား သမတအဖြစ် ရွေးချယ်ပေမည်။

သမတအစိုးရစနစ်များတွင် သမတသည် အစိုးရအဖွဲ့အကြီးအကဲလည်းဖြစ်၊ အမြင့်ဆုံး အုပ်ချုပ်ရေးအာဏာအသုံးပြုသူလည်းဖြစ်၍ သမတကို ရွေးချယ်ရေးတွင် ဒီမိုကရေစီအကျဆုံးဖြစ်စေရန် ဖန်တီးထားသည်။ အရွယ်ရောက်သူတိုင်း တိုက်ရိုက်မဲပေးခွင့်စနစ်ကို သာမန်အားဖြင့် ကျင့်သုံးသည်။ ဖိလိပိုင်နိုင်ငံ၏ သမတရွေးချယ်ရေးသည် အကောင်းဆုံး နမူနာ ဖြစ်သည်။ သမတ အစိုးရစနစ်အောင်မြင်စွာ ကျင့်သုံးနေသော အမေရိကန်ပြည်ထောင်စုတွင် သမတရွေးချယ်ရေးအဖွဲ့ကို လူထုက တိုက်ရိုက်ရွေးချယ်သည်။ ပြည်နယ်တခုစီမှ သမတရွေးချယ်ရေးအဖွဲ့သည် ပြည်သူပေးသော မဲပေါ်အခြေခံ၍ သမတလောင်းကို မဲပေးရွေးချယ်သည်။ အမေရိကန်သမတ ရွေးချယ်ရေးစနစ်သည် နည်းနာအားဖြင့် သမတအား သွယ်ဝိုက်ရွေးချယ်သော်လည်း အနှစ်သာရအားဖြင့် ပြည်သူလူထုမှ တိုက်ရိုက်ရွေးချယ်ခြင်းဖြစ်သည်။

အမျိုးသားညီလာခံမှ ချမှတ်ခဲ့သော အခြေခံမူများအရ သွယ်ဝိုက်မဲပေးစနစ် ကျင့်သုံးခြင်းကြောင့် ပြည်သူများက ၎င်းတို့နှစ်သက်သော သမတလောင်းကို မဲပေးခွင့် ဆုံးရှုံးကြရမည်။ သမတရွေးချယ်ခွင့်မှာ စစ်သားကိုယ်စားလှယ် သုံးပုံတစ်ပုံပါသော သမတရွေးချယ်ရေးအဖွဲ့ လက်တွင်း၌သာရှိသည်။

အဆိုပြုတင်ပြထားသော ဒီမိုကရေစီသဘောမဆန်သည့် သမတစနစ်ကို ကုစားဖို့ရာ သမတ ရွေးချယ်တင်မြှောက်ရာ၌ တိုက်ရိုက်မဲပေးစနစ် ကျင့်သုံးရမည်ဖြစ်သည်။ မြန်မာနိုင်ငံအဖို့မူ တိုက်ရိုက်မဲပေးစနစ် ကျင့်သုံးလင့်ကစား နောက်ပြဿနာတခုကို ဖြစ်ပေါ်စေမည်။ ထိုပြဿနာမှာ ဗမာလူမျိုးသည် စုစုပေါင်းလူဦးရေ၏ ၅၀ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် မတူကွဲ ပြားသော လူမျိုးစုများအကြား တန်းတူမှုမရှိနိုင်သည့် ပြဿနာဖြစ်သည်။ မည်သည့်စနစ်သည် လူမျိုးစုများ၏ ညီညွတ်ရေးနှင့် တန်းတူရေးများကို အန္တရာယ် အနည်းဆုံးဖြစ်စေသည်ဆိုသည်ကို အမြဲထည့်သွင်းစဉ်းစားရပေမည်။ သမတ ရွေးချယ်ရာတွင် တိုက်ရိုက်မဲပေးစနစ်ကိုကျင့်သုံးပါက ဗမာလူမျိုးများ၏မဲကသာ အဆုံးအဖြတ်ပေးသွားနိုင်သည်။ တနိုင်ငံလုံးအတိုင်းအတာနှင့် တိုက်ရိုက်ရွေးချယ် တင်မြှောက်ပွဲစနစ်ကိုကျင့်သုံးပါက လူနည်းစုများ၏ အသံနှင့် အခွင့်အရေးများ အမြဲတမ်း လစ်လျူရှုခံရ

မည့် အလားအလာများရှိသည်။

ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများအတွက် သမတဖြစ်ရန် အခွင့်အလမ်းနည်းပါးပေမည်။ ဗမာမဟုတ်သော တိုင်းရင်းသားတယောက်အဖို့ ဝါရင့် စစ်အရာရှိဟောင်းဖြစ်မှ သို့တည်းမဟုတ် တာဝန်ထမ်းဆောင်ဆဲစစ်အရာရှိ ဖြစ်မှသာလျှင် သမတဖြစ်လာနိုင်ပေမည်။

အဆိုပြုထားသော သမတအစိုးရစနစ်သည် ဒီမိုကရေစီမကျရုံမျှမက လူမျိုးစုတန်းတူရေး နှင့်ညီညွတ်ရေးအတွက်ပါ အန္တရာယ်ဖြစ်စေနိုင်သည်။ မြန်မာနိုင်ငံအဖို့ ၁၉၄၈ မှ ၁၉၆၂ ခုနှစ်အထိ ဒီမိုကရေစီအစိုးရ အုပ်ချုပ်ရေးကာလအတွင်း အတွေ့အကြုံများရှိခဲ့ပြီးဖြစ်သည်။ ထို့အပြင် နိုင်ငံ၏လူမျိုးစုကွဲပြားမှုကြောင့် ပါလီမန်အစိုးရစနစ်သည် လူမျိုးစုတန်းတူရေးနှင့်ညီညွတ်ရေးအတွက် အန္တရာယ်အနည်းဆုံးဖြစ်ကြောင်း အကြံပြုကြသည်။ လူမျိုးစုငယ်များနှင့် ၎င်းတို့၏ပါတီများ ပါလီမန်တွင်မျှတစွာ ကိုယ်စားပြုနိုင်ရေးအတွက် ပါလီမန်ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြု ရွေးချယ်တင်မြှောက်သည့်စနစ် **(Proportional Representation)** ကို အလေးပေးစဉ်းစားလာကြသည်။ ဝန်ကြီးချုပ် အပါအဝင် အုပ်ချုပ်ရေးအဖွဲ့ကို ပါလီမန်မှရွေးပေးလျှင် လူမျိုးစုများ အစိုးရအဖွဲ့ဝင်ဖြစ်ရန် အခွင့်အလမ်းပိုရှိကြသည်။ ထိုအခွင့်အလမ်းမျိုး သမတအစိုးရစနစ်တွင် မရနိုင်ပေ။ ဆက်လက်၍ အရပ်သားဖြစ်ပင်ဖြစ်သော်ငြားလည်း အစိုးရအဖွဲ့အကြီးအကဲအဖြစ် ဝန်ကြီးချုပ်ဖြစ်နိုင်ပေသည်။ အစိုးရအဖွဲ့ဝင်လည်း ဖြစ်နိုင်ပေသည်။ ဤသို့ဖြစ်ရန် နအဖ အမျိုးသားညီလာခံမှ ချမှတ်ပေးထားသော သမတအစိုးရစနစ်နှင့်ဆန့်ကျင်ဘက် ပါလီမန်အစိုးရစနစ်ကို ကျင့်သုံးမှသာ ဖြစ်လာနိုင်ပေသည်။

## သမတစနစ်နှင့်ပါလီမန်

မြန်မာစစ်အစိုးရသည် လမ်းပြမြေပုံဟုသိကြသော ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို တာဝန်ယူလုပ်ဆောင်လာခြင်းသည် ကောင်းပါ၏။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ စစ်အစိုးရဘက်မှ ၎င်းတို့၏ နိုင်ငံရေးစနစ်ကို နှစ်ပေါင်း (၅၀) ခန့်လုပ်ဆောင်လာရာ မအောင်မမြင်ဖြစ်ခဲ့ရပြီး အပြောင်းအလဲလိုအပ်သည်ဟု ဝန်ခံသည်ဖြစ်သောကြောင့် ပေတည်း။ စစ်အစိုးရက ပြည်သူကိုလိမ်ညာရန် ကြိုးပမ်းသည်ဖြစ်စေ၊ စည်းကမ်းရှိသော ဒီမိုကရေစီဟုခေါ်သည်ဖြစ်စေ၊ ဤသည်မှာ အကြောင်းမဟုတ်ပေ။ အရေးကြီးသည့် အချက်မှာ စစ်အစိုးရသည် စစ်ယူနီဖေါင်းအစား နောက်ဆုံးတွင် ဒီမိုကရေစီ ဝတ်ရုံကို ဝတ်လာရခြင်းသည် အရေးကြီးသော အချက်ဖြစ်သည်။ ဤသည်မှာ စစ်တပ်တွင် အာဏာအလုံးစုံမရှိကြောင်း၊ ဒီမိုကရေစီမလွှမ်းမိုးနိုင်ခြင်းမဟုတ်ကြောင်းကို ဝန်ခံလိုက်ရခြင်းဖြစ်သည်။

ဒီမိုကရေစီကို နည်းလမ်းအမျိုးမျိုးဖြင့် စီစဉ်နိုင်သည်။ အဓိကရွေးချယ်ရမည့် ပုံစံနှစ်မျိုးမှာ ပါလီမန်အစိုးရစနစ်နှင့် သမတ အစိုးရစနစ်နှစ်မျိုးအနက်မှ တမျိုးမျိုးဖြစ်သည်။ နှစ်သက်ရာ တစ်မျိုးကိုရွေးချယ်ရန် ငြင်းခုံနေခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သည်။ ယ္ခု

အခါ လက်လျှော့မတတ်ဖြစ်နေပြီဖြစ်သည်။ သို့သော် စစ်အစိုးရသည် သမတစနစ် မကျ တကျ အတုအယောင်လမ်းကြောင်းအောက်တွင် လိမ္မာပါးနပ်စွာ အမြတ်ထုတ်လျှက် အလယ်အလတ် ဒီမိုကရေစီပုံစံဟု ထင်ယောင်ထင်မှားဖြစ်စေရန် အခြေခံမူများတွင် မြှုပ်နှံထားသည်။ သို့သော် ခေတ်ပြိုင်ပေါ်ပေါက်နေသော ဒီမိုကရေစီအရေးကိစ္စများ၊ သမိုင်းဆိုင်ရာ ဒီမိုကရေစီအရေးကိစ္စများသည် ပါလီမန်စနစ်နှင့် အံဝင်ဂွင်ကျဖြစ်သလော သို့မဟုတ် သမတစနစ်နှင့် အံဝင်ဂွင်ကျ ဖြစ်သလောဆိုသည်ကို မျက်ကာတတ်ထားသော စစ်အစိုးရမှ မမြင်ပေ။ အခြေခံဥပဒေဆိုင်ရာမူတွင် ပြဋ္ဌာန်းထားသော ဤပုံစံသစ်သည် ဗိုလ်ချုပ်သန်းရွှေအတွက် စီမံထားပေးခြင်းဖြစ်သည်။ ဤသည်မှာ အခြေခံဥပဒေဆိုင်ရာ သမိုင်းတွင် သရုပ်အပျက်ဆုံးအခြေခံမူဖြစ်သည်။ ဤသည်မှာ ယေဘုယျလက္ခဏာများ ပေါ်ပြုရန်ခက်ခဲ၍ အမျိုးမျိုးကွဲပြားနေသော အခြေခံဥပဒေဆိုင်ရာမူများကို ပေါင်းစပ်ရန် ကြိုးပမ်းခြင်းဖြစ်သည်။

## အနာအဆာပါသော ပေါ်ပြုချက်

ခွဲခြားစိတ်ဖြာမှုအတွက် သမတစနစ်အခြေခံဥပဒေကို လက်ခံထားသော တတိယကမ္ဘာ့ (၃၃) နိုင်ငံမှ စတင်ရမည် ဖြစ်သည်။ ဤစနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံများ အားလုံးနီးပါးမျှ တနည်းမဟုတ်တနည်း စစ်တပ်အရာရှိများ၏ အာဏာသိမ်းခြင်း အန္တရာယ်ကို ခံကြရသည်။ အခြေခံဥပဒေများ ဖျက်သိမ်းခြင်းခံရသည်။ ရွေးကောက်တင်မြှောက်ထားသောအစိုးရ ဖယ်ရှားခံကြရသည်။ စစ်ဥပဒေပြဋ္ဌာန်းကြသည်။ အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်ကြသည်။ ဥပမာ – ကိုးရီးယား၊ တောင်ဗီယက်နမ်၊ လိုင်ဘေးရီးယားနှင့် လက်တင်အမေရိက နိုင်ငံများဖြစ်ကြသည်။ တခါတရံရွေးချယ် တင်မြှောက်ခံထားရသော သမတများက ဖိလိပိုင်သမတ မာကိုစ် လုပ်သကဲ့သို့ ကွန်ကရက်ကို ဖျက်သိမ်းပြီး မာရှယ်လောဖြင့် အုပ်ချုပ်သည်။ နိုင်ဂျီးရီးယားနိုင်ငံကဲ့သို့ ပြည်သူ့တော်လှန်ရေးဖြင့် သမတအစိုးရကို ဖယ်ရှားသည်။ ဤသည်ကား ခြွင်းချက်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုမှလွဲ၍ သမတစနစ်ပုံစံကိုကျင့်သုံးကြသော မည်သည့်နိုင်ငံမဆို အဆိုပါအတွေ့အကြုံ အနည်းဆုံး တခုကို တွေ့ကြုံကြရသည်။ နိုင်ငံအများစုတွင် အကြိမ်များစွာ အာဏာသိမ်းမှု ကြုံကြရသည်။

ဆန့်ကျင်ဘက်အားဖြင့် ဗြိတိသျှနှင့် ပြင်သစ်ပုံစံ ပါလီမန်စနစ် အခြေခံဥပဒေကို ကျင့်သုံးသော တတိယကမ္ဘာ့နိုင်ငံ သုံးပုံနှစ်ပုံနီးပါးမျှသည် ၎င်းတို့၏ အုပ်ချုပ်ရေးကို ထိန်းထားနိုင်ခဲ့ကြသည်။ အာဏာသိမ်းနှောက်ယှက်မှုကို ရှောင်လွှဲခဲ့ကြသည်။ အဆိုပါနိုင်ငံများသည် ကောင်းမွန်စွာ အုပ်ချုပ်ကြသည်ဟူ၍တော့ မဆိုလိုပေ။ သို့သော် တနည်းနည်းနှင့် စစ်တပ်လွှမ်းမိုးမှုကို ရှောင်လွှဲနိုင်ခဲ့ကြသည်။ အဆိုပါနိုင်ငံများ၏ သုံးပုံတစ်ပုံသော နိုင်ငံများမှာ စစ်တပ်စွက်ဖက်မှုကို ခံကြရသည့် အဓိပ္ပါယ်ဖြစ်သည်။ အခြားအကြောင်းအရာများလည်း အရေးကြီးကောင်း ကြီးနိုင်သည်။ သို့သော် အဘယ်ကြောင့် အချို့သော

ပါလီမန်အစိုးရ များက ဆက်လက်ရှင်သန်ပြီး အချို့ပြိုပျက်ခဲ့ရသည်ဆိုသည်မှာ ယဉ်ကျေးမှု ဆိုင်ရာ ထူးခြားကွဲပြားမှုကြောင့်ဟု ဆိုရမည်ဖြစ်သည်။ ပိုမိုတိကျသော အချက်တချက်မှာ နိုင်ငံသစ်အများအပြားတွင် ဗျူရိုကရေစီ၊ စစ်တပ်နှင့်အစိုးရ ဝန်ထမ်းယန္တ ရားများ၏ အာဏာ အတော်အတန်ကြီးမားပြီး ဆန့်ကျင်ဘက်အားဖြင့် အခြားသောအဖွဲ့အစည်း များဖြစ်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့၊ လူထုအဖွဲ့အစည်းနှင့် နိုင်ငံရေးပါတီများ အားနည်းခြင်းဖြစ်သည်။

ဒီမိုကရေစီ အခြေခံဥပဒေကို လက်ခံထားကြသည့် တတိယကမ္ဘာ့ ခုနှစ်ဆယ့် သုံး နိုင်ငံတွင် လက်ဖျားခါရလောက်အောင် ကွဲပြားခြားနားမှုများရှိသည်။ သမတစနစ် အစိုးရပုံစံအနက် စစ်တပ်နှောင့်ယှက်မှုမရှိဘဲ ရှင်သန်သည့်နိုင်ငံမရှိပေ။ ပါလီမန်အစိုးရ စနစ်နှင့် အုပ်ချုပ်သောနိုင်ငံများ၏ သုံးပုံနှစ်ပုံတွင် စစ်တပ်၏အလွှန်အမင်း နှောင့်ယှက်မှုမရှိ ဘဲ ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ ဤခွဲခြားစိတ်ဖြာမှုမှာ ၁၉၄၅ မှ ၁၉၈၅ ကာလ များအထိ ဖြစ်သည်။

အုပ်ချုပ်ရေး

နအဖ၏ အခြေခံဥပဒေဆိုင်ရာ အခြေခံမှုများတွင် သမ္မတသည် နိုင်ငံတော် အကြီးအကဲ ဖြစ်ကြောင်း အုပ်ချုပ်ရေးအာဏာကို အဖွဲ့သုံးဖွဲ့သို့ ခွဲဝေထားကြောင်း ဖော်ပြ ထားသည်။ ခွဲဝေမှုကဘာလဲ၊ အာဏာခွဲဝေရေးလား၊ ကိုယ်စားလှယ်အာဏာလွှဲခြင်းလား ဆိုသည်ကို ရှင်းပြမထားပေ။ တနည်းအားဖြင့် အခြားအဖွဲ့များသည် သမတ၏ ကိုယ်စား လှယ်အဖြစ် အလုပ်လုပ်ရသလားဆိုသည်ကို မရှင်းပေ။ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနှင့် ပတ်သက်၍ အခြေခံဥပဒေဖြင့် ပြဌာန်းမည်ဟုဆိုထားသည်။ သို့သော် အသေးစိတ်ကို ဖော်ပြမထားပေ။ ကိုယ်ပိုင်အုပ်ချုပ်ရေး၏ အခြေခံမှုကို ဖော်ပြထားခြင်းလည်း မရှိပေ။ အပိုဒ် (၇) က ပြည်ထောင်စုအစိုးရဖွဲ့စည်းရေးကို ညွှန်းဆိုထားသည်။ ပြည်ထောင်စု အစိုးရတွင် သမတ၊ ဒုသမ္မတ နှစ်ဦး၊ ရှေ့နေချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများပါဝင်သည်ဟု ဆိုထားသည်။ ပြည်ထောင်စုလွှတ်တော်၏ တရားဝင်အတည်ပြုချက် ရယူရမည်ဟု ပါရှိ သော်လည်း ပြည်ထောင်စုသမတသည် ပြည်ထောင်စုဝန်ကြီးများ အရေအတွက်ကို သတ် မှတ်မည်ဖြစ်သည်။ ရွေးချယ်ခံထားရသော အခြားကိုယ်စားလှယ်များ၏ ဝန်ကြီးဖြစ်ခွင့်ကို ငြင်းပယ်လျက် သမတက ဝန်ကြီးသုံးဦးဖြင့် အလုပ်ဆက်လုပ်သွားကောင်း ဆက်လုပ် နိုင်သည်။ ပြည်ထောင်စုလွှတ်တော်မှ သဘောတူညီချက်မရလျှင် မည်သို့ဆက်ဖြစ်မည်ကို ဖော်မပြထားပေ။ ဤမရှင်းလင်းမှုသည် အခြေခံဥပဒေအတိုင်း ဆောင်ရွက်ရာတွင် လက်တွေ့ မကျမှုကို ဖြစ်စေမည်ဖြစ်သည်။ (၈) (၁) တွင် ပြည်ထောင်စုဝန်ကြီးဖြစ်ရန် အသက် (၄၀) ပြည့်ရမည်ဟု ကန့်သတ်ထားသည်။ ဤသည်မှာ လူငယ်များ ဝန်ကြီးဖြစ်မှု ကို ဟန့်တားထားခြင်းဖြစ်သည်။ (၂) (က) (၂)တွင် ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီး၊ လုံခြုံရေးနှင့်ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ဒေသဝန်ကြီးများသည် စစ်တပ်မှပုဂ္ဂိုလ်များ ဖြစ်ရ

မည်ဟု ဖေါ်ပြထားသည်။ ပြည်ထောင်စုဝန်ကြီးများ၏ အမည်စာရင်းကို သဘောတူညီမှု ယူရန် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်ဟု ဖေါ်ပြထားသည်။ လက်တွေ့အားဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းလာသော အမည်စာရင်းကို လွှတ်တော်က ငြင်းပယ်ခွင့် မရှိပေ။ အဘယ်ကြောင့်ဆိုသော် ဝန်ကြီးဖြစ်ရန် အရည်အချင်းမပြည့်မှီကြောင်း သက်သေမပြနိုင်သမျှ ငြင်းပယ်ခွင့်မရှိဟု ဖေါ်ပြထား၍ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်၏ ငြင်းပယ်မှုကို သမတက အဆုံးအဖြတ်ပေးမည် ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးအားလုံးသည် သမတကို တာဝန်ခံကြရမည်ဖြစ်သည်။

သို့သော်လည်း ပြဿနာမှာ သမတစနစ်ကို ဗိုက်ခွဲမွေးခြင်းသည် သာမန်ဒီမိုကရေစီ လွတ်လွတ်လပ်လပ် ဖွံ့ဖြိုးမှုကို နှောင့်နှေးစေသည်။ နည်းလမ်းမကျစွာ အာဏာရရေး အာရုံစိုက်ခြင်းသည် အကျင့်ပျက်ချစားမှုနှင့် အခြားစည်းကမ်းပျက်မှုများကို မလွှဲမသွေ ဖိတ်ခေါ်ရာရောက်သည်။ ပါလီမန်လွှတ်တော်နှင့် နိုင်ငံရေးပါတီများ၏ ထောက်ခံမှုမရှိဘဲ သမတ အနေဖြင့် ထိရောက်သော ဦးဆောင်မှုပေးနိုင်မလား ဆိုသည်မှာ ကြီးမားသည့် စိန်ခေါ်ချက်တရပ်ဖြစ်သည်။

ရှေ့နေချုပ်

ရှေ့နေချုပ်၏ အဆင့်သည် ပြည်ထောင်စုဝန်ကြီးအဖွဲ့ဝင်နှင့်ညီသည်။ ထို့အပြင် အစိုးရအဖွဲ့ဝင်လည်းဖြစ်သည်။ သို့သော် ၎င်းအား ရာထူးမှ ဖယ်ရှားရမည့်နည်းမှာ သမတအား ရာထူးမှဖယ်ရှားရမည့်နည်းနှင့် တူသည်။ အစိုးရအဖွဲ့ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်မှ သဘောမတူဘဲ သမတသည် ရှေ့နေချုပ်ကို ရာထူးမှဖြုတ်နိုင်သည်။ ဤပြဋ္ဌာန်းချက်များက သမတ၏ အာဏာကို ခိုင်မာစေသည်။

ပါလီမန်ဒီမိုကရေစီ၏မူမှာ ပြည်သူ့လွှတ်တော်မှ ဝန်ကြီးချုပ်ကို ရွေးချယ်တင်မြှောက်ပြီး ဝန်ကြီးချုပ်က အစိုးရအဖွဲ့အမည်စာရင်းပြုစုကာ ထုံးစံအတိုင်း သမတ၏ သဘောတူညီမှုရရန် တင်ပြရသည်။ သို့သော် နအဖ၏အခြေခံမူသည် ဤပုံစံနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဝန်ကြီးများသည် ပြည်သူများကို တာဝန်ခံသလား၊ ပါလီမန်လွှတ်တော်ကို တာဝန်ခံသလား မရှင်းပေ။

နအဖ၏ အခြေခံမူသည် စိတ်ဝင်စားစရာကောင်းသည့် သမတစနစ်မျိုး ရေးဆွဲထားသည်။ သမတသည် အခြေခံဥပဒေအရ အစိုးရအဖွဲ့အကြီးအကဲဖြစ်သည်။ ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကဦးဆောင်သည့် ဝန်ကြီးကောင်စီနှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်မပါရှိပေ။ ပါလီမန်စနစ်၏ ရှင်းလင်းသည့် အစိုးရပုံသဏ္ဍာန်မှာ ဝန်ကြီးကောင်စီသည် အမှန်တကယ် စီမံအုပ်ချုပ်ရသည့် ကောင်စီဖြစ်ပြီး အာဏာရှိသည်။ သို့သော် ပါလီမန်ကို တာဝန်ခံရသည်။ ဤသည်မှာ ပြည်သူကိုတာဝန်ခံခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပြည်သူက ပါလီမန်ကိုယ်စားလှယ်များကို ရွေးချယ်ထား၍ဖြစ်သည်။ ဤသည်မှာ ကိုယ်စားပြု ဒီမိုကရေစီစနစ်၏ မရှိမဖြစ်လိုအပ်သည့် အနေအထားဖြစ်သည်။ အယုံ

အကြည်မရှိအဆိုဖြင့် ဝန်ကြီးကောင်စီကို ဖယ်ရှားနိုင်သည်။ နအဖ အခြေခံမူတွင် သမတက ပါလီမန် (လွှတ်တော်)ကို တာဝန်မခံ၊ ဝန်ကြီးများကလည်း ပါလီမန်လွှတ်တော်ကို တာဝန်မခံ၊ ဝန်ကြီးများက သမတကို တာဝန်ခံရသည်။ သမတကို လူထုက တိုက်ရိုက်ရွေးချယ် တင်မြှောက်ထားခြင်းမဟုတ်ဘဲ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်သည်။ သမတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ရွေးချယ်ခံမဟုတ်သူများ တစိတ်တပိုင်းပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ဖြင့် ဖွဲ့စည်းထားသည်။ အဓိပ္ပါယ်မှာ အကယ်၍ သမတသည် စစ်တပ်မှပုဂ္ဂိုလ်ဖြစ်ပါက ၎င်းသည် ဥပဒေပြုရေးကို ထိန်းချုပ်လွှမ်းမိုးနိုင်သည်။ ထို့အပြင် အာဏာခွဲဝေပေးမှု ရှိမည်မဟုတ်ပေ။ ဤစနစ်တွင် သမတသည် ဥပဒေပြုလွှတ်တော်တွင် အများစုအနိုင်ရပါတီမှ မဟုတ်ပေ။ ဝန်ကြီးများသည် သမတ၏ လက်အောက်ငယ်သား ဖြစ်ရသည်။ သမတသည် အာဏာရှင်ဖြစ်လာမည်ဖြစ်သည်။

ပါတီစုံစနစ်အဖြစ် ကြေညာထားသော နိုင်ငံတစ်နိုင်ငံတွင် လူမျိုးတမျိုးက အများစုဖြစ်၍ လူမျိုးစုငယ်များ ကွဲပြားနေသော နိုင်ငံတနိုင်ငံအဖို့ သမတစနစ်သည် မသင့်လျော်ပေ။ ထူးခြားသည့်အခြေအနေရှိပြီး အတိတ်က စစ်အာဏာရှင်၏ ဗဟိုချုပ်ကိုင်မှု တင်းကြပ်စွာ ရှိခဲ့သောနိုင်ငံအဖို့ ပဋိပက္ခ ပြေလည်ရေးကို ဦးတည်မည့် စနစ်တရပ်လိုအပ်ပေသည်။ ယွှုအခါ အုပ်ချုပ်ရေးကောင်းပေါ်ပေါက်ရေးကို မြှင့်တင်ပေးပြီး အောက်ခြေလူထုကို ဆုံးဖြတ်ခွင့်အာဏာ ပေးအပ်သည့် အခြေခံဥပဒေတရပ် လိုအပ်ပေသည်။ လိုအပ်သလို ကိုင်တွယ်ထိန်းချုပ်ရန် ယိုပေါက်ဟာပေါက်များ၊ အဓိပ္ပါယ်မရှင်း လင်းမှုများနှင့် ပြည့်နှက်နေပြီး၊ အကြပ်အတည်းဖြစ်စေမည့်၊ အခြေခံဥပဒေဆိုင်ရာ ပြဿနာများဖြစ်စေမည့် အခြေခံဥပဒေမျိုးသည် ယနေ့မြန်မာပြည်မှ လိုအပ်နေသော အခြေခံဥပဒေ မဟုတ်ပေ။ နအဖ၏ အခြေခံမူများသည် သမတတဦးက နောက်ဖေးပေါက်မှတက်ပြီး အာဏာကို မတရားသိမ်းယူမှုကို ဖေါ်ပြလိုက်ခြင်းဖြစ်သည်။ နအဖ၏ အခြေခံမူသည် လက်ရှိစစ်အစိုးရကို ကျယ်ကျယ်ပြန့်ပြန့်တရားဝင်ဖြစ်စေသော၊ မှုမကျသော မဟာဗျူဟာတရပ်ပင်ဖြစ်သည်။ အခြေခံမူများသည် ကျွန်ုပ်တို့ လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် သမိုင်းဆိုင်ရာ အခြေခံအချက်များအပေါ် သတိမူခြင်းမရှိကြောင်းကို ဖေါ်ပြထားခြင်းဖြစ်သည်။

စစ်တပ်အာဏာ

သမတအား တရားစွဲဆိုရန်မှာ ပြည်ထောင်စု ဥပဒေပြုလွှတ်တော်တရပ်ရပ်၏ ကိုယ်စားလှယ် လေးပုံတစ်ပုံ သဘောတူရန် လိုအပ်သည်။ ဤသည်ကား စစ်တပ်တွင် နိုင်ငံ့အုပ်ချုပ်ရေးကိုရပ်စဲပစ်နိုင်သော လက်နက်ရှိသည်ဟူသော သဘောဖြစ်သည်။ စစ်ဦးစီးချုပ်သည် သမတ၏လက်အောက် မဟုတ်သလို သမတသည်လည်း ကာကွယ်ရေးဦးစီးချုပ် မဟုတ်ပေ။ မည်သည့်နိုင်ငံရေး ဝင်ရောက်စွက်ဖက်မှုမှမဆို တားဆီးကာကွယ်ရန် စစ်တပ်အား လက်နက်အကြီးအကျယ် ပေးထားသည်။

စီမံခန့်ခွဲရေး

နအဖ၏ အခြေခံမူများသည် ဗဟိုအား ပြည်နယ်အခွင့်အရေးများကိုထိပါးရန် ခွင့်ပြုထားသည်။ ဗဟိုသည် မည်သည့် ပြည်နယ်တွင်မဆို ၎င်း၏စစ်တပ်ကို ဖြန့်ကျက်နိုင်သည်။ ထို့အပြင် စစ်တပ်များအပေါ် ထိန်းချုပ်ထားနိုင်သည်။ ပြည်နယ်များသည် အချိန်မရွေး စစ်တပ်၏ သိမ်းပိုက်မှုအောက် ကျရောက်နိုင်သည်။

သမတသည် နိုင်ငံတော်အကြီးအကဲဖြစ်သည်။ ပြည်နယ်များ၊ အဖွဲ့ဝင်ယူနစ်များအကြား စီမံခန့်ခွဲမှုအာဏာကို အခြေခံဥပဒေနှင့်အညီ ခွဲဝေပေးမည်ဖြစ်သည်။ သို့သော် မည်သို့ခွဲဝေမည်ကို အခြေခံဥပဒေတွင် ဖေါ်ပြမထားပေ။ ဆန့်ကျင်ဘက်အနေနှင့် အပိုဒ် (ဇ) (၃)တွင် လုံခြုံရေး သို့မဟုတ် နယ်စပ်ဒေသရေးရာအတွက် တာဝန်ယူရန် ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းခံရသော စစ်အရာရှိသည် ပြည်ထောင်စု၊ တိုင်းဒေသ၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးတွင် ပူးတွဲ တာဝန်ရှိစေရမည်ဖြစ်သည်။

ဤသည်မှာ တိုင်းပြည်၏အရေးပါသော စီမံခန့်ခွဲရေးလုပ်ငန်းသည် စစ်တပ်လက်ထဲတွင်ရှိစေရမည့် အဓိပ္ပါယ်ဖြစ်သည်။ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှာ ပြယ်ရယ်ပြုစရာအဖြစ် ရောက်သွားသည်။ ဆက်လက်၍ (ည) နှင့် ယှဉ်တွဲကြည့်ပါက စစ်တပ်၏အစီအစဉ်မှာ နိုင်ငံအား လွှမ်းမိုးရန်ဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။

“(ည) တွင် တပ်မတော်နှင့်စပ်လျဉ်း၍ –

(၁) တပ်မတော်သည် အင်အားတောင့်တင်းခိုင်မာပြီး ခေတ်မီသည့် တခုတည်းသော တပ်မတော်ဖြစ်သည်။

(၂) တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(၃) တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲ ဖြစ်သည်။

(၄) တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။

(၅) တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိသည်။

(၆) တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိသည်။”

# အပိုင်း (၅)
# တရားလွှတ်တော်ဝန်ကြီးစနစ်နှင့် တရားစီရင်ရေး

မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို တရားစီရင်ရေးစနစ်ကို ပုံမှန်ဆောင်ရွက်ရန် တရားစီရင်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ရမည်ဖြစ်သည်။ စီမံအုပ်ချုပ်ရေး၏ စွက်ဖက်မှုမှ လွတ်လပ်သော တရားစီရင်မှုဖြစ်မှသာ အမှန်တကယ် အောင်မြင်သော တရားစီရင်ရေး လုပ်ဆောင်ချက် ဖြစ်နိုင်သည်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေသည် တရားစီရင်ရေးလွတ်လပ်မှု အယူအဆကို အကောင်အထည်ဖော်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက တရားစီရင်ရေး လွတ်လပ်မှု၏ အခြေခံမူများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်တရပ်ကို လက်ခံအတည်ပြုခဲ့သည်။ အဆိုပါမူများမှာ တရားစီရင်ရေးလွတ်လပ်မှု အာမခံချက်ရှိရေးနှင့် တရားစီရင်ရေးလွတ်လပ်မှု မြင့်တင်ရေး လုပ်ငန်းတွင် အဖွဲ့ဝင်နိုင်ငံများအား ကူညီရန် ပုံဖော်ထားသည်။ ထိုအခြေခံမူများအရ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေစနစ်ဘောင်အတွင်း အစိုးရများက တရားစီရင်မှုကို လေးစားကြရမည်ဖြစ်သည်။ လွတ်လပ်စွာ တရားစီရင်ရေးကို အာမခံရမည်။ လွတ်လပ်စွာ တရားစီရင်ရေးကို အခြေခံဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းကြရမည်။ ဤသည်တို့မှာ အထူးသဖြင့် စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးအကြား အာဏာခွဲခြား ကျင့်သုံးခြင်းမှတဆင့် အထက်တွင် ဖော်ပြသော ကုလသမဂ္ဂအခြေခံမူများနှင့် ညီစေရမည်။ သို့သော်လည်း လွတ်လပ်ရေးရပြီး နောက် မြန်မာ့ဥပဒေစနစ်အတွင်း ကျင့်သုံးခဲ့သကဲ့သို့၊ အပြည်ပြည်ဆိုင်ရာစံများတွင် ပြဋ္ဌာန်းထားသကဲ့သို့ လွတ်လပ်စွာ တရားစီရင်ရေးကို နအဖ၏ အခြေခံ ဥပဒေဆိုင်ရာ အခြေခံမူများတွင် ဖော်ပြမထားပေ။

ထိုအခြေခံမူတွင် တရားသူကြီးချုပ်နှင့် တရားရုံးချုပ်တရားသူကြီးများ (တရားလွှတ်တော် တရားဝန်ကြီးများ) သည် ပါတီနိုင်ငံရေးမှ ကင်းလွတ်ရမည့်အကြောင်းကို ဖော်ပြထားသည်။ တရားစီရင်ရေးနှင့်ပတ်သက်သော ကုလသမဂ္ဂ အခြေခံမူတွင်ပါသော လွတ်လပ်မှု၏ အဓိပ္ပါယ်မှာကျယ်ပြန့်ပြီး ထိုအဓိပ္ပါယ်အရ တင်းကြပ်ထားမှုမရှိပေ။ ထို့အပြင် လွတ်လပ်မှုသည် တရားစီရင်ရေးတခုလုံးကို လွှမ်းခြုံသည်။ တရားရုံးအဆင့်ဆင့်တိုင်း တရားစီရင်ဆုံးဖြတ်ရေး၌ ဘက်လိုက်ခြင်းကင်းစွာ စီရင်ဆုံးဖြတ်ရန်နှင့် အစိုးရအာဏာပိုင်များနှင့် ဒေသတွင်းရှိ အစိုးရအာဏာပိုင် အစွယ်အပွားများ၏ စွက်ဖက်မှုမှ လွတ်လပ်စွာ တရားစီရင် ဆုံးဖြတ်ရန်လိုအပ်သည်။ ထိုသို့ဖြစ်စေရန် တရားသူကြီးခန့်အပ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂ တရားစီရင်ရေးဆိုင်ရာမူများနှင့် အညီ အခြေခံဥပဒေတွင် ဖော်ပြရပေမည်။ တရားစီရင်ရေးဆိုင်ရာ ကုလသမဂ္ဂ၏မူတွင် လွတ်လပ်စွာထုတ်ဖော်မှုနှင့် အသင်းအပင်းဖွဲ့စည်းခြင်း လွတ်လပ်မှုတို့နှင့်စပ်လျဉ်း၍ တရားစီရင်ရေးလွတ်လပ်မှုကို ကာကွယ်ရန်နှင့် တရားသူကြီးများ၏ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများတိုးမြှင့်ရန် တရားသူကြီးများအဖွဲ့အစည်း လွတ်လပ်စွာဖွဲ့စည်းခွင့်ရှိသည်။ အသင်းအဖွဲ့များတွင် လွတ်လပ်စွာပါဝင်ခွင့်ရှိသည်ဟု အသိအမှတ်ပြုထားသည်။ နအဖ

၏အခြေခံမူတွင် ဤကိစ္စရပ်များအတွက် ဖော်ပြထားခြင်းမရှိပေ။

နိုင်ငံတိုင်းသည် ၎င်းတို့၏နိုင်ငံသားများအတွက် မျှတ၍ လွတ်လပ်သော တရားရုံးစနစ်မျိုး ရှိစေသင့်သည်။ တရားရုံးများသည် ပြင်ပအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ အထူးသဖြင့် အစိုးရ၏ စွက်ဖက်မှု ဩဇာလွှမ်းမိုးမှုကင်းစွာဖြင့် ဥပဒေနှင့်အညီ တရားစီရင် စေသင့်သည်။ လူတိုင်းသည် မျှတသောဂျူရီလူကြီးဖြင့် တရားစီရင်ခွင့်ရှိစေရမည်။ အစိုးရ အာဏာပိုင်များမှ တရားရုံးဆုံးဖြတ်ချက်များအား ပြောင်းလဲခြင်း၊ လစ်လျူရှုခြင်း မပြုရပေ။ တရားသူကြီးများကို အစိုးရအဖွဲ့၏ ဩဇာလွှမ်းမိုးမှုကင်းသော၊ လွတ်လပ်သောအဖွဲ့က ရွေးချယ်ရမည်။ အရည်အချင်းပြည့်ဝပြီး၊ စနစ်တကျသင်တန်းပေးထားသော တရားသူကြီး များ ဖြစ်စေရမည်။ ဤအချက်များလည်း အခြေခံဥပဒေတွင် ပြဋ္ဌာန်းရမည်။ သို့သော် နအဖ၏ အခြေခံဥပဒေဆိုင်ရာ အခြေခံမူများတွင် ဤအချက်များ မပါဝင်ပေ။

တရားသူကြီးများခန့်အပ်ခြင်းနှင့် ရာထူးရပ်စဲခြင်း

နအဖ၏ အခြေခံဥပဒေဆိုင်ရာမူတွင်

(၁) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်ကို ပြည်ထောင်စု ပါလီမန်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်ရမည်။

(၂) ပြည်ထောင်စုသမ္မတက အမည်တင်သွင်းသော ပြည်ထောင်စု တရားသူကြီး ချုပ်ကို အခြေခံဥပဒေအရ အရည်အချင်းမပြည့်မီကြောင်း ခိုင်လုံသော သက်သေအထောက်အထား မပြနိုင်လျှင် ပြည်ထောင်စုပါလီမန်လွှတ်တော်က ငြင်းပယ်ခွင့်မရှိစေရဟု ဖော်ပြထားသည်။

အဆိုပါပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတသည် တရားသူကြီးချုပ် ခန့်အပ်ရာတွင် အပြည့်အဝ ဩဇာအာဏာရှိသည်။ ပြည်ထောင်စုလွှတ်တော်သည်ပင်လျှင် အရည်အချင်းမပြည့်မီခြင်းမှတပါး ကန့်ကွက်ခွင့်မရှိပေ။ ဆိုလိုသည်မှာ တရားဝင် အရည်အချင်းပြည့်မီသည်ဟူသော ယေဘုယျခြွင်းချက်ဖြင့် သမ္မတအား အောက်ကျို့သူ မည်သူ့ကိုမဆို သမ္မတက ရွေးချယ်နိုင်သည်။

တရားသူကြီးချုပ်ခန့်အပ်ရေးနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်နှင့်တိုင်ပင်ကာ သမ္မတက ခန့်အပ်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပါလီမန်နှစ်ရပ် ပူးတွဲအစည်းအဝေး၏ သဘောတူညီချက်ကိုလည်း ရယူရမည်ဖြစ်ကြောင်း ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ သမ္မတမှာ စီမံအုပ်ချုပ်ရေးအာဏာမရှိပေ။ ဝန်ကြီးချုပ်သာလျှင် စီမံအုပ်ချုပ်ရေး၏ အဓိကတာဝန်ရှိသူဖြစ်သည်။ တရားသူကြီးချုပ် ခန့်အပ်ရေးနှင့်စပ်လျဉ်း၍ ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များ လွတ်လပ်စွာ ဆွေးနွေး ငြင်းခုံခွင့်ရှိကြသည်။ သမ္မတ အဆိုပြုသော တရားသူကြီးချုပ်ကို ငြင်းပယ်ခွင့်လည်း ရှိကြသည်။ သို့သော် နအဖ၏ အခြေခံမူတွင် သမ္မတသည် စီမံအုပ်ချုပ်ရေး၏ အဓိကအာဏာ ရှိသူဖြစ်သည်။ သမ္မတသည် တရားသူကြီးချုပ်ကို ရွေးချယ်ခန့်အပ်နိုင်သော တဦးတည်း

အာဏာရှိသူဖြစ်သည်။ ပြည်ထောင်စု ပါလီမန်လွှတ်တော်သည်ပင်လျှင် ကန့်ကွက်ခွင့်မရှိပေ။

နအဖ၏ အခြေခံဥပဒေဆိုင်ရာအခြေခံမူသည် တရားစီရင်ရေးကို သမတ၏ လက်အောက်ရောက်စေခဲ့သည်။ တရားရုံးချုပ် တရားသူကြီးချုပ်မှအစ အောက်ခြေတရားရုံး တရားသူကြီးများအထိ သမတကခန့်အပ်သည်။ သက်ဆိုင်ရာ တိုင်းဒေသကြီးများ၊ ပြည်နယ်များ၏ သဘောတူညီချက်ကို ယူရမည်ဟု ဖေါ်ပြထားသော်လည်း တရားသူကြီးချုပ်အဖြစ် လိုအပ်သော အရည်အချင်းမပြည့်မီကြောင်း အခိုင်အမာ သက်သေမပြနိုင်ပါက ပြည်ထောင်စု ပါလီမန်လွှတ်တော်သည် ငြင်းပယ်ခွင့်မရှိကြောင်းလည်း ဆိုထားသည်။ အခိုင်အမာသက်သေပြရန် အရည်အချင်းများက မည်သည့်အရာများဖြစ်သည်ကို သမတ က ဆုံးဖြတ်မည်ဖြစ်သည်။ ပါလီမန်စနစ်တွင် တရားရုံးချုပ်၏ အခြား တရားသူကြီးများကို ခန့်အပ်ရာတွင် ဝန်ကြီးများ၏ အကြံဉာဏ်နှင့်သဘောတူညီချက် လိုအပ်သည်။ ပြည်ထောင်စု တရားရုံးချုပ်တရားသူကြီးချုပ်၏ အကြံဉာဏ်နှင့် သဘောတူညီချက်လည်း လိုအပ်သည်။ အောက်ခြေကရုံး၏ တရားသူကြီးများကို ခန့်အပ်ရာတွင် တရားရုံးချုပ်တရားသူကြီးများ၏ အကြံဉာဏ်များလိုအပ်သည်။ နအဖအခြေခံမူတွင် သမတ က ခန့်အပ်ပြီး ပြည်ထောင်စုပါလီမန်လွှတ်တော်မှ အစဉ်အလာမျှ သဘောတူညီချက်ကို ရယူသည်။

တရားသူကြီးများအား ရာထူးမှဖယ်ရှားရေးအတွက် သမတ၏ အာဏာများလည်း ကန့်ကွက်စရာအချက်ဖြစ်သည်။ နအဖ၏ အခြေခံမူတွင် တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားရုံးချုပ်တရားသူကြီးများအား သမတက ရာထူးမှဖယ်ရှားနိုင်သည်။ ပါလီမန် ဒီမိုကရေစီစနစ်တွင်မူ တရားသူကြီးများအား ရာထူးမှဖယ်ရှားရန် အဆိုကို ပါလီမန်၏ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းနိုင်သည်။ နအဖ အခြေခံမူ၌ သမတအား အပ်နှင်းထားသည်။ ထို့ကြောင့် တရားစီရင်ရေးသည် စီမံအုပ်ချုပ်ရေး၏ ခြိမ်းခြောက်မှုအောက်တွင်ရှိသည်။ တရားသူကြီးများ ရာထူးသက်တမ်းကာလနှင့် ပတ်သက်၍လည်း နအဖ အခြေခံမူတွင် ပြဋ္ဌာန်းထားသည်ကို မတွေ့ရပေ။ တရားသူကြီးများ ခန့်အပ်ခြင်း၊ ရာထူးမှဖယ်ရှားခြင်း အာဏာကို သမတအား အပ်နှင်းထားခြင်းသည် အုပ်ချုပ်ရေးအား တရားစီရင်ရေး၏ အထက်တွင်ရှိရေးအတွက် ပံ့ပိုးထားသော အနေအထားပင် ဖြစ်မည်။ ဤကား တရားစီရင်ရေးလွတ်လပ်မှုကို ပြိုပျက်စေမည်ဖြစ်သည်။

တရားသူကြီးများကိုယ်တိုင်သည် ဥပဒေ၏အထက်တွင် မရှိရပေ။ တရားသူကြီးများ တာဝန်ဝတ္တရားကို ကောင်းစွာမဆောင်ရွက်ပါက အခြေခံဥပဒေအရ တိုင်းတန်းနိုင်သောစနစ်တရပ်ကို ဖန်တီးရပေမည်။ တရားသူကြီးများအား စုံစမ်းစစ်ဆေးသော နည်းလမ်းတရပ် ရှိရပေမည်။ လိုအပ်ပါက မှုမမှန်သော တရားသူကြီးများကို ဖယ်ရှားပစ်ရမည်။ သို့သော် အစိုးရတွင် တရားသူကြီးချုပ်နှင့် တရားရုံး ရုံးချုပ်တရားသူကြီးများအား ရာထူးမှ ဖယ်ရှားရန် အာဏာမရှိသင့်ပေ။

## တရားသူကြီးများအောက်ကျို့မှု

တရားစီရင်ရေးသည် အရေးအပါဆုံးသောအစိုးရအဖွဲ့အစည်းတရပ်ဖြစ်သည်။ တရားစီရင်ရေးသည် အမှုများတွင် တည်ဆဲဥပဒေများကို အသုံးချရုံမက ဥပဒေကို အဓိပ္ပါယ်လည်းဖွင့်ဆိုကြရသည်။ သို့ဖြစ်၍ တရားစီရင်ရေးသည် နိုင်ငံသားများ၏ အုပ်ထိန်းသူဖြစ်သည်။ လော့ဒ်ဘရိုက်စ် **(Lord Bryce)** က "အစိုးရကောင်း မကောင်းကို စမ်းသပ်ရာတွင် တရားစီရင်ရေးစနစ် စွမ်းဆောင်ရည်ကို ကြည့်ခြင်းမှတပါး အခြား ပိုကောင်းသည့်နည်း မရှိပေ" ဟု ဆိုခဲ့သည်။ ဒီမိုကရေစီနှင့် အုပ်ချုပ်ရေးကောင်းတို့၏ အောင်မြင်မှုမှာ တရားစီရင်ရေးစနစ်၏ ဘက်မလိုက်မှု၊ လွတ်လပ်သည့် သဘော သဘာဝ ရှိမှုနှင့် တရားဥပဒေစိုးမိုးမှုတို့အပေါ်တွင် မူတည်သည်။ တကမ္ဘာလုံးမှလက်ခံထားသော လွတ်လပ်စွာတရားစီရင်ရေးမှုများကို ကျင့်သုံးမှသာလျှင် ဤအောင်မြင်မှု အမှန်တကယ် ရရှိလာနိုင်သည်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေသည် အောက်ပါ ပြဋ္ဌာန်းချက်ဖြင့် ထိုမှုကို ထင်ဟပ်စေခဲ့သည်။

> လွှတ်တော်ချုပ် တရားဝန်ကြီးအဖြစ်ဖြင့်၎င်း၊ လွှတ်တော်တရားဝန်ကြီးအဖြစ်ဖြင့်၎င်း၊ ဤအခြေခံဥပဒေအရ ခန့်ထားခြင်းခံရသောပုဂ္ဂိုလ်တို့သည် အောက်ပါအတိုင်း သစ္စာဆို၍ လက်မှတ်ထိုးရမည်။
>
> "ကျွန်ုပ် ...... သည်၊ တရားဝန်ကြီးချုပ် (သို့တည်းမဟုတ် တရားဝန်ကြီး) ၏ အလုပ် တာဝန် ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ မျက်နှာကြီးငယ် မရွယ်မထောက်၊ ဆန္ဒာ၊ ဒေါသာ၊ ဘယာဂတိများသို့မလိုက်၊ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ကျေကုန်အောင် ထမ်းရွက်ပါမည်။ ထို့အပြင် ကျွန်ုပ်သည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့်တကွ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်မည်ဟု လေးနက်တည်ကြည်စွာ ကျေညာ၍ ကတိသစ္စာ ပြုပါသည်။"

အထက်ဖေါ်ပြပါ ပြဋ္ဌာန်းချက်နှင့်အညီ တရားသူကြီးများသည် အခြေခံဥပဒေနှင့်ဥပဒေများကို လိုက်နာရသည်။ ဤသည်မှာ ကုလသမဂ္ဂ၏ လွတ်လပ်သော တရားစီရင်ရေးမူနှင့်လည်း ကိုက်ညီပေသည်။ သို့သော် နအဖ၏ အခြေခံဥပဒေဆိုင်ရာ မူများတွင် တရားစီရင်ရေး လွတ်လပ်မှုအတွက် အခြေခံအုတ်မြစ်တစုံတရာ ထည့်သွင်းရေးဆွဲထားခြင်း မရှိပေ။

## တရားစီရင်ရေးဖြင့် တဦးချင်းလွတ်လပ်မှုကို ကာကွယ်ခြင်း

နအဖ၏ အခြေခံဥပဒေဆိုင်ရာမူ၌ တရားစီရင်ရေးတည်းဟူသော ခေါင်းစဉ်အောက်တွင် အချက် (၅) ချက်ပါသော အခြေခံမူကို ချမှတ်ထားသည်။ အပိုဒ် (၃)တွင်

တရားရုံးချုပ်အား စာချွန်လွှာထုတ်ပေးခွင့်အာဏာ ပေးထားသည်။ စာချွန်လွှာကို ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသကဲ့သို့ ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေး စာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်မေး စာချွန်တော်အမိန့်၊ အမှုခေါ်စာချွန်တော်အမိန့် စသည်ဖြင့် ရှင်းလင်းစွာ ဖေါ်ပြသင့်သည်။

လက်ရှိကာလ အခြေခံဥပဒေရေးဆွဲရေးကြိုးပမ်းရာတွင် ပြည်သူများ၏ အတိတ်က အတွေ့အကြုံကို ထည့်သွင်းစဉ်းစားရပေမည်။ အခြေခံဥပဒေဆိုင်ရာမူများသည် ပြည်သူများ ယွင်ကခံစားခဲ့ရသော ဘေးဒုက္ခများကို ရည်ညွှန်းလျှက် အနာဂတ်တွင်ထပ်မံ မခံစားရစေရန် တဦးချင်းလွတ်လပ်မှုကို အကာအကွယ်ပေးသည့် အခြေခံအုတ်မြစ်များကို ထည့်သွင်း ရေးဆွဲစေရမည်။ စစ်အစိုးရအဆက်ဆက်၏ အုပ်ချုပ်မှုအောက်တွင် နိုင်ငံတဝှမ်း အပြစ်မဲ့ ပြည်သူများကို ကာလကြာမြင့်စွာ မတရားထိန်းသိမ်းခြင်းများ လုပ်ခဲ့သည့်ပြယုဂ်များရှိသည်။ အနာဂတ်တွင် ပြည်သူများ၏ ထိုအခြေခံလွတ်လပ်ခွင့်များကို အကာအကွယ်ပေးရန်လို့ငှာ အားထားလောက်သောအဖွဲ့အစည်းများကို အခြေခံဥပဒေဖြင့် ဖန်တီးရမည်။ ထိုအဖွဲ့အစည်းများအနက် အရေးအကြီးဆုံး အဖွဲ့အစည်းတရပ်မှာ တရားစီရင်ရေးဖြစ်ရမည်ဖြစ်သည်။ တရားစီရင်ရေးတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသောသူအား လွှတ်ပေးရန် ဥပဒေဝေါဟာရအားဖြင့် စာချွန်လွှာဟု အသိများသော (Habea corpus - ရှေ့တော်သွင်းစာချွန်လွှာ) တရားရုံးအမိန့်အပါအဝင် ထိရောက်သော အာဏာရှိရမည်ဖြစ်သည်။ လူတဦး တယောက်သည် ဤစာချွန်လွှာ အမိန့်မူအရ၊ အုပ်ချုပ်ရေး ဌာနအမိန့်ဖြင့် မိသားစုအဖွဲ့ဝင် သို့မဟုတ် မိတ်ဆွေအား မတရားဖမ်းဆီးထားခြင်းအတွက် တရားရုံးချုပ်သို့ လာရောက်၍ ရှေ့တော်သွင်းစာချွန်လွှာကို လျှောက်ထားနိုင်သည်။ ဤသို့ လျှောက်ထားချက်ကို တရားရုံးချုပ်မှ လက်ခံပြီးနောက် တရားရုံးချုပ်သည် အုပ်ချုပ်ရေး အမိန့်အရ ဖမ်းဆီးခြင်းများ တရားဝင်ဖြစ်၊ မဖြစ်ကို စစ်ဆေးရန်အတွက် ဖမ်းဆီးခံထားရသူကို တရားရုံးတင်စေရန် သက်ဆိုင်ရာအရာရှိအား ညွှန်ကြားသည့် ရှေ့တော်သွင်း စာချွန်လွှာကို ထုတ်ဆင့်မည်ဖြစ်သည်။ အကယ်၍ ဖမ်းဆီး ထိန်းသိမ်းခြင်းသည် တရားဝင်မှုမရှိပါက စာချွန်လွှာပါ ညွှန်ကြားချက်အတိုင်း သံသယဖြင့် ဖမ်းဆီးထားသူအား ချက်ခြင်းလွှတ်ပေးရမည်။

## တရားစီရင်ရေး အာဏာခွဲဝေခြင်း

နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများတွင် နိုင်ငံတော်တရားစီရင်ရေး အာဏာအား ခွဲဝေအပ်နှင်းကြောင်း ဖေါ်ပြထားသည်။ ဤသည်မှာ အဓိပ္ပါယ်အမျိုးမျိုး ထွက်စေသည်။ ပြည်ထောင်စုနှင့် ပြည်နယ်အကြား အငြင်းပွားများမှုနှင့်စပ်လျဉ်း၍လည်း ဖေါ်ပြမထားပေ။ အခြေခံဥပဒေဆိုင်ရာခုံရုံးကို ဖေါ်ပြထားသော်လည်း တရားစီရင်မှု အစီအစဉ်များနှင့်စပ်လျဉ်း၍ ဖေါ်ပြထားသည်ကို မတွေ့ရပေ။ တရားရုံးချုပ်သည် အယူခံတရားရုံးတခုဖြစ်သလား သို့မဟုတ် ဖက်ဒရယ်တရားရုံး သက်သက်ဘဲလား ဆိုသည်ကို ဖေါ်မပြ

ထားပေ။ တရားရုံးချုပ်သည် အခြေခံဥပဒေကို ကာကွယ်ထိန်းသိမ်းသလား ဆိုသည်ကိုလည်း မဖော်ပြထားပေ။ အခြေခံမူများအရ တရာရုံးချုပ်သည် တရားမျှတသောဆောင်ရွက်ချက်များကို လုပ်ဆောင်နိုင်မည် မဟုတ်ပေ။ တနည်းအားဖြင့် အခြေခံဥပဒေဆိုင်ရာ စာချွန်လွှာများကို လက်သင့်ခံနိုင်မည် မဟုတ်ပေ။ ထို့အတူ ပြည်ထောင်စုပါလီမန်လွှတ်တော်များက ပြဋ္ဌာန်းလာသော ဥပဒေများကို တရားမဝင်ကြောင်း မကျေညာနိုင်ပေ။ ပြည်ထောင်စုမှ ပြည်နယ်များတွင် အမြင့်ဆုံးတရားရုံးဖြစ်သော ဟိုက်ကုတ် တရားရုံးများကို ထိန်းချုပ်သလားဆိုသည်ကိုလည်း မဖော်ပြထားပေ။ ထို့အပြင် စီမံခန့်ခွဲရေးခုံရုံးများအတွက် သို့မဟုတ် အစိုးရဝန်ထမ်းများ၏ အခွင့်အရေး ချိုးဖောက်ခံရမှုအတွက် ပြဋ္ဌာန်းချက်လည်း မရှိပေ။ အကျဉ်းချုပ်အားဖြင့် တရားစီရင်ရေးအာဏာမှာ လက်ရှိ နအဖ၏ အောက်တွင် ရှိသည့်အဆင့်အတိုင်း လျှော့ချသည့်နည်းဖြင့် တရားရုံးချုပ်၏ အဆင့်အတန်းများ လုယက် ခံလိုက်ရသည်။

တရားသူကြီးချုပ် သို့မဟုတ် တရားရုံးချုပ်တရားသူကြီးဖြစ်ရန် အမည်စာရင်းတင်ခံရသူများသည် တရားရုံးချုပ်ရှေ့နေလုပ်သက် အနှစ် (၂၀) ရှိရပေမည်။ ဤသတ်မှတ်မှုကို ကမ္ဘာ့မည်သည့်နေရာတွင်မှ မတွေ့ဖူးပေ။ သာမန်အရည်အချင်းမှာ တရားရုံးချုပ်ရှေ့နေ လုပ်သက် (၁၀) နှစ်ဟူ၍ ပြဋ္ဌာန်းလေ့ရှိသည်။ (၃) (င) တွင် တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် နိုင်ငံရေးပါတီဝင်များမဖြစ်ရဟု ဆိုထားသည်။ ဤသည်မှာ လုံလောက်မှုမရှိ။ နိုင်ငံရေးပါတီများအား ထောက်ခံနေသူများ မဖြစ်သင့်သောကြောင့် ဖြစ်သည်။ တရားသူကြီးများသည် ပါတီနိုင်ငံရေးမှ လုံးဝကင်းရှင်းရမည်ဖြစ်သည်။ ထို့အပြင် စစ်ခေါင်းဆောင်များနှင့်လည်း ကင်းရပေမည်။ အပိုဒ် (၈) တွင် တရားသူကြီးများ ၏တာဝန်များ၊ အာဏာများနှင့် အခွင့်အရေးများနှင့်စပ်လျဉ်း၍ အခြေခံပြဋ္ဌာန်းချက်အချို့ကို အခြေခံဥပဒေတွင် ပြဋ္ဌာန်းရန်လိုအပ်သည်။ တရားရုံးချုပ် တရားသူကြီးများအားလုံး၏ အဆင့်ကို ဝန်ကြီးများအဆင့်မဟုတ်ဘဲ ဒု–သမတ အဆင့်အတန်းကို သတ်မှတ်ပေးရမည်။ တရားသူကြီးချုပ်က တရားရုံးဝန်ထမ်းများကို ၎င်းတို့ကိုယ်တိုင် ခန့်အပ်စေရမည်။ ထို့အပြင် ဝန်ထမ်းများအတွက် စည်းမျဉ်းများကိုလည်း သတ်မှတ်ရမည်။

## အပိုင်း(၆)
## အခြေခံလူ့အခွင့်အရေးနှင့်လွတ်လပ်မှုများ

မြန်မာပြည်သည် အပြည်ပြည်ဆိုင်ရာလူမှုအဖွဲ့အစည်းဝင်ဖြစ်၍ လူ့အခွင့်အရေးကို လက်ခံရန် တိုးမြှင့်ဆောင်ရွက်ရန် တာဝန်ရှိပေသည်။ သို့သော် နအဖသည် အခြေခံဥပဒေသစ် ရေးဆွဲရေးလုပ်ဆောင်ရာ ၎င်း၏မူများထဲတွင် အခြေခံလူ့အခွင့်အရေး၊ အခြေခံလွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန်အချက်များ ထည့်သွင်းထားခြင်း မရှိပေ။

## တဦးချင်းအခွင့်အရေးများ

### မတရားဖမ်းဆီးထိန်းသိမ်းခြင်း မခံရစေရေးနှင့် မျှတသောကြားနာ စစ်ဆေးမှုခံရ စေရေး

နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စာချုပ်ပါ အပိုဒ် (၉) တွင်ပါဝင်သော အဆိုပါ အခွင့်အရေးသည် လူအများကို မတရားဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်းမှ အကာအကွယ်ပေးထားသည်။ ထို့အပြင် တရားစီရင်ရေးအာဏာကို ကျင့်သုံးရန် ဥပဒေအရ အာဏာရှိသောအရာရှိ သို့မဟုတ် တရားသူကြီး၏ရှေ့မှောက်သို့ ပို့ဆောင်စေရန်၊ ထို့အပြင် ဆီလျှော်သော အချိန်အတွင်း အမှုကြားနာစစ်ဆေးရန် အခွင့်အရေးရှိကြောင်း ပြဌာန်းထားသည်။

ဆက်လက်၍ ထိမ်းသိမ်းခံရသူများသည် ၎င်းတို့အား ဥပဒေနှင့်အညီ ဖမ်းဆီးခြင်းဖြစ်ကြောင်း တရားရုံးမှ နှောင့်နှေးခြင်း မရှိဘဲဆုံးဖြတ်နိုင်ရန် တရားရုံးသို့ အမှုတွဲတင်ပို့ပေးရန် ဆောင်ရွက်ခွင့်ရှိသည်။ ဤပြဌာန်းချက်မှာ အခြေခံလူ့အခွင့်အရေး ကြေညာစာတမ်းပါ အပိုဒ် (၉) ကို ထပ်မံအခိုင်အမာဆိုထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာစာချုပ်ကို လက်မှတ်မရေးထိုးထားစေကာမူ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ လူမှုအဝန်းအဝိုင်း၏ အဖွဲ့ဝင်နှင့် ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်သည်နှင့်အညီ ထိုတာဝန်ဝတ္တရားများကို ငြင်းကွယ်၍ မရပေ။ ထိုကဲ့သို့ အရေးကြီးသော ရှေ့တော်သွင်းစာချွန်လွှာများရရှိရန်အတွက် အခြေခံမူတွင် ထည့်သွင်း ထားမှုမရှိခြင်းသည် အပြည်ပြည်ဆိုင်ရာ အနိမ့်ဆုံးစံအား လိုက်နာရန် ပျက်ကွက်ခြင်း ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အနိမ့်ဆုံးစံဆိုသည်မှာ ၁၉၈၈ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံမှ လက်ခံထား၊ အတည်ပြုထားသည့် မည်သူကိုမဆို ပုံသဏ္ဍာန် တခုခုဖြင့် ဖမ်းဆီး ထိမ်းသိမ်းခြင်း၊ ဖမ်းဆီးထောင်ချခြင်းမှ ကာကွယ်ရေးမူဖြစ်သည်။ ရှေ့တော်သွင်းစာချွန်တော် **(Writ of habeas corpus)** ရရှိရေးအခွင့်အရေးသည် မတရားဖမ်းဆီးခံရခြင်းကို ကာကွယ်ရန်အတွက် တရားရုံးတင်စေသည့် အခွင့်အရေး ဖြစ်သည်။ ဤနိုင်ငံသားအခွင့်အရေးသည် အဘယ်ကြောင့် ဖမ်းဆီးခြင်းခံရကြောင်း သိရန်နှင့် ပုဂ္ဂိုလ်ရေးလွတ်လပ်မှုကို ကာကွယ်ရန် အာမခံသည်။

အစိုးရ၏ အယူအဆများကို ဆန့်ကျင်ဖေါ်ပြခြင်းကြောင့် မတရားထိန်းသိမ်းခံရခြင်း၊ အစိုးရ၏ အယူအဆကိုဆန့်ကျင့်ခြင်း  သို့မဟုတ် ဆန္ဒပြခြင်း၊ သို့မဟုတ် အတိုက်အခံ နိုင်ငံရေးပါတီများနှင့် ပူးပေါင်းခြင်းကြောင့် သံသယဖြစ်ခံရခြင်းများသည် သမာရိုးကျသဖွယ် ဖြစ်နေသည်။ ထို့ကြောင့် နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများတွင် မတရားဖမ်းဆီးထိန်းသိမ်းခြင်းမှ  ကာကွယ်ခြင်းတည်းဟူသောအချက်ကို  မထည့်သွင်းထားခြင်းမှာ ထင်ရှားသည်။ ထို့အပြင် တမင်သက်သက် မထည့်ထားခြင်းဖြစ်သည်မှာလည်း မြင်သာသည်။ ဤပုံစံမတော်မတရားပြုခံရခြင်းမှ  အကာအကွယ်ပေးရန်  ပြဌာန်းချက်မရှိခြင်း၊ ဘက်လိုက်မှုကင်းသော  တရားရုံးမှ  လျှော်ကန်သောအချိန်အတွင်း  အမှုများကြားနာ

စစ်ဆေးရန် အခိုင်အမာပြဋ္ဌာန်းချက်မရှိခြင်းမှာ မတရားသဖြင့် ဖမ်းဆီးထိမ်းသိမ်းခြင်းမျိုး ဆက်လက် ရှိနေဦးမည့်ပုံဖြစ်သည်။ နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများသည် တရားမျှတသော ကြားနာစစ်ဆေးခွင့်ကို အခိုင်အမာပေးထားခြင်းမရှိပေ။

## လွတ်လပ်စွာထုတ်ဖော်ခွင့်

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများတွင် ပြဋ္ဌာန်းထားသော်လည်း၊ ထုတ်ဖော်ပြောဆိုမှု လွတ်လပ်ခွင့် အခွင့်အရေးကို နအဖ အခြေခံဥပဒေဆိုင်ရာမူများတွင် ဖော်ပြထားခြင်း မရှိပေ။ လက်ရှိတွင် မြန်မာနိုင်ငံ၌ မည်သည့် ထုတ်ဖော် ပြောဆိုခွင့် အခွင့်အရေးကိုမဆို နအဖမှ ထိန်းချုပ်ထားခြင်း၊ ဆင်ဆာဖြတ်တောက်ခြင်းများ ရှိသည်။ အစိုးရ၏ မူဝါဒများနှင့် မညီညွတ်သော ထုတ်ဖော်ပြောဆိုရေးသားမှု ပြုမိပါက ရေးသားသူများသည် ပြင်းထန်သော လက်တုံ့ပြန်မှုများနှင့် ရင်ဆိုင်ကြရသည်။ မကြာခဏ ထောင်ချခံကြရသည်။ ဤကန့်သတ်မှုသည် သတင်းစာများနှင့် အခြားသတင်းလုပ်ငန်းများ အီးမေးလ်ဆက်သွယ်မှုများ၊ တယ်လီဖုန်းနှင့် ဖက်စ်ဆက်သွယ်မှုများ၊ တေးဂီတဆိုင်ရာ ထုတ်ဖော်မှုများနှင့် အနုပညာဆိုင်ရာ ထုတ်ဖော်မှုများကို သိမ်းကျုံး ထိခိုက်ပျက်စီးစေသည်။

## လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခြင်း

လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခြင်းသည် ပုဂ္ဂလိကအခွင့်အရေး၊ စုပေါင်းအခွင့်အရေးများနှင့် သက်ဆိုင်သည်။ "လူတိုင်း အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်နှင့် အလုပ်သမားသမဂ္ဂများတွင် ရွေးချယ်ပါဝင်ခွင့်"နှင့် သမဂ္ဂများသည် ဥပဒေပြဋ္ဌာန်းချက်မှလွဲ၍ မည်သည့် ကန့်သတ်မှုမျှ မရှိစေဘဲ လှုပ်ရှားဆောင်ရွက်နိုင်ခွင့်ရှိကြောင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာစာချုပ် အပိုဒ် (၈) တွင် အာမခံထားသည်။

နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများတွင် လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်ကို ဖော်ပြထားခြင်းမရှိပေ။ ဤသည်မှာ ဤအခြေခံအခွင့်အရေးများကို ပျက်စီးစေရန်နှင့် ဆက်လက်ဖိနှိပ်ရန် စစ်တပ်အား လိုင်စင်ပေးထားခြင်းဖြစ်သည်။ ဤအခွင့်အရေးကို ထည့်သွင်းမပြဋ္ဌာန်းခြင်းသည် အစိုးရအား အတိုက်အခံပြုသည့် အဖွဲ့အစည်း တစုံတရာအားသို့မဟုတ် နိုင်ငံရေး အတိုက်အခံအုပ်စုများအား အားပေးထောက်ခံခြင်းမှလည်းကောင်း၊ မငြိမ်မသက်ဖြစ်စေခြင်းမှလည်းကောင်း၊ ဟန့်တားသည့် နည်းနာတရပ်လည်းဖြစ်သည်။ မြန်မာနိုင်ငံအား ဒီမိုကရေစီမူများကို လက်ခံသည့်နိုင်ငံဖြစ်စေလိုပါက နိုင်ငံရေးပါတီများကို ဆက်လက်ဖိနှိပ်ခြင်း၊ ပါတီဝင်များကို ဖမ်းဆီးထောင်ချခြင်း၊ နှိပ်စက်ခြင်းများကို လုံးဝဖယ်ရှားပစ်ရမည်ဖြစ်သည်။ အနာဂတ်မြန်မာနိုင်ငံအခြေခံဥပဒေသည် အတိုက်အခံနိုင်ငံရေးပါတီများအား တုံ့ပြန်လက်စားချေခြင်းမရှိဘဲ လွတ်လပ်စွာ ရပ်တည်နိုင်ရန် အာမခံပေးရမည်ဖြစ်သည်။

လွတ်လပ်စွာစုရုံးခွင့်

လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၀ တွင် လူတိုင်းသည် ငြိမ်းချမ်းစွာ စုရုံးခွင့်နှင့် စုရုံးမှုတွင်ပါဝင်ခွင့်ကို ပြဋ္ဌာန်းထားသည်။ နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်တွင်လည်း တိုင်းပြည်၏လုံခြုံရေး သို့မဟုတ် ပြည်သူလူထု လုံခြုံရေး၊ လူထုငြိမ်ဝပ်ရေး၊ ပြည်သူ့ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေး သို့မဟုတ် ကိုယ်ကျင့်တရား၊ သို့မဟုတ် အခြားသူများ၏ လွတ်လပ်မှုအခွင့်အရေးကိုကာကွယ်ရန် ဥပဒေနှင့်အညီ ဤအခွင့်ကို ကန့်သတ်နိုင်ကြောင်း ဖော်ပြထားသည်။ နအဖ အခြေခံဥပဒေဆိုင်ရာမူများတွင် လွတ်လပ်စွာစုရုံးခွင့်နှင့် ပတ်သက်၍ ဖော်ပြမထားခြင်းသည် မည်သည့် စုရုံးမှုမျိုးကိုမဆို ၎င်းတို့အနေဖြင့် ရပ်တန့်စေလိုပါက ဥပဒေနှင့်ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ အတင်းအကြပ် ဖိနှိပ်စေရန် လမ်းဖွင့်ထားပေးခြင်းဖြစ်သည်။ ဤသည်မှာ ပြည်သူလူထု၏ ထင်မြင်ချက်များနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို လက်မခံသည့် သဘောဖြစ်သည်။

ကိုယ်ရေးကိုယ်တာ အခွင့်အရေး

နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများတွင် လူ့ဂုဏ်သိက္ခာကို စော်ကားခံရမှု အတွက်ဖြစ်စေ၊ မိသားစုရေးရာ၊ အိုးအိမ်၊ စာပေးစာယူကိစ္စများကို ဥပဒေနှင့်မညီ နှောက်ယှက်ခံရမှုအတွက်ဖြစ်စေ အကာအကွယ်ပေးထားခြင်းမရှိပေ။ ဤသို့ အကာအကွယ် မပေးထားခြင်းသည် မည်သူ့ကိုမဆို ပုဂ္ဂိုလ်ရေးဆိုင်ရာတိုက်ခိုက်နိုင်ရန် အာဏာပိုင်များအား လွတ်လပ်စွာ ဆောင်ရွက်ခွင့် အာဏာပေးထားခြင်းဖြစ်သည်။

အတင်းအကြပ်စေခိုင်းမှုကို ဟန့်တားခြင်း

တာဝန်ဝတ္တရားတရပ်အနေနှင့် ကျွန်ပြုခြင်းကို ဟန့်တားကာကွယ်ရန်မှာ မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေကို ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်သည်။ ကျွန်ပြုမှုကင်းလွတ်ခြင်းကို ၁၉၅၇ ခုနှစ် အလုပ်သမားများအား အတင်းအကြပ်စေခိုင်းမှု ဖျက်သိမ်းရေးစာချုပ်နှင့် အခြားစာချုပ်များကဲ့သို့သော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင် ပြဋ္ဌာန်းထားသည်။

နအဖ၌ အတင်းအကြပ် လုပ်အားစေခိုင်းရန် မူဝါဒဆက်လက်ရှိနေသည့် အထောက်အထားများရှိသည်။ အထူးသဖြင့် အခြေခံအဆောက်အအုံလုပ်ငန်းများ၊ စစ်ဆင်ရေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံတဝှမ်း လမ်းများအဆောက်အဦးများ ဆက်လက်ထိန်းသိမ်း မွန်းမံရေးလုပ်ငန်းများတွင် အတင်းအကြပ် လုပ်အားပေးစေခိုင်းလျှက်ရှိသည်။ ဤသို့ လုပ်အားပေး စေခိုင်းခြင်းများသည် ပြည်သူတို့၏ နေ့စဉ်ဘဝ ရပ်တည်မှုကိုလည်းကောင်း၊ မိသားစုစောင့်ရှောက်ရေးနှင့် မိသားစုဘဝရပ်တည်ရေးကိုလည်းကောင်း၊

ဆက်လက် ထိခိုက်ပျက်စီးစေသည်။ နိုင်ငံရေးအကြပ်ကိုင်မှု၊ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အတင်းအကြပ် စေခိုင်းမှုများကို ဆန့်ကျင်ကာကွယ်ရမည်မှာ အခြေခံအခွင့်အရေးဖြစ်သည်။ ထို့ကြောင့် အနာဂတ်အခြေခံဥပဒေသည် အဆိုပါကဲ့သို့သော မတော်မတရားပြုမှုကို အကာအကွယ်ပေးရန် လိုအပ်သည်။

နအဖ၏ အခြေခံဥပဒေဆိုင်ရာမူတွင် မြန်မာပြည်သူလူထုအတွက် အဆိုပါ အကာအကွယ်များ မထည့်သွင်းထားခြင်းသည် အနာဂတ်တွင် ဤကဲ့သို့သော မတော်မတရား ပြုမှုများအတွက် လမ်းဖွင့်ထားပေးသည်။

နအဖသည် အပြည်ပြည်ဆိုင်ရာဥပဒေများကို ချိုးဖေါက်နေကြောင်း၊ ၎င်းတို့၏ လုပ်ဆောင်ချက်များအပေါ် တာဝန်ရှိလျှက် ဆက်လက်လုပ်ဆောင်နေကြောင်း အပြည်ပြည်ဆိုင်ရာက ထောက်ပြနေသော်ငြားလည်း ၎င်းတို့၏ အတင်းအကြပ် စေခိုင်းသည့် မူဝါဒကို လမ်းဖွင့်ထားပေးလျှက်ရှိသည်။

## ပစ္စည်းပိုင်ဆိုင်ခွင့် အခွင့်အရေး

ပစ္စည်းပိုင်ဆိုင်ခွင့် အခွင့်အရေးကို လက်ရှိစစ်အစိုးရသည် အာမခံထားပေးခြင်း မရှိပေ။ စစ်အစိုးရ၏ မတော်မတရား ဆောင်ရွက်မှုစာရင်းများထဲတွင် အတင်းအကြပ် နေရာရွှေ့ပြောင်းခိုင်းမှုနှင့် ပိုင်ဆိုင်ပစ္စည်းများဖျက်ဆီးပစ်မှု ဆက်လက်ရှိနေသေးကြောင်း ပါဝင်သည်။ အတင်းအကြပ် နေရာရွှေ့ပြောင်းခြင်းကို နအဖ၏စစ်သားများက မကြာခဏ ဆောင်ရွက်ရာတွင် အတင်းအကြပ်ဝင်ရောက်ပြီး ပစ္စည်းများကိုဖျက်ဆီးခြင်း၊ လုယက်ခြင်းများ ကျူးလွန်မှုများရှိသည်။ ထိုသို့ပြုကျင့်ခံရမှုအတွက် လျော်ကြေး မရရှိကြပါ။ ဤဖိနှိပ်သည့်မူဝါဒများ ကျယ်ကျယ်ပြန့်ပြန့် သိနေသော်လည်း နေရာရွှေ့ပြောင်းစေခြင်းများကို နအဖမှ နှစ်ပေါင်းများစွာ ဆက်လက်ဆောင်ရွက်နေခဲ့သည်။ ဤသို့ဆောင်ရွက်ချက်များကို စီးပွားရေးဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ချက်များ၊ သူပုန်များ၏နယ်မြေများကို ထိန်းချုပ်ရေး ကြိုးပမ်းချက်များအဖြစ် အထင်ရောက်စေခဲ့သည်။

နိုင်ငံခြားသားခရီးသည် လုပ်ငန်းမြှင့်တင်ရေးဖို့ရာ အသိများသော လုပသာယာရေးစီမံကိန်းအတွက် အချို့ကျေးရွာ များကိုပြောင်းရွှေ့သည်။ အချို့ကျေးရွာများကို အခြေခံအဆောက်အအုံ စီမံကိန်းများ၊ သို့မဟုတ် စစ်အခြေခံစခန်းတည်ဆောက်ရေး၊ သို့မဟုတ် စစ်ရေးပဋိပက္ခဇုံများမှ ကင်းလွတ်ရေးနှင့် တော်လှန်ရေးအုပ်စုများအား အထောက်အပံ့နှင့် ရိက္ခာဖြတ်တောက်ရေးများအတွက် ပြောင်းရွှေ့ခြင်းဖြစ်သည်ဟု ထုံးစံ အတိုင်း ဆင်ခြေပေးသည်။

ဤသည်များက အနာဂတ်အခြေခံဥပဒေဖြင့် ပြည်သူလူထု၏ ပစ္စည်းပိုင်ဆိုင်ခွင့် အခွင့်အရေးနှင့် ပစ္စည်းပိုင်ဆိုင်မှုကို မတရားသိမ်းယူခြင်း၊ ဖျက်ဆီးခြင်းမှ အကာအကွယ်ပေးရမည့် မြန်မာနိုင်ငံနှင့်စပ်ဆိုင်သော အနေအထားဖြစ်သည်။ ရွှေ့ပြောင်းရန် လိုအပ်ပါက ဥပဒေနှင့်အညီ လျော်ကြေးရပိုင်ခွင့်ကို ပြဌာန်းပေးရန်လိုအပ်သည်။ အကယ်၍ အနာဂတ်

အခြေခံဥပဒေသည် အဆိုပါပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းခြင်းမရှိပါက မတော်မတရားအတင်း အကြပ်ရွှေ့ပြောင်းခိုင်းခြင်း မူဝါဒသည် ကျယ်ကျယ်ပြန့်ပြန့် ဆက်ရှိနေမည့်ပုံဖြစ်သည်။ နအဖသည် ၎င်းတို့၏ အခြေခံဥပဒေဆိုင်ရာမူများတွင် ဤလိုအပ်သော ကြိုတင်ကာကွယ်မှုများ ထည့်သွင်းရန် ပျက်ကွက်ခြင်းသည် အလွန်စိုးရိမ်ဘွယ်ဖြစ်သည်။

ပုဂ္ဂလိကကျောင်းများ ထူထောင်ခွင့်

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာစာချုပ်တွင် ပုဂ္ဂလိကကျောင်းများထူထောင်ခွင့်ကို ပြဋ္ဌာန်းထားသည်။ သာမန်အားဖြင့် နိုင်ငံတနိုင်ငံ၏ အခြေခံဥပဒေမူများတွင် ဤအခွင့်အရေးကို ထည့်သွင်းတတ်ကြသည်။ သို့သော် နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများတွင် ပညာရေးကိစ္စကို မည်သို့မျှထည့်သွင်းဖော်ပြထားခြင်း မရှိသည်မှာ အထူးအဆန်းမဟုတ်ဘဲ ပြည်သူများ၏ ပညာရေးကို ကျားသနားမှ နွားချမ်းသာ ပုံစံမျိုးပြုထားခြင်းဖြစ်သည်။

အခြေခံဥပဒေဆိုင်ရာမူများတွင် ပညာရေးဆိုင်ရာ အခွင့်အရေးပြဋ္ဌာန်းချက်မူများမပါဝင်ခြင်းသည် အထူးသဖြင့် ပညာရေးဌာနများကိုဖိနှိပ်ထားခြင်း၊ ပညာရပ်ဆိုင်ရာ ဘာသာရပ်များကို အလွန်အကျွံ ကန့်သတ်ထားခြင်းသည် ၎င်းတို့၏ ဆိုးဝါးသော လုပ်ရပ်ကို နိုးဆော်ပေးရန် အကြောင်းရင်းတရပ်ဖြစ်သည်။ အကောင်းဆုံးသော ကျောင်းများတွင် နေရာရရန် ပညာသင်အထောက်အပံ့ **(Scholarship)**နှင့် နိုင်ငံခြားပညာသင်ကြားခွင့်ရရန် အခွင့်အလန်းများကိုလည်း နအဖ၏ ထိပ်တန်းပုဂ္ဂိုလ်များ အထူးသဖြင့် စစ်တပ်နှင့် ဆက်စပ်သူများအတွက် သီးသန့်ထားရှိသည်။ စစ်တပ်အုပ်ချုပ်မှု ဆက်လက်ရှင်သန်ရေးကို ခြိမ်းခြောက်သော ကျောင်းသားများကို တန်ပြန်ရန် ကြိုးပမ်းရာတွင် အုံကြွမှု၊ မငြိမ်မသက်မှုများကို ဟန့်တားရန်အလို့ငှာ ဆရာဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများအား စနစ်တကျနှိမ်နင်းရန် ရည်ရွယ်လျှက် မူဝါဒများ ချမှတ်လုပ်ဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ် ဆန္ဒပြမှုအပြီး ပညာရေးဆိုင်ရာတက္ကသိုလ်များကို ပိတ်ခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် နအဖ၏ အာဏာကို လျှော့ပါးစေမည့် အုံကြွမှုများကို စနစ်တကျ ဖိနှိပ်ခဲ့ကြောင်း တွေ့နိုင်သည်။

စုပေါင်းအခွင့်အရေး

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး

ပြည်သူများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူရေးအခွင့်အရေးမူကို ကုလသမဂ္ဂပဋိညာဉ် အပိုဒ် (၁)(၂) နှင့် အပိုဒ် (၅၅) တွင် ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်များ

သည် တစုံတရာရှင်းလင်းမှုမရှိပေ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ ဥပဒေအရ အကျိုးဆက်ကို မရှင်းလင်းထားပေ။ ဤပြဋ္ဌာန်းချက်များသည် ဥပဒေအရ လုံးဝတာဝန်ရှိစေသလား ဆိုသည်ကို သံသယ ဖြစ်စေသည်။ သို့သော်ငြားလည်း ဤအခွင့်အရေးကို နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစာချုပ်နှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့်ဆိုင်ရာ နိုင်ငံတကာစာချုပ်အပိုဒ် (၁) တွင်လည်း ပြဋ္ဌာန်းထားသည်။

ကိုယ်ပိုင်အစိုးရ မရှိသောနယ်မြေများ၊ အစောင့်အရှောက်ခံ နယ်မြေများ **(Mendate territories or trust territories)** ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုထားသည်။ ထို့အပြင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကျင့်သုံးမှုတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏စံ **(Juscogens)** အဖြစ်မှတ်ယူသည့် နိုင်ငံတကာဥပဒေ၏အခြေခံမှုအဖြစ် မြဲမြံလျက်ရှိသည်။ သို့သော်လည်း ကိုယ်ပိုင်အစိုးရမဟုတ်သောနယ်မြေ သို့မဟုတ် အစောင့်အရှောက်ခံ နယ်မြေဟူသည့်ဘောင်နှင့် အံမဝင်သည့် (ဥပမာ – မြန်မာနိုင်ငံကဲ့သို့) နယ်မြေများအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အသုံးချခြင်းမှာ ပို၍ရှုတ်ထွေးပေသည်။

ထိုမူအား အခြေခံအခွင့်အရေးအဖြစ် အသိအမှတ်ပြုထားသော်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဖွံ့ဖြိုးတိုးတက်မှုက နောက်ဆက်တွဲအကျိုးဆက်အဖြစ် ခွဲထွက်ခွင့်၏ တရားဝင်မှုအထိ ပေးမထားပေ။ ထိုသို့ပေးမထားခြင်းကို ၁၉၇၀ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ကျေညာချက်တွင် ရှင်းလင်းဖေါ်ပြထားသည်။

နိုင်ငံတကာစာချုပ် (၂) ခု၏ အပိုဒ် (၁) များတွင် လူအားလုံး **"all people"**က အခွင့်အရေးအား ဆက်လက်ကျင့်သုံးနိုင်သည်ဟု ဖေါ်ပြထားခြင်းကို နိုင်ငံပုံသဏ္ဍာန်ထူထောင်ထားပြီးသော နိုင်ငံအတွင်း နိုင်ငံရေးအဆင့်အတန်းကို ဆုံးဖြတ်သည့် အခွင့်အရေးများ၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုတို့ကို ဆောင်ရွက်သည့် အခွင့်အရေးများစသည်တို့ကို ကိုယ်ပိုင် အုပ်ချုပ်မှုပုံစံနှင့် ကျင့်သုံးနိုင်သော အခွင့်အရေးဟု အဓိပ္ပါယ်ပြန်ဆိုနိုင်သည်။

ဤအဓိပ္ပါယ်ကို နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာစာချုပ် အပိုဒ် (၂၇) က ထောက်ခံထားသည်။ ထိုအပိုဒ်တွင် လူနည်းစုများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကျင့်သုံးခွင့်၊ ၎င်းတို့၏ ဘာသာရေးဝတ်ပြု ကိုးကွယ်ခွင့်များ ဘာသာစကားပြောဆိုခွင့်များကို သတ်မှတ်ပြဋ္ဌာန်းထားပေးသည်။ ခွဲထွက်ခွင့်မပါသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို အာမခံခြင်းသည် မြန်မာနိုင်ငံကဲ့သို့ လူမျိုးစုကွဲပြားစွာ တည်ရှိသောနိုင်ငံများအဖို့ အရေးကြီးပေသည်။

## လူနည်းစုအခွင့်အရေး

နိုင်ငံသား၊ နိုင်ငံရေးဆိုင်ရာနိုင်ငံတကာစာချုပ် အပိုဒ် (၂၇) တွင် – လူမျိုးစုတိုင်းရင်းသားများ၊ ဘာသာစကား သို့မဟုတ် ကိုးကွယ်သည့် ဘာသာဆိုင်ရာ လူနည်းစုအများအပြားရှိသော နိုင်ငံများတွင် အခြားသောလူမျိုးနှင့် လူ့အဖွဲ့အစည်းအဖြစ် စုစည်းနေထိုင်ပါက ထိုလူနည်းစုများ၏ ယဉ်ကျေးမှုဆိုင်ရာ အသုံးပြုခွင့်၊ ဘာသာရေး

ဆိုင်ရာကျင့်ကြံခွင့်၊ ဘာသာစကား အသုံးပြုခွင့်များကို ငြင်းပယ်ခြင်း မရှိစေရဟု ပြထားသည်။

ဤပြဋ္ဌာန်းချက်သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ ယေဘုယျစည်းမျဉ်းများကို ထည့်သွင်းထားခြင်းဖြစ်သည်။ ထို့အပြင် ထိုအခွင့်အရေးကို ပုဂ္ဂလိကအခွင့်အရေးအဖြစ် ပုံဖော်ထားခြင်းဖြစ်သည်။ စုပေါင်းအခွင့်အရေးမဟုတ်ပေ။ ဥပမာ – လူနည်းစုတွင် ပါဝင်သောအဖွဲ့ဝင်များ၏ အခွင့်အရေးဖြစ်သည်။ သို့သော် မကြာသေးမီကမှ အုပ်စုလိုက် အမြင်သို့ ရွေ့ရှုလာကြ သည်။ လူနည်းစုအခွင့်အရေးများကို ၁၉၉၂ ခုနှစ် ကုလသမဂ္ဂ၏ လူနည်းစုဆိုင်ရာ အခွင့်အရေးကြေညာချက်တွင် ပို၍တိတိကျကျ ပြဋ္ဌာန်းလာခဲ့သည်။ ဤကြေညာချက်က လူနည်းစုအခွင့်အရေးကို ခွင့်ပြုသော်လည်း နိုင်ငံ၏နယ်မြေဆိုင်ရာ တည်တံ့ ခိုင်မြဲမှုကို အလေးထားပေသည်။

နိုင်ငံသား၊ နိုင်ငံရေးဆိုင်ရာနိုင်ငံတကာစာချုပ် အပိုဒ် (၂၇) ပါ ဤအခွင့်အရေးများကို နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများတွင် အကာအကွယ်မပေးထားခြင်းသည် လူနည်းစုများ၏ နိုင်ငံရေးနှင့် လူမှုရေးတန်းတူမှုကို လစ်လျူရှုရန်ငြင်းပယ်ရန် နအဖအား အမြဲတမ်းအတွက် လိုင်စင်ပေးထားခြင်းဖြစ်သည်။ ထို့အပြင် လူမျိုးစုများ၏ ယဉ်ကျေးမှုဆိုင်ရာတည်ရှိမှုအား ထိန်းသိမ်းခြင်းအခွင့်အရေးကိုဖိနှိပ်ရန် အခွင့်အလမ်းပေးထားခြင်းဖြစ်သည်။ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် နှင့် တိုင်းနှင့်ပြည်နယ်များရှိ လွှတ်တော်များတွင် စစ်တပ်နှင့်စစ်တပ်ထောက်ခံသူများ လွှမ်းမိုးရန်အာမခံထားသည်။ ထို့အပြင် တိုင်းနှင့် ပြည်နယ်အစိုးရများတွင် ဥပဒေပြုခွင့်အာဏာရှိ၊ မရှိဆိုသည်မှာ မသေချာပေ။ အသေးစိတ်များကို ရှင်းပြထားမှုမရှိခြင်း၊ တိုင်းရင်းသားလူမျိုးစုများကို နိုင်ငံရေးတွင်ပါဝင်ခွင့် အညီအမျှပေးမှုကို အခိုင်အမာမဖော်ပြခြင်းသည် အဆိုပြုထားသော နအဖ၏ အခြေခံဥပဒေတွင် ဤအခွင့်အရေးများကို အာမခံလိမ့်မည် မဟုတ်ကြောင်း ယူဆဘွယ်ရာဖြစ်စေသည်။

မြန်မာနိုင်ငံတွင် လူနည်းစု၊ လူမျိုးစုပေါင်းစုံရှိသည်။ အချို့လူမျိုးများသည် အစိုးရကို ဆန့်ကျင်သည့် ရေရှည်စစ်ပွဲတွင် ပါဝင်ကြသည်။ ထိုပါဝင်မှုကြောင့် ဖိနှိပ်မှုကို အခြေခံဥပဒေဖြင့် လမ်းဖွင့်ထားပေးရခြင်းဆိုသည်ကို လက်ခံနိုင်ဘွယ်ရာ မရှိပေ။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှင့်လည်း မကိုက်ညီပေ။ လူနည်းစုအခွင့်အရေးများကို အာမခံထားသော ပြဋ္ဌာန်းချက်များ ထည့်သွင်းမဖော်ပြခြင်းသည် နအဖအနေဖြင့် ၎င်းတို့၏ ယိမ်းယိုင်နေသောအနေအထားကို အဆိုပါအခွင့်အရေးများ အာမခံပေး၍ စွန့်စားရန် ရည်ရွယ်ချက်မရှိကြောင်း ညွှန်ပြမှုတခုအဖြစ် အဓိပ္ပါယ်ကောက်နိုင်သည်။

### လူသားအကျိုးနှင့်ဆိုင်သော ဥပဒေမှတ်စု

လူသားအကျိုးနှင့်ဆိုင်သောဥပဒေသည် စစ်ပွဲဆင်နွှဲခြင်းနှင့် သက်ဆိုင်သော ဥပဒေများကို စံစည်းမျဉ်း သတ်မှတ်သည် **(Jus ad bellum)**။ ထို့အပြင် စစ်ပွဲတွင် ပါဝင်သောနိုင်ငံ၏ ပြုမှုဆောင်ရွက်ရမည့်စံ စည်းမျဉ်းသတ်မှတ်သည့် ဥပဒေ **(Jus in bello)**

ဖြစ်သည်။ ကျယ်ကျယ်ပြန့်ပြန့်အသိများသော လူသားအကျိုးနှင့်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက်များမှာ ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗဲန်ရှင်း (၄) ခုဖြစ်သည်။

ဂျီနီဗာကွန်ဗဲန်းရှင်းနှင့် ၁၉၇၇ ခုနှစ် နောက်ဆက်တွဲသဘောတူညီချက် (၂) ခုသည် နိုင်ငံတနိုင်ငံအနေဖြင့် ကွန်ဗဲန်ရှင်း စာချုပ်အဖွဲ့ဝင်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ စစ်ပွဲအတွင်း မချိုးဖေါက် မကျူးလွန်ရမည့် လူသားတိုင်းစာနာမှု၏ အနိမ့်ဆုံးစံများ သတ်မှတ်ပေးရန် အခြေခံမှုများကို ချမှတ်ထားပေးသည်။ ဤအခြေခံမှုများတွင် အရပ်သားနှင့်စစ်သားများအကြား ကွဲပြားခြားနားသည့်မှုများ၊ စစ်ရေးရည်မှန်းချက်နှင့် လုပ်ဆောင်ချက်အချိုးကိုက်ညီမှုမှုများ၊ မလိုလားအပ်ဘဲ ဒုက္ခသုက္ခ ခံစားရစေခြင်းအား တားမြစ်မှုနှင့် ရန်လိုမှုပဋိပက္ခတွင် မပါဝင်သူများအား ကာကွယ်ရေးများပါဝင်သည်။

နိုင်ငံတကာလူသားအကျိုးနှင့်ဆိုင်သော ဥပဒေကိုလေးစားခြင်းသည် အထူးသဖြင့် နှစ်ပေါင်း (၅၀) နီးပါးမျှ လူနည်းစု၊ လူမျိုးစုများအပေါ် တိုက်ခိုက်နေသော ပြည်တွင်းစစ် ဖြစ်ပွားနေသည့် မြန်မာပြည်အတွက် အဓိကကျသည်။ ဂျီနီဗာ သဘောတူညီချက် အပိုဒ် (၃) တွင် လူသားအကျိုးနှင့်ဆိုင်သော ဥပဒေ၏ အခြေခံအဖြစ် အသိအမှတ်ပြုထားသော အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ ဂုဏ်အဆင့်များပါရှိသည်။ ထို့ကြောင့် ဤသဘောတူစာချုပ်ကို လက်ခံအတည်ပြုထားသည်ဖြစ်စေ၊ အတည်မပြုသေးသည်ဖြစ်စေ နိုင်ငံတိုင်းအပေါ် စည်းနှောင်အားရှိသည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် စာချုပ်ကို ချိုးဖေါက်ပါက ပြစ်ဒဏ်ပေးရမည်ကို ဥပဒေပြဋ္ဌာန်းရန်တာဝန်ရှိသည်။ ထိုပြဋ္ဌာန်းချက်များကို လက်နက်ကိုင် တပ်ဖွဲ့များသို့လည်း ဖြန့်ဝေပေးရန်တာဝန်ရှိသည်။ စစ်ဆင်ရေးများတွင် လိုက်နာအကောင်အထည်ဖေါ်ရန် တာဝန်ရှိသည့် ဤမှုနှင့်ပတ်သက်ပြီး နအဖ၏ အခြေခံဥပဒေဆိုင်ရာမှုများ၌ တစုံတရာပြဋ္ဌာန်းထားခြင်းမရှိပေ။ ထို့ကြောင့် စစ်ဆင်ရေးများတွင် ဖြစ်နိုင်ချေရှိသော ဥပဒေစည်းမျဉ်းများချိုးဖေါက်မှု၊ မတော်မတရားပြုမှုများအတွက် အကာအကွယ်ပေးထားခြင်း မရှိပေ။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၏ အထူးဆောင်ရွက်ခွင့်များကို လေးစားရမည့် ပြဋ္ဌာန်းချက် တစုံတရာလည်း မရှိပေ။

## စီဒေါနှင့် ကလေးအခွင့်အရေး

နအဖသည် ၁၉၇၉ ခုနှစ် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးစာချုပ် (စီဒေါ) နှင့် ၁၉၈၉ ခုနှစ် ကလေးအခွင့်အရေးစာချုပ်ကို လက်မှတ်ရေးထိုးထားသော်လည်း ထိုစာချုပ်ပါ တာဝန်ဝတ္တရားများကို လိုက်နာစောင့်ထိန်းရေးကို အခြေခံဥပဒေဆိုင်ရာမှုများတွင် ထည့်သွင်းထားခြင်းမရှိပေ။

မြန်မာနိုင်ငံသည် အထက်ပါစာချုပ်နှစ်ရပ်ကို လက်မှတ်ထိုး အတည်ပြုထားသောကြောင့် စာချုပ်ပါစည်းမျဉ်းများကို အကောင်အထည်ဖေါ်ရုံမျှလောက်သာ ဆောင်ရွက်သည်။ ဤသည်မှာ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းက စာချုပ်ကို ထိရောက်မှုရှိရန် ပြည်တွင်း၌ လိုအပ်သော ဆောင်ရွက်မှုများကိုလုပ်ဆောင်ရမည်ဟူသော မှုနှင့်ဆန့်ကျင်နေပေသည်။ စာချုပ်တခု ချင်းစီ၏အခြေခံမှုများကို အားပေးလုပ်ဆောင်မှုမရှိသဖြင့် နအဖ

၏ အခြေခံဥပဒေဆိုင်ရာမူများသည် စီဒေါစာချုပ်နှင့် ကလေးအခွင့်အရေး စာချုပ်ပါ တာဝန်ဝတ္တရားများနှင့် မဆီလျော်ပေ။ စာချုပ်ပါတာဝန်ဝတ္တရားများ မြန်မာပြည်မှ လိုက်နာမည်ဟု တာဝန်ခံထားချက်များကို အခြေခံဥပဒေဆိုင်ရာမူများတွင် ထည့်သွင်းမပြဋ္ဌာန်းခြင်းသည် နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများကိုပယ်ချရန် ဖြစ်လာစေလိမ့်မည်။

ကမ္ဘာ့ကလေး စစ်သားအသုံးပြုမှု အများဆုံးဟု အထောက်အထားရှိသည့် လူ့အဖွဲ့အစည်းတွင် ကလေးများကို အကာအကွယ်ပေးခြင်းသည် အခြေခံကျပေသည်။ နအဖ၏ လက်နက်ကိုင်တပ်များနှင့် အတိုက်အခံလက်နက်ကိုင်အဖွဲ့များပါ ၎င်းတို့၏ လှုပ်ရှားမှုများတွင် ကလေးစစ်သားများ အသုံးပြုသည့် အထောက်အထားများ ရှိနေပေသည်။ အချို့မှာ မိမိတို့သဘောဆန္ဒအလျောက် စစ်တပ်ထဲဝင်သော်လည်း အချို့ကိုမူ အတင်းအကြပ် စစ်ထဲသွင်းခြင်းခံကြရသည်။ အများစုမှာ အသက် (၁၈) နှစ်အောက် ကလေးသူငယ်များ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ကလေးစစ်သားသစ်များ အမြဲတမ်း ရှိနေဦးမည့်အချက် အလက်များရှိသည်။ ထိုအချက်များမှာ ပညာရေးဆိုင်ရာ အခွင့်အလမ်းများမရှိခြင်း၊ ပြည်တွင်းအိုးအိမ်မဲ့များ များပြားလွန်းခြင်း၊ စီးပွားရေးအကြပ်အတည်းနှင့် ပြည်တွင်းစစ် ဆက်လက်ရှိနေခြင်းတို့ဖြစ်သည်။ ကလေးစစ်သားများသည် မိုင်းထောင်ကြရသည်။ အသေခံအဖွဲ့တွင် ပါကြရသည်။ ရိက္ခာသယ်ပို့ကြရ၊ ထောက်လှမ်းရေးအဖြစ် လုပ်ကိုင်ပေးကြရ၊ သတင်းပေးပို့ကြရ၊ ကင်းစောင့်ကြရနှင့် မကြာခဏ တိုက်ပွဲများတွင် ပါဝင်ကြရသည်။

၁၉၉၁ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးခဲ့သော ကလေးအခွင့်အရေးစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ စစ်တပ်များ၌ အသက် ၁၅ နှစ် မပြည့်သေးသူ မည်သူ့ကိုမဆို တပ်သားသစ်အဖြစ် လက်ခံခြင်းမှရှောင်ကြဉ်ရန် တိတိကျကျ ဆိုထားသည်။ စာချုပ်အဖွဲ့ဝင်များသည် အသက် ၁၅ နှစ်မပြည့်သေးသူများကို စစ်ပွဲများတွင် မပါဝင်စေရန် သင့်လျော်သော ဆောင်ရွက်မှုများလုပ်ဆောင်ရန် တာဝန်လည်းရှိသည်။ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် မြန်မာ့တပ်မတော် အက်ဥပဒေတွင်ပါရှိသော အဆိုပါ တာဝန်ဝတ္တရားများရှိပင် ရှိသော်လည်း ဤအချက်များကို လိုက်နာမှုပျက်ကွက် နေသည်။ ထို့ကြောင့် စာချုပ်ပါအချက်များကို အကောင်အထည်ဖော်မှုမရှိသည့် အထောက်အထားများရှိသည်။

လွန်ခဲ့သည့် (၇) နှစ်နီးပါးခန့်က စီဒေါစာချုပ်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးအတည်ပြုထားသော်လည်း စာချုပ်ပါပြဋ္ဌာန်းချက်များကို မဆောင်ရွက်သလောက်ပင်။ မြန်မာအမျိုးသမီးများသည် ပညာသင်ကြားရေးတွင် ခွဲခြားခြင်းခံနေကြရသည်။ ကျန်းမာရေးစောင့်ရှောက်မှု မလုံလောက်ပေ။ မိသားစုစီမံကိန်းနည်းနာများ နည်းပါးသည်။ အမျိုးသမီးများ လူ့အခွင့်အရေးချိုးဖောက်ခံကြရသည်။ စီးပွားရေးနှင့် နိုင်ငံရေးဖိနှိပ်မှုနှင့်အတူ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု၊ မုဒိမ်းကျင့်ခံရမှု၊ လူကုန်ကူးခံရမှု အတင်းအကြပ် လုပ်အားစေခိုင်းမှုနှင့် အတင်းအကြပ် နေရာရွှေ့ပြောင်းခံရမှုများ ခံကြရသည်။

နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများတွင် မြန်မာပြည်၏ ဤအရေးပါသော ကိစ္စရပ်များကို မထည့်သွင်းခြင်းသည် စီဒေါ် စာချုပ်ပါ တာဝန်ဝတ္တရားများကို လုံးဝ ဂရုမစိုက်ကြောင်း ပြသနေပေသည်။

## အပိုင်း (၇)
## ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် အငြင်းပွားဘွယ်ရာ နိုင်ငံရေးဝေါဟာရဖြစ်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွင် ခွဲထွက်ခွင့်ပါ၊ မပါဆိုသည်မှာ တိတိကျကျ အဓိပ္ပါယ် မသတ်မှတ်နိုင်သည့် ဝေါဟာရဖြစ်သည်။ သို့သော်လည်း လူမျိုးစုလက်နက်ကိုင်အဖွဲ့များနှင့် ဗမာမဟုတ်သော လူမျိုးစုများသည် ပြည်ထောင်စု တန်းတူရေးအခြေခံအတွင်းမှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးရန်အတွက် လှုပ်ရှားတိုက်ပွဲဝင်လျက်ရှိသည်။ သို့ဖြစ်၍ ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုကျင့်သုံးရန် ဗဟိုနှင့် ပြည်နယ်များ ဥပဒေပြုလွှတ်တော်၊ တိုင်းဥပဒေပြုလွှတ်တော်များအကြား အာဏာခွဲဝေကျင့်သုံးမှုများကို ရှင်းလင်းစွာ ဖေါ်ရန် လိုအပ်သည်။

နအဖ အခြေခံမူများ ဥပဒေဆိုင်ရာ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ဥပဒေပြုရေး၊ စီမံအုပ်ချုပ်ရေးနှင့်စပ်လျဥ်း၍ အာဏာခွဲဝေကျင့်သုံးမည့်မူများ တစုံတရာ ပြဋ္ဌာန်းထားခြင်း မရှိပေ။ ပြည်ထောင်စုက ကျင့်သုံးနိုင်သော အာဏာစာရင်း မရှိသလို ပြည်နယ်များက ကျင့်သုံးနိုင်သည့် အာဏာစာရင်းလည်း မရှိသေးပေ။ ပြည်ထောင်စုက စွက်ဖက်ကျင့်သုံးခွင့်မရှိသော ပြည်နယ်များကျင့်သုံးမည့်အာဏာများလည်း ပြဋ္ဌာန်းချက်မရှိပေ။ ပြည်နယ်များ၏ ဘဏ္ဍာရေးအာဏာကိုလည်း ရှင်းပြထားခြင်းမရှိ။ အခွန်ငွေခွဲဝေသတ်မှတ်မှုနှင့် ပတ်သက်၍ ဒီမိုကရေစီနည်းကျစွာ တာဝန်ယူမှုရှိရမည်။ ထို့အပြင် တပြေးညီလူနေမှု အဆင့်အတန်းများရရှိရန် ဆင်းရဲသော ပြည်နယ်အစိုးရများအား အခွန်တော်ငွေခွဲဝေရေးကို ဆောင်ရွက်ပေးသင့်သည်။ ပြည်ထောင်စုနှင့်ပြည်နယ်များအကြား စီမံခန့်ခွဲရေး ဆက်စပ်မှုကို အခြေခံဥပဒေမူတွင် ဖေါ်ပြရန်လိုအပ်သည်။ ထို့အပြင် လူများစု၏ အာဏာရှင်ဆန်သော ဗဟိုချုပ်ကိုင်မှုကို ဆန့်ကျင်သည့် ပြဋ္ဌာန်းချက်များ ဖေါ်ပြသင့်သည်။ သို့သော် ဤကိစ္စရပ်များကို နအဖအခြေခံဥပဒေမူတွင် ဖေါ်ပြခြင်း မရှိပေ။

မြန်မာပြည်ကို အာဏာရှင်အုပ်ချုပ်ရေးမှ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ အသွင်ပြောင်းရန်အတွက် တင်းကြပ်သော ဗဟိုချုပ်ကိုင်မှုကို စွန့်လွှတ်၍ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းကို အကောင်အထည်ဖေါ် ကျင့်သုံးရမည်။ ဗဟိုချုပ်ကိုင်မှုလျော့ချရေး အောင်မြင်ရန် အခြေခံဥပဒေသည် ပြည်နယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုသာမက ပြည်နယ်များနှင့် ပြည်နယ်တခုချင်းစီအတွင်းရှိ ဒေသဆိုင်ရာနယ်ပယ်များ **(Local areas)** နှင့် ဒေသအစိုးရများကိုပါ ကိုယ်ပိုင်အုပ်ချုပ်ရေးကို အာမခံရမည်။ ဤအချင်းအရာနှင့်စပ်လျဥ်း၍

နအဖသည် ရှင်းလင်းသော အခြေခံမှုကိုပြဌာန်းထားခြင်းမရှိပေ။ သို့သော် နအဖ သည် အနာဂတ် အခြေခံဥပဒေနှင့်အညီ တင်းကြပ်သော ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးမည်ဖြစ်ကြောင်း ရည်ညွှန်းထားသည်။ ဤသည်မှာ အသစ်အဆန်းမဟုတ်ပေ။ နအဖသည် လွန်ခဲ့သော (၁၅) နှစ်အထိ အခြေခံဥပဒေမရှိဘဲ တင်းကြပ်သော ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးခဲ့သည်။

နအဖသည် စီမံမှုအဆောက်အအုံကိုသာဖေါ်ထားပြီး ထိုအဆောက်အအုံကို မည်သို့ ဆောင်ရွက်သွားမည်ကို မဖေါ်ပြထားပေ။ အာဏာသည် ထိပ်ပိုင်းမှကြီးထွားစေပြီး ထိပ်ပိုင်း၏ သရုပ်ဖေါ်ချက်သာဖြစ်သည်။ ၁၉၄၇ ခုနှစ်အခြေခံဥပဒေတွင်မူ အာဏာခွဲဝေပေးမှုကို ပြဌာန်းထားသည်။ ပြည်ထောင်စုဥပဒေပြုဇယား၊ ပြည်နယ်ဥပဒေပြုဇယားနှင့် ထပ်တူဥပဒေပြုဇယားဟူ၍ ဇယား (၃) ခုဖြင့် ခွဲဝေထားသည်။ အကယ်၍ အခြေခံမှုများသည် အခြေခံဥပဒေရေးဆွဲမည့်သူများကို အာဏာခွဲဝေကျင့်သုံးရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်မပေးထားပါက အခြေခံဥပဒေရေးဆွဲသူများသည် ပြည်နယ်အသီးသီး၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ငြင်းပယ်လျက် တပြည်ထောင်စုစနစ်ဆီသို့ ဦးတည်သွားကြမည် ဖြစ်သည်။ အစိုးရ၏ အစီအစဉ်မှာ အောက်တွင်ဆွေးနွေးထားသကဲ့သို့ အထက်ဖေါ်ပြပါအချက်များကို အခိုင်အမာ ဖြစ်စေမည် ဖြစ်သည်။

## ပြည်နယ်အစိုးရများ

နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများအရ ပြည်နယ်ဝန်ကြီးချုပ်ကို ပြည်နယ်ဥပဒေပြုလွှတ်တော် အမတ်များထဲမှ ထိုလွှတ်တော်၏ သဘောတူညီချက်ဖြင့် သမတက ခန့်အပ်သွားမည် ဖြစ်သည်။ ပြည်နယ်ဝန်ကြီးချုပ်ဖြစ်ရန် အရည်အချင်း မပြည့်မီကြောင်း အခိုင်အမာ သက်သေမပြနိုင်လျှင် ကန့်ကွက်ခွင့်မရှိပေ။ ပြည်နယ်လွှတ်တော်မှ သဘောမတူညီပါက သမတသည် ပြည်နယ်လွှတ်တော်သို့ အမည်စာရင်းအသစ်တင်ခွင့်ရှိသည်။ အကယ်၍ ပြည်နယ်လွှတ်တော်က ထပ်မံ၍ အတည်မပြုလျှင် ဘာဆက်လုပ်မလဲဆိုသည့် ပြဌာန်းချက်မရှိပေ။

ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တပ်မှပုဂ္ဂိုလ်အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများအဖြစ် ခန့်အပ်ရမည်။ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးများစာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြရမည်။ သို့သော် ခိုင်လုံသော အထောက်အထား မတင်ပြနိုင်က လွှတ်တော်မှ ကန့်ကွက်ခွင့်မရှိပေ။ လွှတ်တော်မှ ကန့်ကွက်ခဲ့ပါက မည်သို့ဆက်ဆောင်ရွက်ရမည်ကို မပြဌာန်းထားပေ။ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် သမတကို တာဝန်ခံရမည်ဖြစ်သည်။ ပြည်နယ်အတွင်း ဥပဒေဆိုင်ရာအရာရှိများကို ခန့်အပ်ရာတွင်လည်း ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်က သဘောတူပြီးသော်လည်း သမတ၏ သဘောတူညီချက်ကို ယူရမည်ဖြစ်သည်။ နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများသည် ပြည်ထောင်စုနှင့် ပြည်နယ်အကြား ဥပဒေပြုရေးဆိုင်ရာ ဆောင်ရွက်မှု

များတွင် မည်သို့ ညှိနှိုင်းဆောင်ရွက်ရမည်ကို မရှင်းလင်းထားပေ။

တိုင်းဒေသကိုယ်ပိုင်အုပ်ချုပ်ရေး

အခြေခံဥပဒေဆိုင်ရာမှုများတွင် ဥပဒေပြုရေးအာဏာကို ကြီးကြပ်ရေးအဖွဲ့က ကျင့်သုံးမည်ဟု ဖော်ပြသော်လည်း မှုများကို မဖော်ပြထားပေ။ ထိုအဖွဲ့၏ ဥပဒေပြုခွင့်အာဏာကျင့်သုံးမှုကို အခြေခံဥပဒေက ပြဋ္ဌာန်းရမည်ဟုသာ ဖော်ပြထားသည်။ တပ်အရာရှိများသာ ကြီးကြပ်မှုအဖွဲ့တွင် ပါဝင်စေနိုင်သည်။

ပြည်ထောင်စုနယ်မြေများ

နအဖသည် ရန်ကုန်မြို့တော်ကို ပြည်ထောင်စုနယ်မြေဟူ၍ပုံဖော်ထားသည်။ သမတ၏ စီမံခန့်ခွဲမှုတွင် ထိုဒေသအုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအတွက် မဖော်ပြထားသော်လည်း လိုအပ်သလို သမတ၏ တိုက်ရိုက်စီမံခန့်ခွဲမှုအောက်တွင် ထားရှိလိမ့်မည်။

နအဖ၏ အခြေခံဥပဒေဆိုင်ရာမှုများတွင် သမတသည် ရန်ကုန်မြို့တော် ကောင်စီကို ဖွဲ့စည်းရမည်ဟု ဖော်ပြထားသည်။ ဥက္ကဋ္ဌအပါအဝင် ကောင်စီအဖွဲ့ဝင်ဦးရေကို သမတက ဆုံးဖြတ်မည်ဖြစ်သည်။ လုံခြုံရေးအတွက် စစ်တပ်အရာရှိကိုလည်း ကောင်စီတွင် ပါဝင်စေမည်ဖြစ်သည်။ ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီဝင်များ မဟုတ်ရပေ။ မြို့တော်ကောင်စီဥက္ကဋ္ဌ၏အဆင့်သည် ပြည်ထောင်စုဝန်ကြီး၏ အဆင့်နှင့် ညီသည်။ ရန်ကုန်မြို့တော် ပြည်ထောင်စုနယ်မြေတခုလုံးသည် ပြည်ထောင်စု၏ မဟာဗျူဟာ ဗဟိုချက်မဖြစ်၍ စစ်တပ်က လုံးဝလွှမ်းမိုးထားမည်ဖြစ်သည်။ အကယ်၍ သမတက ဆန္ဒရှိလျှင် ကောင်စီအဖွဲ့ဝင်နေရာအားလုံးကို စစ်တပ်မှ ပုဂ္ဂိုလ်များကို အမည်စာရင်းတင်နိုင်သည်။ သမတသည် ကာကွယ်ရေး ဦးစီးချုပ်၏ သဘောတူညီမှုမရှိဘဲ စစ်တပ်မှ အရာရှိများကို ဖြုတ်ပစ်နိုင်ခြင်းမရှိပေ။

ကျေးရွာနှင့်ရပ်ကွက်အဆင့်အုပ်ချုပ်ရေး

ကျေးရွာနှင့် ရပ်ကွက်အဆင့်အုပ်ချုပ်ရေးအတွက် ခန့်အပ်မှုကို ဥပဒေနှင့်အညီ ခန့်အပ်ရမည်။ တနည်းအားဖြင့် ကျေးရွာအဆင့်တွင် အခြေခံဥပဒေအခွင့်အရေးများ ခွင့်မပြုထားပေ။ တိုင်းပြည်ကိုဖွဲ့စည်းရာတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးဇုံနှင့်ပတ်သက်၍ ဖော်ပြထားသော်လည်း ဇုံဆိုသည်ကား အဘယ်အရာဖြစ်ကြောင်း မဖော်ပြထားပေ။ ကျေးရွာ၊ မြို့၊ ခရိုင်အုပ်စု နယ်မြေများဟူ၍သာ ဖော်ပြထားပြီး ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ တစုံတရာဖော်ပြထားခြင်း မရှိပေ။

တိုင်းရင်းသားလူမျိုးစုများ

အခြေခံမူ၏ အခန်း (၄) တွင် တိုင်းရင်းသားလူမျိုးစုများနှင့်ပတ်သက်၍

(၁) နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်မည်။

(၂) နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ယိုင်းပင်းကူညီရေးကို တိုးတက်ဖွံ့ဖြိုးစေရန် ကူညီဆောင်ရွက်မည်။

(၃) နိုင်ငံတော်သည် ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်လမ်းပန်းဆက်သွယ်ရေးများအပါအဝင် လူမှုစီးပွားရေး တိုးတက်မှုအတွက် ကူညီမည်ဟူ၍ ဖော်ပြထားသည်။

ဤမူသည် ဘာသာစကား၊ ယဉ်ကျေးမှု၊ ပညာရေးအခွင့်အရေးများနှင့် စည်းလုံးညီညွတ်ရေးတို့နှင့်စပ်ဆိုင်သည်။ သို့သော် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ပြည်နယ်အချုပ်အခြာအာဏာနှင့် ပြည်နယ်အခြေခံဥပဒေများနှင့်စပ်လျဉ်း၍ ဖော်ပြခြင်းမရှိပေ။ နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများတွင် နိုင်ငံတော်အား ဒုက္ခပေးနေသည့် အဓိကပြဿနာရပ်များကို ဖော်ပြထားခြင်းမရှိသည်မှာ ဝမ်းနည်းဘွယ်ရာဖြစ်သည်။ အခြေခံမူတွင် ပြည်ထောင်စုတည်းဟူသော အခြေခံမူအတွင်း တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ပံ့ပိုးပေးသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရှိသမျှ အထက်ပါ ကတိပြုထားသော အချက်သုံးချက်မှာ မည်သည့်အခါမှ အကောင်အထည်ပေါ် လိမ့်မည်မဟုတ်ပေ။

ဘာသာစကားပြဿနာ

ဘာသာစကားသည် ယဉ်ကျေးမှုပျံ့နှံ့စေသည့် ကရိယာဖြစ်သည်။ အတိတ်က ကျောင်းများတွင် တိုင်းရင်းသား ဘာသာစကားများ သင်ကြားရေးနှင့် ဘာသာစကား တိုးတက်ရေးကို ငြင်းပယ်ခဲ့သည်။ သို့မဟုတ် အားမပေးဘဲထားခဲ့သည်။ ဤကဲ့သို့သော မမျှတမှုများကို အခြေခံဥပဒေဆိုင်ရာမူများက ကုစားရမည်ဖြစ်သည်။ သို့သော်ငြားလည်း ထိုကိစ္စနှင့်စပ်လျဉ်း၍ နအဖက တိုင်းရင်းသားများအပေါ် လူများစုဘာသာစကား သွပ်သွင်းလိုသော ဆန္ဒရှိသည်နှင့်အညီ ဘာသာ စကားကိစ္စကို အခြေခံဥပဒေဆိုင်ရာမူများတွင် လုံးဝဖော်ပြထားခြင်းမရှိပေ။ တိုင်းရင်းသား၏ ဘာသာစကားကို ဖိနှိပ်ရန် တိုက်တွန်းမှုများလည်း ရှိသည်။ လက်ရှိတွင်လည်း ဖိနှိပ်မှုများပြုလုပ်လျှက်ရှိသည်။ ဤသည်တို့မှာ အာဏာပိုင် အာဏာရှင်စနစ် အမြစ်ခိုင်မာစေသော ဗဟိုချုပ်ကိုင်မှုစနစ် တည်မြဲစေသော အခြားနည်းလမ်းများဖြစ်သည်။

ဖက်ဒရယ်စနစ်

အခြေခံဥပဒေဆိုင်ရာမူများသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင် ၎င်းတို့၏ အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်သော အာဏာနှင့် နိုင်ငံရေးအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်သော အာဏာများရှိကြောင်း သတ်မှတ်ပေးရမည်ဖြစ်သည်။ ပြည်နယ်များ၏ တရားဝင်ဖြစ်မှုကို လေးစားရမည်။ ပြည်နယ်များသည် ပြည်ထောင်စု အခြေခံဥပဒေ ဘောင်အတွင်း၌ ဖြစ်ရမည်။ ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးသည် ဒီမိုကရေစီ မြှင့်တင်ရေးနှင့် ပဋိပက္ခဖြေရှင်းရေးကို အထောက်အကူပြုမည် ဖြစ်သည်။ ဒီမိုကရေစီ မြှင့်တင်ရေးနှင့် ပဋိပက္ခဖြေရှင်းရေးသည် မြန်မာ့သမိုင်းတွင် အဓိကသော့ချက်များဖြစ်သည်။ တိုင်းပြည်လုံခြုံရေးသည် ပထမ ဒီမိုကရေစီရှိရေးသည် နောက်ဟူသော အယူအဆသည် ကိုလိုနီစနစ်၏ အမွေအနှစ် ဖြစ်သည်။ ခိုင်မာတောင့်တင်းသည့် ဒီမိုကရေစီသည် လုံခြုံရေးကို မည်သည့် အခါမျှ အန္တရာယ်မပြုပေ။ ဆန့်ကျင်ဘက်အားဖြင့် ဒီမိုကရေစီသည် တည်ငြိမ်မှုကို ဖြစ်ပေါ် စေသည်။ နိုင်ငံရေးစနစ်များအတွက် အဟာရဖြစ်သည်။

အစိုးရကောင်း၏ ရှုပ်ထွေးသောလုပ်ငန်းများထဲတွင် ဘဏ္ဍာရေးညီမျှစေမှု၊ လူမျိုးစုများကွဲပြားမှု၊ ဘာသာစကားကွဲပြားမှုနှင့် အစိုးရအချင်းချင်း အပြန်အလှန် ဆက်ဆံမှုများသည် ပြဿနာများအနက် အချို့ဖြစ်သည်။ ဤကိစ္စရပ်များနှင့် စိန်ခေါ်ချက် များကို အခြေခံဥပဒေတွင် ဖေါ်ပြရပေမည်။ နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများသည် စစ်တပ်မှ အာဏာရယူရန် အာရုံပြောင်းသည့် နည်းနာတခုအနေဖြင့် စစ်တပ်အယူအဆ တင်ကာ ဒီမိုကရေစီ တည်ဆောက်ရေးကို တွန်းလှန်ရန် ပုံဖေါ်ထားသည်။ အခြေခံဥပဒေ ဆိုင်ရာမူများသည် ကွဲပြားမှုများအား နေရာပေးရန် အဓိကစိန်ခေါ်ချက်များကို လက်ခံရမည်။ ထို့အပြင် ညှိနှိုင်းဆောင်ရွက်ရမည့် အစီအစဉ်များကို ပုံဖေါ်ရမည်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေသည် ဗဟိုနှင့်ပြည်နယ်များဆက်ဆံရေး အသေးစိတ်ကို ဖေါ်ပြထားခြင်းမရှိပေ။ ဗဟိုနှင့်ပြည်နယ်အကြား ဆက်ဆံရေးအောင်မြင်ရန် ပြည်နယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးနေစဉ် ဗဟိုမှလည်း မှန်ကန်သည့် ဗဟိုချုပ်ကိုင်မှု ရှိရမည် ဖြစ်သည်။ သို့သော်ငြားလည်း တိုင်းပြည်ညီညွတ်ရေး၊ ပြည်နယ်များနှင့်ပြည်မ ချစ်ကြည်ရေးကို ထိန်းသိမ်းရေးဟူသော စကားသံများအောက်တွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို စွန့်လွှတ်ခဲ့ကြသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် လှုပ်ရှားမှု ပြဿနာသည် အချည်းနှီးဖြစ်လာတော့သည်။ စစ်ခေါင်းဆောင် ဗိုလ်ချုပ်နေဝင်း ပုံဖေါ်ခဲ့သော ၁၉၇၄ ခုနှစ် အခြေခံဥပဒေသည် ဒီမိုကရေစီကို လုံးဝငြင်းပယ်ထားသောကြောင့် ပျက်စီးခဲ့ရသည်။ အခြေခံဥပဒေရေးဆွဲသူများသည် သမိုင်း၏သင်ခန်းစာကို ယူသင့်ကြသည်။ လူမှုယဉ်ကျေးမှုကွဲပြားခြားနားသည့် လူ့အလွှာစုံ လူ့အဖွဲ့အစည်းတွင် ဖက်ဒရယ်စနစ်သည်သာ တခုတည်းသော အဖြေဖြစ်ကြောင်း အကြံပြုသင့်သည်။

"ယခု ကျွန်ုပ်တို့ မြန်မာပြည်သစ်ကို တည်ဆောက်ကြရာတွင် ပြည်ထောင်စု အဖြစ် တည်ဆောက်မလား၊ တပြည်ထောင်နိုင်ငံ တည်ဆောက်မလား"ဟု မြန်မာ့

လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် မေလတွင် ကျင်းပသော ဖဆပလ ညီလာခံတွင် မေးခွန်းထုတ်ခဲ့သည်။ ထိုစဉ်က မြန်မာပြည်၏ အခြေခံဥပဒေဆိုင်ရာမူကို ရေးဆွဲနေသော အချိန်ဖြစ်ပြီး ပထမမူကြမ်းကို အတည်ပြုခဲ့ပြီးဖြစ်သည်။ ဗိုလ်ချုပ်၏ အဖြေမှာ "ကျနော့် အယူအဆက တပြည်ထောင်စနစ် ထူထောင်ရန် သင့်မည်မဟုတ်ပါ။ တိုင်းရင်းသား လူနည်းစုများအတွက် အခွင့်အရေးများကိုအာမခံဖို့မှန်ကန်တဲ့ စည်းမျဉ်းပြဋ္ဌာန်းချက်များနှင့် ပြည်ထောင်စုကို တည်ဆောက်ရမယ်။ ကျွန်ုပ်တို့ သတိပြုရမှာက နွားကွဲရင် ကျားဆွဲမယ်"။

## အပိုင်း (၈)
## လူထုအဖွဲ့အစည်း

လူထုအသင်းအဖွဲ့များအား ပြည်သူများနှင့်ဆက်စပ်သော ကွန်ယက်ကိုဖန်တီးသည့် လူထုအဖွဲ့အစည်းများအဖြစ် ကျွန်ုပ်တို့သတ်မှတ်သည်။ ထိုအဖွဲ့အစည်းများသည် အစိုးရအဖွဲ့အစည်း မဟုတ်ပေ။ ထိုအသင်းအဖွဲ့များသည် အပြန်အလှန် ဆက်ဆံမှုရှိကြ၍ ယုံကြည်မှုကိုဖြစ်စေပြီး စုပေါင်းဆောင်ရွက်မှုပုံစံကို အထောက်အကူဖြစ်စေသည်။ ထိုအဖွဲ့အစည်းများသည် လူ့အသိုင်းအဝိုင်းအား ကိုယ့်အားကိုယ်ကိုးရေးနှင့် တဦးကိုတဦးကူညီလျက် အခြားသူများ၏ လူမှုရေးနှင့် စီးပွားရေးဘဝမြှင့်တင်ရေးကိုလည်း ဖြစ်စေသည်။

လူထုအဖွဲ့အစည်းနှင့်ပတ်သက်၍ လူပြောများသော အဓိပ္ပါယ်တခုမှာ – "လူထုအဖွဲ့အစည်းဆိုသည်မှာ ဖြစ်ရပ်များကို ဩဇာလွှမ်းနိုင်ရန်အလို့ငှာ အဆုံးအဖြတ်ပေးသူများနှင့် ထိတွေ့နိုင်စွမ်းရှိ၍ ဒီမိုကရက်တစ် လူ့အသိုင်းအဝိုင်းများအတွင်း ပွင့်လင်းစွာ လုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းများ၏ ကွန်ယက် ဖြစ်သည်။ လူထုအဖွဲ့အစည်းတရပ်တွင် ပြည်သူတရပ်လုံးအကျိုးအတွက် စိတ်ရည်သီးခံ၍ ပြည်သူ့စိတ်ဓါတ်ဖြင့် အချင်းချင်း အပြန်အလှန်လွတ်လပ်စွာ ဆက်သွယ်ဆောင်ရွက်ကြမည့် အဖွဲ့အသင်းအမျိုးမျိုးဖြစ်သည်။ အလွှာစုံ လူ့အဖွဲ့အစည်းအယူအဆ (ဥပမာ အဖွဲ့အစည်းအားလုံး တို့သည် အခြားသူများ၏အခွင့်အရေးကိုမထိခိုက်စေဘဲ လွတ်လပ်စွာ၊ ပွင့်လင်းမျှတစွာ ဆောင်ရွက်နိုင်သည့်စွမ်းရည်) သည် လူထုအဖွဲ့အစည်း၏ အခြေခံကျသော အယူအဆတရပ်ဖြစ်သည်။ ဤနေရာတွင် ဒီမိုကရေစီ၏ အယူအဆ **(Idea of Democracy)** များကို မြှင့်တင်ပေးသော လူ့အဖွဲ့အစည်းသည် တခြားသူများ၏အကျိုးကို အလေးမထားဘဲ မိမိ၏ ကိုယ်ပိုင်ရည်မှန်းချက်အတွက် တကိုယ်ကောင်းဆန်သော အရပ်သားအစုအဖွဲ့များကို ပါဝင်ခွင့်မပြုဟူသောအချက်ကို သတိမူရန် အရေးကြီးသည်။

၁၉၆၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံစစ်အစိုးရသည် ၎င်းတို့အုပ်ချုပ်ရေး ခိုင်မာတောင့်တင်းလာစေရန် စီးပွားရေး၊ ပညာရေးစနစ်များအား လက်ဝါးကြီးအုပ်ထားသည်။ ဗြူရိုကရေစီများလည်း လွတ်လပ်သည့် ပြည်သူ့ဝန်ထမ်းဌာနအသွင်သဏ္ဍာန် မဟုတ်ဘဲ

စစ်တပ်၏ လက်တဖက်သာဖြစ်သည်ဟု ဆိုနိုင်သည်။ စစ်မှုထမ်းများနှင့် စစ်မှုထမ်းဟောင်းများသည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအာဏာများကို ကျင့်သုံးကြသည်။ အရာအားလုံးကို ၎င်းတို့က ဆုံးဖြတ်ကြသည်။ စစ်တပ်ထိပ်တန်းခေါင်းဆောင်များနှင့် ၎င်းတို့၏ ဆွေမျိုး၊ မိတ်သင်္ဂဟများသာလျှင် အဆင့်မြင့်ပညာများကို သင်ကြားနိုင်သည်။ ကောင်းမွန်သော အလုပ်အကိုင်များကို ရရှိကြသည်။ ခွင့်ပြုချက်များ၊ လိုင်စင်များရရှိကြသည့်အပြင် မဖော်ပြနိုင်သော ဝင်ငွေပမာဏများကို ရရှိကြသည်။ လွတ်လပ်သော ပြည်သူ့အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ၏ မရှိမဖြစ်လိုအပ်သော အဓိက အစိတ်အပိုင်းဖြစ်သည့် သတင်းမီဒီယာများ အပါအဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ တည်ရှိခွင့်ကို ပိတ်ပင်ခဲ့၍ ပြည်သူလူထုမှာ မတော်မတရား ပြုခံမှုများအတွက် စုစုစည်းစည်းဖြင့် မတုံ့ပြန် နိုင်လောက် အောင် ချည့်နဲ့လာခဲ့သည်။

စစ်အစိုးရထိန်းချုပ်မှုသည် နိုင်ငံအနှံ့ လူ့အသိုင်းအဝိုင်းဘဝတခုလုံးအပေါ် ပျံ့နှံ့ခဲ့သည်။ ဒေသအုပ်ချုပ်ရေးကော်မီတီရှိ အဓိကနေရာ၌ စစ်အစိုးရ၏ ယုံကြည်ရသူများကို ခန့်အပ်ခဲ့သည်။ ထိုသူများသည် ကျေးလက်ဒေသများကို စိုးမိုးထိန်းချုပ်ထားသည်။ မြန်မာနိုင်ငံတွင် ညအိပ်ဧည့်သည်များအပေါ်၌ပင် အစိုးရ၏ထိန်းချုပ်မှုရှိခဲ့သည်။ ဆက်လက်၍ ထိန်းချုပ်ထားဆဲဖြစ်သည်။

ဤအခြေအနေများကို လူထုအဖွဲ့အစည်းများ ပြန်လည်ပေါ်ထွန်းလာခြင်းဖြင့်သာ ပြောင်းလဲပစ်နိုင်သည်။ လူထုအဖွဲ့ အစည်းများသည် အစိုးရအာဏာပိုင် အဆင့်ဆင့်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များကိုကြီးကြပ်သည် ထို့အပြင် လူမှုရေး သဟဇာတဖြစ်မှုကို ထိန်းသိမ်းရန် လူ့အဖွဲ့အစည်းအတွင်း အာဏာထိန်းညှိမှုကို ဖန်တီးသည်။

အရင်အခန်းများ၌ ဖော်ပြခဲ့သည့်အတိုင်း အခြေခံလွတ်လပ်ခွင့် (၃) ရပ်ဖြစ်သော လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့်နှင့် လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်များကို အခြေခံအားဖြင့် ထိန်းချုပ်ထားသည့်အတွက် နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများအောက်၌ လူထုအဖွဲ့အစည်းသည် အမှန်တကယ်ဖြစ်မလာနိုင်ပေ။ နအဖ၏ မူများအောက်တွင် သမတမှတင်းကြပ်သော ဗဟိုချုပ်ကိုင်မှုဖြင့် အုပ်ချုပ်နေသမျှ၊ တရားစီရင်ရေးလွတ်လပ်မှု မရှိသမျှ လူထုအဖွဲ့အစည်း မပေါ်ပေါက်လာနိုင်ပေ။ လူထုအဖွဲ့အစည်းအစား သမတအား ကျိုးနွံရှိသေရသော အဖွဲ့အစည်းများသာ ပေါ်ပေါက်လာနိုင်ပေသည်။

ပါတီစုံစနစ်အား အသိအမှတ်ပြုထားသော်လည်း နိုင်ငံရေးစနစ်၏ အစိတ်အပိုင်းအနေဖြင့်တော့ မဟုတ်ပေ။ ဤသည်ကို တပါတီစနစ်ထည့်သွင်းပြဋ္ဌာန်းထားသော ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် နှိုင်းယှဉ်ကြည့်လျှင် ရှင်းလင်းသွားပေမည်။

ပွင့်လင်းမှု **(Transparency)**၊ တာဝန်ခံမှု **(Accountability)** နှင့် အုပ်ချုပ်ရေးကောင်း **(Good Governance)** များ ကျင့်သုံး၍ ခိုင်မာတောင့်တင်းသော လူ့အဖွဲ့အစည်းရှင်သန်ရန် လုပ်ဆောင်ရာ၌ နိုင်ငံရေးပါတီများ၊ လူထုအဖွဲ့အစည်းများနှင့် တရားဥပဒေ အကောင်အထည်ဖော်သည့် အေဂျင်စီများရှိရုံဖြင့်မလုံလောက်ပေ။ အခြေခံဥပဒေဘောင်အတွင်း အမျိုးသားလူ့အခွင့်အရေးကော်မရှင် **(National Hunam Rights**

Commission)၊ ပြည်သူ့အကျိုးဆောင်ကော်မရှင် (Public Service Commission)၊ အမျိုးသား ချစားမှုတိုက်ဖျက်ရေးကော်မရှင် (National Counter Corruption Commission)၊ သတင်းနှင့် ပုံနှိပ်ရေးကောင်စီ (Press Council)၊ အမျိုးသမီးရေးရာကော်မရှင် (Women Affairs Commission)၊ လူမျိုးစုရေးရာကော်မရှင် (Ethnic Affairs Commission)၊ ဘဏ္ဍာရေးကော်မရှင် (Finance Commission) စသည့် အစိုးရဆိုင်ရာ လွတ်လပ်သော အဖွဲ့အစည်းများ ဖန်တီးတည်ရှိရန်မှာ ယခုမျက်မှောက်ခေတ် လူ့အဖွဲ့အစည်းများအတွင်း အရေးကြီးသော အချက်တခုဖြစ်လာသည်။ ဤအဖွဲ့အစည်းများသည် အာဏာတဖက်စောင်းနင်း မဖြစ်စေရန်ဖန်တီးသည်။ ထို့အပြင် အာဏာထိန်းညှိစနစ်ကို အသုံးပြုကြသည်။

## အပိုင်း (၉)
## နိဂုံးနှင့်ထောက်ခံတင်ပြချက်

နိဂုံး

နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများသည် အပြည်ပြည်ဆိုင်ရာ (နိုင်ငံတကာ) လူ့အခွင့်အရေးစံများ၊ မြန်မာပြည်မှ လက်မှတ်ရေးထိုးထားသော စာချုပ်ပါ တာဝန်ဝတ္တရားများနှင့် မကိုက်ညီကြောင်း ရှင်းလင်းစွာတွေ့မြင်နိုင်သည်။ ထို့ကြောင့် ဤအခြေခံပေါ်တွင် နအဖ၏ အခြေခံဥပဒေဆိုင်ရာမူကို ပယ်ဖျက်သင့်သည်။ ဤအခြေခံမူများကို အတည်ပြု လက်ခံလိုက်ပါက မြန်မာပြည်သူများ၏ အခြေခံလွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို အလွန်အမင်း ဖိနှိပ်လာရုံမက အပြည်ပြည်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းနှင့် အခြားနိုင်ငံများ၏ အကျိုးကိုပါ ထိခိုက်စေမည်ဖြစ်သည်။

လူ့အခွင့်အရေးကိစ္စများကို ထည့်သွင်းမဖော်ပြဘဲထားခြင်းသည် တမင်တကာ ချန်ထားပုံရသည်။ အခြေခံဥပဒေဆိုင်ရာမူများသည် နိုင်ငံတကာစံမမီသည့်အပြင် ပြည့်စုံသောမူများအဖြစ် အသိအမှတ်ပြုရန် ခက်ခဲသည်။

အခြေခံဥပဒေဆိုင်ရာမူများ ရေးဆွဲရာတွင် နအဖ၏ ရည်ရွယ်ချက်နှင့် စည်းရုံးလုပ်ဆောင်မှုများမှာ အာဏာကိုဆုပ်ကိုင်ရန်နှင့်လူထုအား ထိန်းချုပ်ရန်အတွက်သာ ဖြစ်ကြောင်း ထင်ရှားသည်။ အခြေခံဥပဒေသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများ အကာအကွယ်ပေးထားမှုမရှိလျှင် အစိုးရ၏ နှောက်ယှက်မှုများနှင့် မတော်မတရားပြုမှုများ ရှိနေပေလိမ့်မည်။ အခြေခံဥပဒေရှိရခြင်း၏ အဓိကရည်ရွယ်ချက်တရပ်မှာ အစိုးရ၏ အာဏာများကို သတ်မှတ်ပေးရန်ဖြစ်သည်။ သို့သော်လည်း ယခုအခြေခံဥပဒေဆိုင်ရာမူများသည် ပြည်သူလူထု၏ လိုအပ်ချက်နှင့် ဆန္ဒများ၊ ပြည်သူလူထု၏ အခြေခံအခွင့်အရေး ကျင့်သုံးမှုများထက် နအဖမှ ၎င်းတို့၏စဉ်းစားချက်များကို ထည့်သွင်းရန် ဆုံးဖြတ်ချက်အား ရောင်ပြန်ဟပ်လျက်ရှိသည်။ ဤမူများကို ချမှတ်ရာတွင် နအဖသည် ၎င်းတို့၏

အကျိုးစီးပွားကာကွယ်ရန် ပထမ ဖြစ်ပြီး၊ ပြည်သူလူထု၏ အကျိုးစီးပွားအတွက် အနိမ့်ဆုံး စဉ်းစားချက်အချို့ကို စဉ်းစားပေးရန် ဒုတိယထားဟန်တူသည်။

နိုင်ငံတနိုင်ငံ၏ အနာဂါတ်အတွက် မှန်ကန်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေတရပ်ကို ရေးဆွဲရန်အလို့ငှာ ထိုနိုင်ငံ၏ လက်ရှိပြဿနာများသာမက သမိုင်းအတွေ့ အကြုံများအားလည်း ထည့်သွင်းဖေါ်ပြရန် လိုအပ်သည်။ မြန်မာနိုင်ငံအရေးတွင် ၁၉၄၇ ပင်လုံကွန်ဖရင့်စ်မှ ပြဋ္ဌာန်းထားသည့် အခြေခံမူများသည် လူမျိုးစုများ၏ တန်းတူရေးကို အာမခံခဲ့သည်။ လူမျိုးစုများ ဟန်ချက်ညီစွာနှင့် ငြိမ်းချမ်းစွာနေထိုင်နိုင်ရန် ပင်လုံညီလာခံ သည် ၎င်းတို့နှင့်သက်ဆိုင်သော မူပေါ်လစီအားလုံး၏ အခြေခံအုတ်မြစ်ဖြစ်သည်။ သို့သော် နအဖ၏ အခြေခံဥပဒေဆိုင်ရာမူများတွင် ဤအနှစ်သာရများ မပါရှိပေ။

စစ်အစိုးရသည် ၎င်းတို့အုပ်ချုပ်မှု တရားဝင်စေရန်နှင့် နိုင်ငံတော်အား အကန့် အသတ်မရှိ တရားဝင်အုပ်ချုပ်ခွင့်ကို ဖန်တီးရန် အခြေခံဥပဒေလိုအပ်ကြောင်း ရှင်းလင်းစွာ သဘောပေါက်ထားသည်။ နိုင်ငံရေးသမိုင်းနှင့် သမိုင်းဆိုင်ရာ အထောက်အထားမှ သင်္ခန်းစာများကို အခြေခံ၍ နအဖ အခြေခံဥပဒေဆိုင်ရာမူသည် အခြေခံဥပဒေ လွှမ်းမိုးရေး အတွက်မူများ ထည့်သွင်းထားခြင်း မရှိပေ။ ၎င်းတို့၏ အုပ်ချုပ်မှုအား အခြေခံ ဥပဒေ ဆိုင်ရာ အမိန့်များကိုဆန့်ကျင်လျှက် အဟန့်အတားပြုခဲ့လျှင် ထိုပြုမူချက်များ တရားမဝင် ကြောင်း ကျေညာပေမည်။ ၎င်းတို့အုပ်ချုပ်မှု တရားဝင်ကြောင်း ကျေညာမည်ဖြစ်သည်။ လူ့အဖွဲ့အစည်းကို ပြုပြင်ပြောင်းလဲရန်အလို့ငှာ နိုင်ငံ၏ နိုင်ငံရေးတွန်းအားကို ပြောင်းလဲပစ် ရမည် ဖြစ်သည်။

နအဖ ပုံဖော်သော အခြေခံမူများအောက်တွင် ပြည်သူများသည် ဗဟိုထိန်း ချုပ်မှု လျှော့နည်းသော လုပ်ဆောင်ချက်များဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်တို့ကို ကျင့်သုံးနိုင်စွမ်းရှိမည်မဟုတ်ပေ။ ထို့ပြင် နအဖ၏ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေသည် နိုင်ငံသားတိုင်း၏ တဦးချင်းအခွင့်အရေးနှင့် လူမျိုးစုများ၏ (စုပေါင်း) အခွင့်အရေးများကို ငြင်းပယ်ကာ ယခင်ရှိခဲ့သော မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (၂) ရပ်ဖြစ်သည့် ၁၉၄၇ နှင့် ၁၉၇၄ အခြေခံဥပဒေများထက် ပို၍တင်းကြပ်သော ချုပ်ကိုင်မှုကို ကျင့်သုံးသွားမည်ဖြစ်သည်။ ထိုနည်းတူစွာ ကာကွယ်ရေးဦးစီးချုပ်မှ ခန့်အပ် ပေးသော စစ်သားကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ကြံဖန်ထားသော မဟာမိတ်များ သည် ပြည်ထောင်စု လွှတ်တော်နှင့်တိုင်း/ပြည်နယ်လွှတ်တော်များတွင် တရားဥပဒေ ပြုအဖွဲ့အနေနှင့် လွှမ်းမိုးထားမည်။ စစ်အရာရှိဟောင်း သို့မဟုတ် လက်ရှိတာဝန် ထမ်းရွက် နေသော စစ်အရာရှိဖြစ်သည့် ပြည်ထောင်စု သမတသည် စစ်သားဝန်ကြီးများ၏ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်နှင့်တိုင်းဒေသအစိုးရများမှတဆင့် တနိုင်ငံလုံးရှိ အုပ်ချုပ်ရေး ယန္တရားများအား ထိန်းချုပ်မည်ဖြစ်သည်။ တရားစီရင်ရေးသည်လည်း အုပ်ချုပ်ရေးကို အောက်ကျို့နေရမည်ဖြစ်၍ ပြည်သူများ အားထားရသောနိုင်ငံတော်၏ အဖွဲ့အစည်းတခု မဖြစ်နိုင်သည်များ ထင်ရှားလှပေသည်။

အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကဲ့သို့သော အခြားအစိုးရနှင့် သက်ဆိုင်

သည့် အဖွဲ့အစည်းများမရှိခြင်းသည် နိုင်ငံသားတိုင်းအပေါ် အလွန်အမင်း လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်စေလိမ့်မည်။ နအဖ၏ အခြေခံမူအောက်၌ လက်ရှိနိုင်ငံရေးပါတီများ အပေါ် ထိန်းချုပ်မှုများသည်လည်း ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ရာဇဝတ်မှုဖြင့် စွပ်စွဲခံရသူများ၊ လူနည်းစုများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်မစွမ်းများ စသည့် အားနဲသော လူ့အသိုင်းအဝိုင်းကို အထောက်အကူပေးမည့် လူထုအဖွဲ့အစည်း ပေါ်ပေါက်ရေးများလည်း အိမ်မက်သဖွယ်ရှိနေပေဦးမည်။ ဒီမိုကရေစီ တရားဝင်မှုမှာ တိုက်စားခြင်းခံရပြီး စစ်အာဏာသိမ်းခြင်းအတွက် အခြေခံကိုဖန်တီးထားသည်။ ဆက်လက်ရှိနေသော အကျဉ်းအကြပ်သည် ကြောက်ရွံ့မှုကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး စစ်တပ်သည် ပါလီမန် လွှတ်တော်တည်းဟူသော ဝတ်ရုံကိုဖယ်ရှားကာ စစ်အုပ်ချုပ်ရေး တဖန်ပြန်လည် ပြုလုပ်မည်။ အနာဂတ်မြန်မာနိုင်ငံတွင် ပဋိပက္ခများကိုငြိမ်းချမ်းစွာ ဖြေရှင်းခြင်းအစား နအဖမှ ရေးဆွဲသော အခြေခံဥပဒေသည် နောက်ဆုံးတွင် ဆိုးသွမ်းသံသရာ နောက်တခုဆီသို့ ဦးတည်မည့် လက်နက်ကိုင် ပဋိပက္ခကို ဖြစ်ပေါ်စေဦးမည့် ရန်လိုမှုများကို မလွဲမသွေ ပေါ်ပေါက်စေမည်သာ ဖြစ်သည်။ လက်ရှိ နအဖက ကမကထလုပ် ရေးဆွဲနေသော အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တခုလုံးသည် တိုင်းပြည် အေးချမ်းတည်ငြိမ်ရေး လိုအပ်သည်ဟူသော အကြောင်းပြချက်ဖြင့် စစ်တပ်အုပ်ချုပ်ရေးကို အချိန်ဆွဲထားသည်မှ တပါး အခြားအဓိပ္ပါယ်မရှိပေ။

ထောက်ခံတင်ပြချက်များ

- နိုင်ငံသားများ၏ တဦးချင်းအခွင့်အရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ စုပေါင်းအခွင့်အရေးအနေဖြင့် အခြေခံလူ့အခွင့်အရေးကို အခြေခံဥပဒေဖြင့် အကာအကွယ်ပေးရမည်။ ထို့အပြင် အခွင့်အရေးချိုးဖေါက်ခြင်းခံခဲ့ရသူများအတွက် အခြေခံဥပဒေဆိုင်ရာ သက်သာခွင့်ကို ပေးရမည်။
- အခြေခံဥပဒေကို တိုင်းပြည်၏ ခေတ်မီအယူအဆဖြင့် လမ်းညွှန်ရမည်။ ထိုအယူအဆများမှာ လူထုအချုပ်အခြာ အာဏာပိုင်မှု၊ အုပ်ချုပ်မှုတရားဝင်ဖြစ်ရေးအတွက် စံဖြစ်ရမည်။ အစိုးရ၏ အာဏာများကို ကန့်သတ်ရန် လိုအပ်သည်။ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေရှေ့မှောက်တွင် အညီအမျှဖြစ်ရေးသည် လမ်းညွှန်မှုဝါဒ၏ အစိတ်အပိုင်းဖြစ်ရမည်။ အခြေခံဥပဒေသည် တိုင်းပြည်၏ အထွဋ်အထိပ် ဥပဒေဖြစ်ရမည်။ ထိုအချက်ကို ရုတ်သိမ်း၍ မရ။
- အဖွဲ့ဝင်ပြည်နယ်များကို ဖက်ဒရယ်ပြည်ထောင်စုဘောင်အတွင်း ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် တိုင်းရင်းသားများ၏ တန်းတူရေး အခြေခံပေါ်တွင် ဖွဲ့စည်းရမည်။
- တိုင်းရင်းသားလူမျိုးစုံ လူ့အဖွဲ့အစည်းဖြစ်၍ သမတအစိုးရစနစ်သည် ဆီလျော်မှု မရှိပေ။ ဖက်ဒရယ် ပြည်ထောင်စုတွင် ဝန်ကြီးချုပ် ဦးဆောင်သော ပါလီမန်အစိုးရစနစ် ကျင့်သုံးစေရမည်။

- အခြေခံဥပဒေသည် အာဏာထိန်းညှိစနစ်ပါသော စီမံအုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအကြားတွင် ရှင်းရှင်းလင်းလင်း အာဏာခွဲခြားကျင့်သုံးခြင်းကို ပြဋ္ဌာန်းရမည်။ အခြေခံလွတ်လပ်ခွင့်များကို ကျဉ်းမြောင်းစေသည့် ဥပဒေများ မပြဋ္ဌာန်းစေရ။
- လွတ်လပ်စွာတရားစီရင်ရေးနှင့်စပ်လျဉ်းသော ကုလသမဂ္ဂကျေညာချက်ကို အခြေခံဥပဒေနှင့်အညီ အာမခံရမည်။ တရားစီရင်ရေးသည် အဓိကအားဖြင့် စီမံအုပ်ချုပ်ရေး၊ အစိုးရအာဏာပိုင်များနှင့် ဒေသတွင်း အာဏာရှင်များ၏ နှောက်ယှက်မှုမှ ကင်းလွတ်စေရန် အခြေခံဥပဒေဆိုင်ရာအခြေခံများ အခိုင်အမာဖြစ်စေရမည်။ တရားသူကြီးများသည် အခြေခံဥပဒေနှင့် ဥပဒေများကိုသာ လိုက်နာရမည်။ တရားရုံးချုပ်သည် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှု အာဏာ **(Judicial Review)** နှင့် ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသကဲ့သို့ ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်မေးစာချွန်တော်အမိန့်နှင့် အမှုခေါ် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာ ရှိစေရမည်။ တရားစီရင်ရေးအာဏာကို ပြည်နယ်နှင့်တိုင်းတရားစီရင်ရေးများသို့ ခွဲဝေပေးရမည်။
- နိုင်ငံတော်အဆင့်တွင် လွှတ်တော် (၂) ရပ်စနစ်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြည်နယ်များသည် အာဏာနှင့် အဆင့်အတန်းတွင် အချိုးညီဖြစ်စေရမည်။
- ရွေးချယ်တင်မြှောက်ပွဲစနစ်နှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးစုအသီးသီးနှင့် အခြားသောလူမှုရေးဆိုင်ရာ အလွှာအသီးသီးတို့အကြား အညီအမျှ တိုးတက်စေရန် ပြည်ထောင်စုအဆင့်နှင့် တိုင်းနှင့်ပြည်နယ်အဆင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများတွင် အချိုးကျ ကိုယ်စားပြုစနစ်ကျင့်သုံးခြင်းမှာ သင့်လျော်သည်။
- လူနည်းစုလူမျိုးစုများအတွက် အခြေခံဥပဒေဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ခိုင်မာစေရမည်။ ထိုသို့ဖြစ်စေရန် ဖက်ဒရယ်စနစ် အခြေခံပေါ်တွင် ပါလီမန် ဒီမိုကရေစီစနစ် ပြန်လည်ဖြစ်ထွန်းစေရန်အလို့ငှာ အာဏာဗဟို ချုပ်ကိုင်မှု လျှော့ချရမည်။ ထို့အပြင် ဗဟိုနှင့်ပြည်နယ်များအကြား စီမံအုပ်ချုပ်မှုအာဏာ၊ ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာများ ခွဲဝေကျင့်သုံးမှုကို ဖော်ပြရမည်။
- အစိုးရအဆင့်အသီးသီးတွင် ပွင့်လင်းမှု၊ တာဝန်ခံမှုနှင့် အုပ်ချုပ်ရေးကောင်းမှုများကျင့်သုံးခြင်းကို ကြီးကြပ်ရန် အမျိုးသားချစားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် အခြားကော်မရှင်များကဲ့သို့ အစိုးရအဖွဲ့အစည်းများကို အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းစေရမည်။
- ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းမည့် ပြည်နယ်အစိုးရများ ပူးတွဲတည်ရှိရေးအတွက် ပြည်တွင်းနိုင်ငံရေး အဖွဲ့အစည်း

များအား စည်းမျဉ်းသတ်မှတ်ပေးမည့် ဥပဒေအခြေခံမှုတရပ် ရှိရမည်။ ထို ဥပဒေအခြေခံမှု သက်တမ်းရှည်စေရန် အစိုးရများသည် ပြည်ထောင်စု အခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသောမူများကို လေးစားရမည်။

- ဗဟို၊ ပြည်နယ်နှင့်တိုင်း၊ ဒေသအစိုးရအဖွဲ့များဖြစ်သည့် စီမံအုပ်ချုပ်ရေးအဆင့် အသီးသီးတွင် လူထုအဖွဲ့အစည်းများ ပေါ်ပေါက်ရေးကို အထောက်အကူဖြစ်စေ ရန်အလို့ငှာ လွတ်လပ်စွာအသင်းအဖွဲ့များ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာစုရုံးခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များကို အခြေခံဥပဒေဖြင့် အာမခံချက်ပေး ရမည်။
- ညီမျှမှု၊ တရားမျှတမှုတို့သည် အခြေခံဥပဒေဆိုင်ရာအယူအဆ ဖြစ်စေရမည်။ ထိုအယူအဆတွင် ပြည်နယ်များအကြား ဘဏ္ဍာရေးခွဲဝေမှု မျှတစေရန် လွတ်လပ်သောအစိုးရဆိုင်ရာ အဖွဲ့အစည်းအဖြစ် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းရေးသည်လည်း တခုအပါအဝင်ဖြစ်စေလျက် အခြေခံဥပဒေဆိုင်ရာ အခြေခံမှုပြဋ္ဌာန်းရမည်။
- အခြေခံဥပဒေသည် လူထု၏ ပြိုင်ဆိုင်ရေးသက်သက်မဟုတ်ဘဲ ပူးပေါင်းဆောင် ရွက်ရေး မျှော်မှန်းချက်များနှင့်အညီ ဖြစ်စေရမည်။ ၎င်းတွင် လူ့အဖွဲ့အစည်း၏ အားနည်းသော ကဏ္ဍများအတွက် အခိုင်အမာ ဆောင်ရွက်ပေးရမည့် ပြဋ္ဌာန်း ချက်ရှိရမည်။ ထိုသို့ဖြစ်စေရန် လွတ်လပ်သောအသင်းအဖွဲ့များ (NGO)နှင့် ဥပဒေ အထောက် အကူပြုအဖွဲ့များ (Legal Aid Organizations) ဖွဲ့စည်းခွင့်၊ တည်ရှိခွင့်နှင့် ဆောင်ရွက်ခွင့်များကို အခြေခံဥပဒေနှင့်အညီ အာမခံချက်ရှိ စေရမည်။
- အခြေခံဥပဒေသည် တဦးချင်းနှင့်လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားကို အညီအမျှ ဖြစ်စေရမည်။ ထို့အပြင် ပဋိက္ခများ ဖြေရှင်းရေးတွင် ငြိမ်းချမ်းသောနည်းဖြင့် ပြီးမြောက်စေရမည်။

အမျိုးသားညီလာခံ

# မြန်မာနိုင်ငံမှ အမျိုးသားညီလာခံကို နိုင်ငံတကာနှင့် နှိုင်းယှဉ်ကြည့်ခြင်း

ဓာောင်နိုင်ဦး

အာဏာရှင်အစိုးရများအနေဖြင့် အမျိုးသားညီလာခံများကို ကျင်းပလေ့ရှိကြပါတယ်။ ဒီလိုကျင်းပကြတဲ့ အချိန်ဟာ သူတို့ရဲ့တရားဝင်မှုတွေ ပြည်သူတွေရဲ့ ထောက်ခံမှုတွေအစားထိုးလို့မရအောင် ပျက်စီးဆုံးရှုံးနေတဲ့အချိန်ပါ။ သူတို့ရဲ့နှစ်ပေါင်းများစွာ မတရားအုပ်ချုပ်မှုတွေ၊ စီမံခန့်ခွဲမှုညံ့ဖျင်းမှုတွေ၊ ချစားမှုတွေကြောင့် တိုင်းပြည်ရဲ့အရင်းအမြစ်တွေလည်း ကုန်လုနီးပါး ဖြစ်နေပါပြီ။ လူ့အခွင့်အရေးချိုးဖောက်မှုတွေကြောင့် ပြည်သူတွေကလည်း လွတ်လပ်မှု၊ တရားမျှတမှုနဲ့ မှန်ကန်တဲ့ဥပဒေ စိုးမိုးရေးတွေကို တမ်းတနေကြပြီး ပြုပြင်ပြောင်းလဲရေးအတွက် တောင်းဆိုလာနေကြပြီ။ ဒီလိုအခြေ အနေမျိုးမှာ အရင်လို အာဏာရှင်တွေ အုပ်ချုပ်ချင်တိုင်း အုပ်ချုပ်လို့မရတော့ပါဘူး။

ဒါပေမယ့်လည်း အာဏာရှင်ဟာ အာဏာရှင်ပါဘဲ။ သူတို့က သူတို့အကျွမ်းကျင်ဆုံး ကိစ္စကိုတော့ ဆက်လုပ်မှာပါဘဲ။ ဒါကတော့ အာဏာဆက်လက်တည်မြဲရေးပါ။ ဒါပေမယ့်လည်း အခုခေတ်ကြီးမှာ အရင်လို ဘီလူးဆိုင်းတီးပြီးတော့ အကြမ်းဖက်တဲ့နည်းနဲ့ အာဏာကို ဆက်ထိမ်းဘို့ အတော်ဘဲခက်ခဲလာပါပြီ။ ဒီတော့ သူတို့ဘာလုပ်ကြသလဲ။ အမျိုးသားညီလာခံ တွေကျင်းပကြမယ်၊ ဒီလိုကျင်းပတိုင်းလည်း ညီလာခံတွေမှာ ပြည်သူတွေပါဝင်သယောင်လုပ်ကြတယ်။ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ကြတယ်ဆိုတဲ့ ပုံစံမျိုးဖြစ်အောင်ဖန်တီးကြတယ်။

တချို့နိုင်ငံတွေ (ဥပမာ– မြန်မာနိုင်ငံလို နိုင်ငံမျိုးတွေ) မှာဆိုရင် အာဏာရှင်တွေဟာ သူတို့ကို အကျိုးဖြစ်စေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးတွေကို ပြန်ပြင်ရေးဆွဲကြတယ်။

ရည်ရွယ်ချက်ကတော့ ရှင်းပါတယ်။ အသစ်ရလာမယ့် "တရားဝင်မှု" ကနေ အာဏာကို ဆက်ထိမ်းဘို့ပါဘဲ။ ဒါကလည်း အယောင်ဆောင်မှုတမျိုးပေ့ါလေ။ တကယ်လို့ ဒီလိုလုပ်ရပ်မျိုးဟာ အောင်မြင်သွားရင် အာဏာရှင်တွေအနေနဲ့ အရင်တုန်းက လက်လွှတ်စပယ် အုပ်ချုပ်တဲ့ ပုံစံမျိုး ပြန်အုပ်ချုပ်လို့ရနိုင်တဲ့ အခြေအနေမျိုးတွေဆီ ပြန်ရောက်သွားနိုင်ပါတယ်။ ဒါကတော့ ရနိုင်တဲ့မျိုးမျိုးမြက်မြက် အကျိုးအမြတ်ပါ။

ကမ္ဘာပေါ်မှာရှိတဲ့ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံတွေ၊ အထူးသဖြင့်တော့ ရေရှည်ပြည်တွင်းစစ်တွေဖြစ်ပြီး ဒီမိုကရေစီဘက်ကို အသွင်ကူးပြောင်းလာတဲ့ နိုင်ငံတွေမှာဆိုရင် ဖွဲ့စည်းပုံတွေရေးဘို့ ပြည်သူတွေရဲ့ပါဝင်မှုကို အားပေးကြပါတယ်။ ဒါပေမယ့် ကျနော်တို့နိုင်ငံတွေမှာတော့ ဒီသဘောထားနဲ့ ပြောင်းပြန်ဖြစ်နေပါတယ်။

ကျနော်တို့ မြန်မာနိုင်ငံရဲ့အနေအထားက အာဖရိကတိုက်က ဆာဟာရသဲကန္တာရ ဒေသမှာရှိတဲ့ နိုင်ငံနှစ်ခုဖြစ်တဲ့ တိုဂိုနဲ့ ဇိုင်ယာတို့နဲ့ သွားတူနေပါတယ်။ ဒီနိုင်ငံနှစ်ခုမှာရှိတဲ့ အာဏာရှင်တွေဟာ ၁၉၉၁ ခုနှစ်မှာ အမျိုးသားညီလာခံတွေ ကျင်းပကြပါတယ်။ အခြေအနေကလည်း မလုပ်ရင်မရတော့ဘူး။ တိုင်းပြည်မှာလည်း အထွေထွေဆုတ်ယုတ်မှုတွေ ထိမ်းမရအောင်ဖြစ်နေပြီ။ ဒီနိုင်ငံနှစ်ခုစလုံးမှာ အမျိုးသားညီလာခံတွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နိုင်ငံရေးကိစ္စတွေကို အတိုက်အခံ အင်အားစုတွေပါဝင်ပြီး ဆွေးနွေးဘို့ ကျင်းပကြတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာ စနစ်တကျ ဖွဲ့စည်းပုံမှန်မှန်နဲ့လည်း ဆွေးနွေးနိုင်ဘို့အတွက်လည်း အမျိုးသားညီလာခံကိုသုံးကြတယ်။

တိုဂိုနိုင်ငံမှာဆိုရင် အာဏာရှင် အီယားဒေးမား (Eyadema) က အမျိုးသားညီလာခံ လုပ်ငန်းစဉ်ကို အောင်အောင်မြင်မြင်နဲ့ ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ဒီလိုအောင်မြင်ဘို့အတွက်လည်း အကြမ်းနည်းတွေသုံးရတာ၊ ခြိမ်းခြောက်မှုတွေ လုပ်ရတာလည်း ရှိပါတယ်။ ဇိုင်ယာ မှာဆိုရင်တော့ အမျိုးသားညီလာခံ လုပ်ငန်းစဉ်ဟာအစ ကတည်းက အမှားကြီးနဲ့ထွက် လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညီလာခံကိုကျင်းပရတာဟာ နိုင်ငံတကာရဲ့အသိအမှတ်ပြုမှုတခုတည်းကို လိုချင်လို့ ဖြစ်ပါတယ်။ ဒီနိုင်ငံနှစ်ခုစလုံးရဲ့ အဓိကအားနည်းချက် ကိုကြည့်ရမယ်ဆိုရင် အာဏာရှင်တွေအနေနဲ့ ဒီမိုကရေစီရေး အသွင်ကူးပြောင်းမှုကိုအထူးတလည် ထိန်းချုပ်နိုင်ယုံမက အမျိုးသားညီလာခံ လုပ်ငန်းစဉ်တွေကိုလည်း သူတို့အလိုကျ ချယ်လှယ်နိုင်တဲ့ အနေအထားတွေ ရှိနေတဲ့အချက်ပါဘဲ။

တခြား အာဖရိကတိုက်နိုင်ငံတွေဖြစ်တဲ့ ဘနင်း၊ ကွန်ဂို (Brazzaville) နဲ့ မာလီနိုင်ငံတွေဟာ အလားတူနိုင်ငံရေး ဖြစ်စဉ်တွေကြုံခဲ့ကြပါတယ်။ ဘနင်းမှာဆိုရင် စစ်တပ်က ခန့်ထားတဲ့ သမတ ကရဲကူး (Kereko) က ၁၉၉၀ ပြည့်နှစ်မှာ အမျိုးသားညီလာခံကို ကျင်းပခဲ့ပါတယ်။ ဒီလိုလုပ်ရတာဟာ နိုင်ငံရေးအရအလျှော့ပေးမှု တရပ်အနေနဲ့ပါ။ ဒါတင်မကသေးပါဘူး ကရဲကူး ဟာ ကိုတိုနို (Cotonou) လို့ခေါ်တဲ့ မြို့က ဘုန်းတော်ကြီးကို အမျိုးသားညီလာခံရဲ့ ဥက္ကဋ္ဌအဖြစ်ပါ ခန့်လိုက်ပါသေးတယ်။ ဒီအခြေအနေဟာ ကရဲကူး အတွက် တစုံတရာ အသိအမှတ်ပြုမှုကို ရစေခဲ့ပါတယ်။ ဒါပေမယ့်လည်း အမှန်တကယ် ညီလာခံကို စလည်းစရော တိုင်းပြည်ရဲ့နိုင်ငံရေးအခြေအနေတွေကို သမတအနေနဲ့ မထိန်းနိုင်တော့ပါဘူး။

ကွန်ဂိုနိုင်ငံမှာတော့ ၁၉၉၁ ခုနှစ်မှာ နိုင်ငံရေးအဖွဲ့အစည်းအားလုံးပါဝင်တဲ့ အမျိုးသားညီလာခံကို ကျင်းပခဲ့ပါတယ်။ ဒါဟာလည်း အုပ်ချုပ်သူ မာ့က်စ်၊ လီနင်ဝါဒ အစိုးရရဲ့နိုင်ငံရေးအရ တိုင်းပြည်ကို ချုပ်ကိုင်နိုင်မှုတွေ အထူးကျဆင်း သွားလို့ပါ။ ဒါပေမယ့်လည်း အမျိုးသားညီလာခံတောင် စမယ်မကြံသေးဘူး ရပ်လိုက်ရတယ်။ ညီလာခံ ကိုယ်စားလှယ်ကိစ္စ အစိုးရနဲ့ အတိုက်အခံတွေအကြား စကားများကြလို့။ ကွန်ဂိုမှာတော့ တိုဂိုနဲ့ဇိုင်ယာတို့လိုမဟုတ်ဘဲ အတိုက်အခံတွေက အနိုင်ရသွားပါတယ်။ ကွန်မြူနစ်ပါတီရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဒင်းနစ်ဆာဆောင်ငတ်ဆို (Denis Sassou-Nguesso) ဟာ သူ့ရဲ့ အာဏာတွေ ဆုံးရှုံးသွားပါတယ်။ ဒါပေမယ့်လည်း သူ့ကို အသွင်ကူးပြောင်းရေးကာလ အတွင်းမှာ ဆက်လက်အုပ်ချုပ်ခွင့်ကိုတော့ ပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီမိုကရေစီ အင်အားစုတွေဘက်က ကံဆိုးချင်တော့ သမတ ဆာဆောင်ငတ်ဆို ဟာ ၁၉၉၈ ခုနှစ်မှာ အာဏာပြန်သိမ်းလိုက်ပါတယ်။

၁၉၉၁ ခုနှစ်မှာပြုလုပ်ခဲ့တဲ့ မာလီအမျိုးသားညီလာခံကတော့ ပိုပြီးအောင်မြင်ခဲ့ တဲ့ အနေအထားရှိပါတယ်။ သူတို့အနေနဲ့ တိုဂိုနဲ့ဇိုင်ယာနိုင်ငံတွေရဲ့ အမှားတွေကို ရှောင် ရှား နိုင်ခဲ့ပါတယ်။ သူတို့ရဲ့ အမျိုးသားညီလာခံကတော့ ပြည်သူတွေရဲ့ပါဝင်မှု အပြည့် အဝရှိတယ်လို့ ပြောရမှာပါ။ နိုင်ငံရေးပါတီ ၄၂ ခုနဲ့ လူမျိုးအဖွဲ့ အစည်းပေါင်း ၁၀၀ ကျော် က ကိုယ်စားလှယ် ၁၈၀၀ တက်ရောက်ခဲ့ပါတယ်။ ဒါပေမယ့်လည်း မာလီနဲ့ အခြားနိုင်ငံ တွေရဲ့ အဓိကကွာခြားချက်ကတော့ ဒီအမျိုးသားညီလာခံကို ဖြစ်အောင်လုပ်ခဲ့တဲ့ ခေါင်း ဆောင်နဲ့ ဆိုင်မယ်ထင်ပါတယ်။ မာလီမှာတော့ အခြားနိုင်ငံတွေနဲ့မတူဘဲ ပြုပြင်ပြောင်း လဲရေးကိုလိုလားတဲ့ စစ်ခေါင်းဆောင်က ဦးဆောင်ခဲ့ပါတယ်။ ဒီ့အပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ရေးဆွဲပြီးတဲ့အခါမှာလည်း ဒီခေါင်းဆောင်ဟာ ရွေးကောက်ပွဲမဝင်ခဲ့ပါဘူး။

အာဖရိကမှာ မြန်မာစစ်အစိုးရလို လူ့အခွင့်အရေးချိုးဖောက်မှုတွေ အရမ်းများ တဲ့ မူဂါဘီ (Mugabe) ရဲ့ ဇင်ဘာဘွေလို နိုင်ငံမှာတောင်မှ ၁၉၉၉ ခုနှစ်မှာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ရေးဆွဲဘို့ကိစ္စမှာ ပြည်သူတွေရဲ့ပါဝင်မှုကို ဦးစားပေးခဲ့တာတွေ ရှိပါ တယ်။ လုပ်ငန်းစဉ်တလျှောက်လုံးမှာအစိုးရရဲ့ ချယ်လှယ်မှုတွေ အသုံးချမှုတွေရှိခဲ့တယ် ဆိုပေမယ့်လည်း တနိုင်ငံလုံးအစည်းအဝေးပေါင်း ၄၀၀၀ လောက်လုပ်ခဲ့ပြီး လူဦးရေ ငါး သိန်းကျော် လောက်နဲ့ တိုက်ရိုက်တွေ့ဆုံပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေကိစ္စတွေကို ဆွေးနွေးခဲ့ ပါတယ်။ ဒါပေမယ့်လည်း သက္ကရာဇ် ၂၀၀၀ မှာ ဒီအခြေခံဥပဒေသစ်ကို ပြည်သူ့ဆန္ဒခံယူပွဲ ပြုလုပ်တဲ့အခါမှာတော့ အပြတ်အသတ်ပယ်ချခံရပါတယ်။ ဒါဟာလည်း သင်္ခန်းစာယူစရာ တခုပါ။

မြန်မာပြည်အတွက် အတုယူစရာကောင်းတဲ့ အခြားဥပမာတွေလည်း ရှိပါ တယ်။ ဒီအထဲမှာတော့ တောင်အာဖရိကမှာ ၁၉၉၆ ခုနှစ် ရေးဆွဲခဲ့တဲ့ အခြေခံဥပဒေက တော့ အထူးအားကျစရာပါဘဲ။ တောင်အာဖရိကမှာ ဒီလိုဖြစ်လာဘို့ လူဖြူအစိုးရရဲ့ အမျိုးသားပါတီ (National Party) နဲ့ အာဖရိကအမျိုးသားကွန်ဂရက် (African National Congress) တို့ ဆွေးနွေးကြရပါတယ်။ ဒီလိုဆွေးနွေးပွဲအောင်မြင်ပြီးမှ ပြောရ

မယ်ဆိုရင် ၁၉၉၀ ပြည့်နှစ်က ၁၉၉၆ ခုနှစ်အထိ ကြာပြီးမှ ဖွဲ့စည်းပုံကို အောင်အောင်မြင်မြင် ရေးဆွဲနိုင်ခဲ့တာပါ။ တောင်အာဖရိကက တွေ့ဆုံဆွေးနွေးပွဲတွေ ရဲ့နောက်ပိုင်းမှာတော့ နိုင်ငံရေးပါတီငယ်များနဲ့တိုင်းရင်းသား ပါတီတွေလည်းပါလာတယ်။ ဒီလိုပါလာပြီး ၁၉၉၃ ခုနှစ်မှာ ကြားဖြတ်ယာယီဖွဲ့စည်းပုံကို ဖွဲ့စည်းပြီးတော့မှ တဆင့်ခြင်း အောင်မြင်သွားရတာပါ။

တောင်အာဖရိကရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ဟာ ပြည်သူတွေ ပါဝင်မှုအရှိဆုံးလို့ပြောရပါမယ်။ ပြည်သူတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့ ပတ်သက်ပြီး ပညာပေးမှုတွေကို သတင်းစာတွေက ရေဒီယိုတွေကတဆင့် အကြီးအကျယ် ဆောင်ရွက်ကြတယ်။ ပြည်သူတွေရဲ့ သဘောထားတွေကို တောင်းခံရာမှာ ပြည်သူနှစ်သန်းကျော်က တုံ့ပြန်အကြံ ပေးခဲ့ကြတယ်။ လူမှုအဖွဲ့အစည်းတွေ၊ ပညာရှင်တွေအားလုံးဟာ ပါလီမန်နဲ့ ပူးပေါင်းပြီး စုပေါင်းအကောင်အထည်ဖော်ကြတယ်။ နောက်ဆုံး ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေရုံးတော်က ဆန်းစစ်ဝေဖန်ပေးပါတယ်။

ဒီလိုပါဘဲ အာဖရိကတိုက်က အီအစ်ထရီးယားနိုင်ငံမှာလည်း ၁၉၉၄ ခုနှစ်နဲ့ ၁၉၉၇ ခုနှစ်ကြားမှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဘို့ နိုင်ငံနဲ့အဝှမ်း ပညာပေးမှုတွေ၊ ညှိနှိုင်းမှု တွေပြုလုပ်ခဲ့ပါတယ်။ သက္ကရာဇ် ၂၀၀၂ မှာ ရဝမ်ဒါနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မရှင် အနေနဲ့လည်း သူတို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဘို့အတွက် အသေအချာ လေ့ကျင့်ပေးထားတဲ့ ထောင်ချီတဲ့ လက်ထောက်များနဲ့ တိုင်းပြည်ကို ပညာပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးမှာ ပါဝင်ရေးတို့ကိုလုပ်ဆောင်ခဲ့ပါတယ်။ ကင်ညာနိုင်ငံမှာဆိုရင် မကြာသေးခင်ကာလကဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတွေလုပ်ဘို့ ပြင်ဆင်နေကြပါတယ်။ သူတို့အနေနဲ့ ဒီလုပ်ငန်းစဉ်ကို ပြည်သူတွေက ဦးဆောင်စေဘို့နဲ့ ပြည်သူတွေက ပိုင်ဆိုင်တဲ့ လုပ်ငန်းစဉ်ဖြစ်အောင်လုပ်မယ်လို့ဆိုပါတယ်။ ဒါမှလည်း နောက်ဆုံးရလဒ်ကို ပြည်သူတွေက ပိုင်ဆိုင်ရမှာပါ။

ဒီအနေအထားတွေကို ကြည့်မယ်၊ ဒီနိုင်ငံတွေရဲ့ ဥပမာတွေကို ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံမှာ ပျောက်ဆုံးနေတဲ့ အချက်ကတော့ ပြည်သူများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်မှာ ပါဝင်နိုင်ရေးနဲ့ ဒီလုပ်ငန်းစဉ်ကို ပြည်သူ တွေက ပိုင်ဆိုင်ရေးပါဘဲ။

အမှန်ပါဘဲ။ အမျိုးသားညီလာခံဟာ ဒီမိုကရေစီလုပ်ငန်းစဉ်ကို အားပေးရမယ့်အစား ကျနော်တို့နိုင်ငံမှာ ဒီမိုကရေစီ ဆန့်ကျင်ရေးကိုဦးတည်နေပါတယ်။ ဥပဒေ ပညာရှင်ဂျနေဒေးလား (**Janelle Diller**) ရဲ့ အဆိုအရဆိုရင် မြန်မာနိုင်ငံက အမျိုးသားညီလာခံဟာ "တာဝန်ခံမှုနဲ့ရှင်းလင်းပြတ်သားမှုတွေကိုအားပေးတဲ့ ဖွဲ့စည်းပုံကို တည်ဆောက်ဘို့ ဆန့်ကျင်နေယုံတင်မကဘဲ လွတ်လပ်တဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုတို့ ဖြစ်စေမယ့် လုပ်ငန်းစဉ်ကိုလည်း တားဆီးနေပါတယ်"လို့ ပြောထားပါတယ်။ တိုဂိုနဲ့ဇိုင်ယာမှာလိုဘဲ မြန်မာစစ်အစိုးရအနေနဲ့ အနေး၊ အမြန်နည်းစနစ်နှစ်ခုလုံးကို သုံးခဲ့ပါတယ်။ ပထမတခုကတော့ လုပ်ငန်းစဉ်ရဲ့ အရှိန်ကို နှေးအောင်လုပ်တာပါ။ ဒါမှသူတို့ လိုအပ်တဲ့ အထောက်အပံ့တွေ၊ ထောက်ခံမှုတွေကိုရမယ်။ တချိန်တည်းမှာဘဲ အတိုက်အခံတွေအတွက်

ထောက်ခံမှုတွေကို ငြင်းပယ်ပြီးသားဖြစ်နေမယ်။ ဥပမာဆိုရင်တော့ အတိုက်အခံ အင်အားစုကို ဖြိုခွဲပြီး သူတို့ဘက်ပါအောင်လုပ်မယ်။ ဒါမှမဟုတ် စည်းရုံးလှုပ်ရှားခွင့်မပေးဘဲ (သို့မဟုတ်) မရစေဘဲ ညီလာခံလုပ်ငန်းစဉ် ဖွဲ့စည်းပုံရေးဆွဲရေးလုပ်ငန်းစဉ်တွေကို မြန်မြန်ဆန်ဆန် လုပ်ဆောင်သွားမယ့်နည်းပါ။

အာဖရိကရဲ့ ဥပမာတွေကို ကြည့်မယ်ဆိုရင် နောက်ဆုံးဘယ်သူက နိုင်မယ်ဆိုတာကို အဆုံးအဖြတ်ပေးတာ ကတော့ အာဏာချိန်ခွင်လျှာ မတူညီမှုပါဘဲ။ အမြဲဆိုသလို အတိုက်အခံနဲ့ အာဏာရှင်အစိုးရတွေအကြား စီးပွားရေး၊ စစ်ရေး အာဏာချိန်ခွင်လျှာတွေ မတူကြပါဘူး။ မြန်မာပြည်ကလက်ရှိအနေအထားကလည်း ဒီသဘောပါဘဲ။ စစ်အစိုးရဟာ အရင်းအမြစ်တွေအရရော၊ အာဏာကို ဆုတ်ကိုင်ထားနိုင်မှု အနေအထားအရပါ အမျိုးသားညီလာခံရဲ့ လုပ်ငန်းစဉ်ကို ထိန်းချုပ်သွားနိုင်မယ့် အနေအထားပါ။ ဒါနဲ့ဆန့်ကျင်ဘက်ကတော့ အတိုက်အခံဒီမိုကရေစီအင်အားစုတွေဟာ အထူးကျပ်တည်းမှု၊ ဖိနှိပ်မှုနဲ့ ချုပ်ချယ်မှုတွေအကြားမှာ ရုန်းကန်နေရတာပါ။ ဒီညီမျှခြင်းကို ကြည့်မယ်ဆိုရင် ပိုဆိုးတာက ဘေးပတ်ဝန်းကျင်နိုင်ငံတွေက စစ်အစိုးရကို ထောက်ခံနေတာရယ်၊ စစ်အစိုးရရဲ့ အတင်းဖိအားပေးမှုကြောင့် အမျိုးသားညီလာခံကို ထောက်ခံလိုက်ရတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ အနေအထားတွေကြောင့် အာဏာချိန်ခွင်လျှာက မဖြစ်သင့်ဘဲ စစ်အစိုးရရဲ့ ဘက်ကို ပိုမိုအားသာစေခဲ့ ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ မှန်ကန်တဲ့ ပြည်သူတွေပါဝင်မှု ရှိတဲ့ အမျိုးသားညီလာခံတခု မြန်မာနိုင်ငံမှာ ဖြစ်နိုင်ပါ့မလားဆိုတာ အထူးစဉ်းစားစရာပါဘဲ။

ဝါရှင်တန်အခြေစိုက် မြန်မာ့အမျိုးသားရုံပုံငွေအဖွဲ့မှ သက္ကရာဇ် ၂၀၀၄ ဇန်နဝါရီလ တွင်ထုတ်ပြန်သော အမျိုးသား ညီလာခံပေါ်လစီအနှစ်ချုပ် "Mind the gap: Can the SPDC's National Convention Bring Democracy to Burma။" ကို ပြန်လည်ပြင်ဆင်မှီငြမ်းထားပါတယ်။

*(အောင်နိုင်ဦးသည် ဝါရှင်တန်အခြေစိုက် မြန်မာ့အမျိုးသားရံပုံငွေအဖွဲ့မှ သုတေသန အရာရှိတဦးဖြစ်သည်။)*

ဖက်ဒရယ်ရေးရာ

# ပြည်ထောင်စု စည်းလုံးညီညွတ်ရေးနှင့် အခြေခံဥပဒေ

ဦးဝင်းမောင်

မြန်မာနိုင်ငံသည် လတ်တလောကာလ၌ အခြေခံဥပဒေရေးဆွဲရေးကို တာစူလျက်ရှိနေသည်။ ဤတကြိမ်ရေးဆွဲမည့် အခြေခံဥပဒေသည် တတိယအကြိမ်မြောက် အခြေခံဥပဒေဖြစ်သည်။ ဤစာတမ်းတွင် အခြေခံဥပဒေရေးဆွဲရေးတရာဝင်မှုကို ဆွေးနွေးမည်မဟုတ်ဘဲ ပြည်ထောင်စုရေရှည်တည်မြဲရေး၊ စည်းလုံးညီညွတ်ရေးအတွက် ဖြစ်သင့်သည့် အခြေခံဥပဒေကို ဦးတည်ဆွေးနွေးမည်ဖြစ်သည်။ ယခု တတိယအကြိမ်မြောက်ဖြစ်မည့် အခြေခံဥပဒေသည် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် တန်းတူရေးကို ရှေ့ရှုမှသာ လူမျိုးများအားလုံး စည်းလုံးညီညွတ်ရေးရရှိနိုင်ပြီး ရေရှည် တည်တံ့ခိုင်မြဲသော ပြည်ထောင်စုတနိုင်ငံ ဖြစ်လာနိုင်ပေမည်။

မြန်မာနိုင်ငံတွင် မတူကွဲပြားသော လူမျိုးနွယ်စုများ၊ လူမျိုးစု၊ လူနည်းစုများ ရှေးပဝေသဏီကာလ ကတည်းက အတူနေထိုင်လာခဲ့ကြသည်နှင့်အညီ ပြောင်းလဲဖြစ်ထွန်းတိုးတက်မှု၏ အကျိုးရလဒ်များကို စုပေါင်းနေထိုင်သူများ မျှတစွာခွဲဝေခံစားသင့်ကြသည်။ လူမျိုးစုအဖွဲ့အစည်းတိုင်းအတွက် အခွင့်အရေးနှင့်အခွင့်အလမ်း တန်းတူအညီအမျှရရှိသော ပြည်ထောင်စုတည်ဆောက်ခြင်းသည် ကျွန်ုပ်တို့နိုင်ငံတော်၏ တိုးတက် ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းသာယာရေး၏ ရေသောက်မြစ် ဖြစ်ပေသည်။ သို့သော် မည်သည့် အခြေခံပုံသဏ္ဍာန်ဖြင့် ပြည်ထောင်စု ဖွဲ့စည်းမည်ဆိုသည်ကား နက်နဲသော ကိစ္စရပ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံသမိုင်းကြောင်းကို အတိအကျ ပြောရန် မလွယ်ကူခြင်းကြောင့်ဖြစ်သည်။

ကမ္ဘာ့ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများသည် ပုံစံနှစ်မျိုးပေါ်တွင်မူတည်၍ ပြည်ထောင်စု ဖွဲ့စည်းလေ့ရှိကြသည်။ ပုံစံတမျိုးမှာ ရှိပြီးနှင့်သော အချုပ်အခြာအာဏာ

ပိုင်ဒေသများက မိမိသဘောဆန္ဒအလျောက် ပူးပေါင်းပါဝင်ကြကာ ပြည်ထောင်စု ဖွဲ့စည်းခြင်းဖြစ်သည်။ ဤသည်ကို **Federating** ပုံစံ ပြည်ထောင်စုဖွဲ့စည်းခြင်း ဖြစ်သည်ဟုခေါ်သည်။ ဤပုံစံသည် ပြည်ထောင်စုအတွင်း သဘောဆန္ဒအလျောက် ပါဝင်ခြင်းဖြစ်ပြီး မပါဝင်လိုတော့လျှင် အချိန်မရွေး ခွဲထွက်ခွင့်ရှိသည်။ ဒုတိယပုံစံမှာ အချုပ်အခြာ အာဏာပိုင်နိုင်ငံတနိုင်ငံကို ဗဟိုအုပ်ချုပ်မှုလျော့ချကာ ပြည်ထောင်စု အသွင်ဖန်တီးယူခြင်းဖြစ်သည်။ **Federalizing or Decentralization** ဖက်ဒရယ်နိုင်ငံအဖြစ် ဖန်တီးခြင်း ပုံစံဖြစ်သည်။ ဤပုံစံသည် ပြည်နယ်များဖန်တီးကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးအပ်အုပ်ချုပ် စေခြင်းဖြစ်သည်။ ပြည်ထောင်စုအတွင်းက ခွဲထွက်ခွင့်မရှိပေ။ မြန်မာနိုင်ငံအဖို့မူ ဤပုံစံ နည်းနှစ်နည်းစလုံးနှင့် အကြုံးဝင်နေသော အနေအထားဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး စဉ်းစားတွေးခေါ်မှုသည် ဗြိတိသျှ ကိုလိုနီလက်အောက်မှ လွတ်လပ်ရေး ရလုဆဲဆဲကာလတွင်မှ ပေါ်ပေါက်လာပုံရသည်။ ကိုလိုနီခေတ်မတိုင်မီကမူ ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ ရှမ်းပြည်ကို မြန်မာဘုရင်အုပ်ချုပ်ရေး၏ တိုက်ရိုက်လက်အောက်ခံအဖြစ်ထက် ပဏ္ဏာဆက် အဖြစ်ထားရှိသည်။ ကချင်၊ ချင်းတောင်တန်းဒေသများကိုလည်း ထိုနည်းတူအကြီးအကဲများခန့်ထားကာ ဓလေ့ထုံးစံအတိုင်း အုပ်ချုပ်စေခဲ့ပုံရသည်။ ပဒေသရာဇ်ခေတ်တလျှောက်လုံးတွင် မြန်မာဘုရင်များသည် မြန်မာနိုင်ငံအား ဩဇာဖြန့်ကျက် စုစည်းအုပ်ချုပ်ထားနိုင်သည့် ကာလများရှိခဲ့သလို ပဒေသရာဇ် တိုင်းပြည်ငယ်များအဖြစ် အကွဲကွဲအပြားပြား ဖြစ်ခဲ့သည့်ကာလများလည်း ရှိခဲ့သည်။ တနည်းအားဖြင့် စည်းလုံးညီညွတ်မှုရှိခဲ့သည့်ကာလများ ရှိခဲ့သလို စည်းလုံးမှုပြိုကွဲခဲ့သည့် ကာလများလည်း ရှိပေသည်။ စည်းလုံးညီညွတ်မှုရခဲ့သော ကာလများတွင်လည်း ဖက်ဒရယ် ပြည်ထောင်စုတည်းဟူသောအခြေခံပေါ်တွင် စည်းလုံးညီညွတ်မှုရအောင် ဆောင်ရွက်ခြင်းထက် ထိုခေတ် ကာလ၏နိုင်ငံရေးဖြစ်ထွန်းမှုပေါ်တွင် အခြေခံသည့် ဩဇာတည်ဆောက်မှုဖြစ်သည်။

ကိုလိုနီခေတ်ကာလတွင် မြေပြန့်ဒေသနှင့် တောင်တန်းဒေသဟု ခွဲခြားအုပ်ချုပ်ခဲ့ခြင်းသည် နောင်တွင် မြန်မာနိုင်ငံစုစည်းညီညွတ်ရေးတွင် အခက်အခဲတရပ်ဖြစ်စေခဲ့သည်။

ဒုတိယ ကမ္ဘာစစ်ပြီးလုအချိန်တွင် ဗြိတိသျှတို့ စက္ကူဖြူစာတမ်းကို ကျေညာခဲ့သည်။ ထိုစာတမ်းအရ ဗြိတိသျှအစိုးရက မြန်မာပြည်ကို ဒုတိယကမ္ဘာစစ်မတိုင်မီက အုပ်ချုပ်ရေး အဆင့်ထက်နိမ့်သော အဆင့်ဖြင့် အုပ်ချုပ်မည်ဖြစ်ပြီး အခြေအနေတိုးတက်ကောင်းမွန်လာမှ အုပ်ချုပ်ရေးအဆင့် တိုးတက်ပေးမည်ဖြစ်သည်။ ဤအချက်မှာ လွတ်လပ်ရေးတည်း ဟူသော မြန်မာလူမျိုးများလိုလားသောအချက်နှင့် ဆန့်ကျင်နေသည်။ ဤသည်မျှမက စက္ကူဖြူစာတမ်းတွင် ရှမ်းပြည်အပါအဝင် တောင်တန်းဒေသများကိုမူ မြန်မာပြည်မနှင့် တစည်းတလုံးတည်း ပူးပေါင်းရန် တောင်တန်းသားများက ဆန္ဒမရှိသရွေ့ ထိုဒေသများကို ဘုရင်ခံက သီးခြားအုပ်ချုပ်သွားမည်ဟူသော အချက်သည် မြန်မာပြည်အား လွတ်လပ်ရေးပေးသည့်တိုင် တောင်တန်းဒေသများကို ချန်လှပ်ထားမည့် သဘောလည်း ပါဝင်နေသည်။

ဒုတိယကမ္ဘာစစ်ပြီးလုအချိန်တွင် ပေါ်ထွက်လာသော အတ္တလန်တိတ် ကြေညာချက် နှင့် တီဟီရန်ကြေညာချက် ထွက်ပေါ်လာပြီး နိုင်ငံငယ်များအား ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ပေးရန်ဟူသော အယူအဆမှာ ကျယ်ပြန့်လျှက်ရှိသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးလှုပ်ရှားမှုများအရ အနေးနှင့်အမြန် လွတ်လပ်ရေးပေးရမည်ကို ဗြိတိသျှအစိုးရက သဘောပေါက်သည်နှင့်အညီ ပြည်မနှင့်တောင်တန်းဒေသများပေါင်း၍ လွတ်လပ်ရေးယူ၊ မယူဆိုသည့် ပြဿနာကို စကျုံဖြုံစာတမ်းက ဖန်တီးခဲ့သည်။ သို့သော် ဗြိတိသျှအာဏာပိုင်များအတွင်း၌လည်း အယူအဆပြောင်းလဲမှုများရှိနေကြောင်း ဘုရင်ခံ ဆာဟူးဘတ်ရန့်၏ မြန်မာနိုင်ငံဆိုင်ရာဝန်ကြီးထံရေးသော လျှို့ဝှက်စာအားဖြင့် သိနိုင်ပေသည်။ လျှို့ဝှက်စာတွင် –

> "ကျွန်ုပ်တို့သည် ဤ (ပြည်မနှင့်တောင်တန်းဒေသ) ပြဿနာကို အမြင်သစ်ဖြင့် ဆောင်ရွက်ပေးရမည်ဟု ယုံကြည်သည်။ မြန်မာနိုင်ငံဟူသည်မှာလည်း တစ်နိုင်ငံတည်းသာရှိသည်ဟူသော အမြင်ဖြင့် ပြဿနာများကို ကိုင်တွယ်သင့်သည်။ ဝန်ကြီး များအုပ်ချုပ်သော မြန်မာနိုင်ငံနှင့် တောင်တန်းများဆိုသည်မှာ စင်စစ်နိုင်ငံတခုတည်း၏ အစိတ်အပိုင်းများသာဖြစ်သည်။ ၎င်းတို့သည် ရှေးအခါကလည်း တစ်နိုင်ငံတည်းဖြစ်၍ နောင်တွင်လည်း တစ်နိုင်ငံတည်းသာ ဖြစ်ရမည်။ ထို့ကြောင့် စည်းလုံးသော မြန်မာနိုင်ငံကြီး အဖြစ်သို့ အမြန်ဆုံး ရောက်အောင်ဆောင်ရွက်ပေးရန်ဟူသော အန္တိမ ရည်မှန်းချက်ကို အစဉ်အမြဲ ထားရှိရပေမည်" ဟုပါရှိသည်။

## ပြည်ထောင်စုဖွဲ့ရေးနှင့် တိုင်းရင်းသားများသဘောထား

စကျုံဖြုံစာတမ်းကို မြန်မာနိုင်ငံရေးခေါင်းဆောင်များ အထူးသဖြင့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့က ကန့်ကွက်စာထုတ်ခဲ့သည်။ ထို့အပြင် ၁၉၄၆ ခုနှစ်ဇန်နဝါရီလ ၁၇ ရက်မှ ၂၃ ရက်နေ့အထိ ရွှေတိဂုံစေတီ အလယ်ပစ္စယံတွင် ဖဆပလညီလာခံကျင်းပရာ၌ အဆို (၁၈) ခုတင်သွင်းရာ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ညီညွတ်ရေးအဆိုကို တင်သွင်းသည်။ ဒီးဒုတ် ဦးဘချိုကတိုင်းရင်းသားလူနည်းစုအရေးကို တင်သွင်းရာ ပုသိမ်ဦးမြစိန်၊ ဖျာပုံမှ ဦးဘဆွေ၊ မွန် ဦးဖိုးချိုတို့က ထောက်ခံကြသည်။ မြန်မာပြည်မနှင့် ပေါင်းစည်းရေးအဆိုကို ဦးဖေခင်က တင်သွင်းရာ သခင်ဗသိန်း (မန္တလေး)၊ သခင်ကိုလေး (မြစ်ကြီးနား)၊ ချင်းအမျိုးသား ဦးဝမ်းသုမောင်တို့က ထောက်ခံကြသည်။

မြန်မာပြည်မတွင် ၁၉၀၆ ခုနှစ်ကတည်းက နိုင်ငံရေးနိုးကြားမှုရှိလာကြကာ ဗြိတိသျှ အုပ်ချုပ်မှုဆန့်ကျင်ပြီး ဒီမိုကရေစီအုပ်ချုပ်ရေးအတွက် လှုပ်ရှားဆောင်ရွက်မှုများရှိနေသော်လည်း တောင်တန်းဒေသများတွင်မူ ပဒေသရာဇ်အစဉ်အလာ အုပ်ချုပ်ရေးကို ဖန်တီးထားပေးသောကြောင့် နိုင်ငံရေးလှုပ်ရှားမှုမရှိခဲ့ပေ။ သို့သော် ဒုတိယ ကမ္ဘာစစ်

ကြီး ပြီးစကာလတွင် ကိုလိုနီအုပ်ချုပ်ရေးကို မလိုလားသော ပဒေသရာဇ် အုပ်ချုပ်ရေးကိုလည်း မလိုလားသော လူငယ်များ ပေါ်ထွန်းလာသည်။ ဦးတင်အေး၊ ဦးထွန်းမြင့်၊ ဦးခွန်ထီး၊ ဦးအုန်းဖေ၊ ဦးဘမောင်၊ ဦးစံဖေ၊ ဦးအေးကျော်၊ ဦးသုတ၊ ဦးကျော်၊ ဦးသန်းဖေ၊ ဦးကြာပု စသည်တို့မှာ ထင်ရှားသော လူငယ်ခေါင်းဆောင်များဖြစ်သည်။ ၎င်းတို့သည် (ဖဆပလ) အဖွဲ့နှင့် အနာဂတ်ရှမ်းပြည်အရေးအတွက် ရန်ကုန်တွင် လာရောက် ဆွေးနွေးကြသည်။ ထို့အပြင် ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ (ရပလ)ကို ဖွဲ့ခဲ့ကြသည်။ ၎င်းတို့က ပြည်မနှင့်ပေါင်း၍ လွတ်လပ်ရေးရယူလိုကြသည်။ ရပလ၏ ပြည်မနှင့်ပေါင်းစည်း၍ လွတ်လပ်ရေးယူမည်ဟူသော သဘောထားသည် ဖဆပလ၏ တစည်းတလုံးတည်း လွတ်လပ်ရေးယူမည်ဟူသောမူနှင့် တထပ်တည်းဖြစ်သည်။ သို့သော် မည်သည့်ပုံစံဖြင့် ပေါင်းစည်းနေထိုင်မည်ဆိုသည်မှာ တိုင်းရင်းသားများ၏ ဆန္ဒသဘောထားနှင့် အညီ တည်ထောင်သွားမည်ဟု ဖဆပလ က ဆိုထားသည်။ ရပလ ကလည်း ပြည်မနှင့် ပေါင်းစည်းရေးမူကို ချပြခဲ့ခြင်းသည် ပြည်ထောင်စု ဖွဲ့စည်းရေး၏ လမ်းစ ဖြစ်စေခဲ့သည်။

ရှမ်းစော်ဘွားများကမူ ပြည်မနှင့်ပေါင်းစည်းရေးကို ဘဝင်ကျဟန်မတူခဲ့ပေ။ သို့သော်လည်း ရှမ်းစော်ဘွားများနှင့် ရှမ်းပြည်လူလူထုမှာ ဗြိတိသျှတောင်တန်းဒေသ အုပ်ချုပ်ရေးအောက်တွင် မနေလိုတော့ကြောင်း၊ ရှမ်းပြည်အတွက် အခြေခံဥပဒေကို မိုးမိတ်စော်ဘွားကြီးကိုယ်တိုင် ရေးဆွဲနေကြောင်း၊ ထို့အပြင် ပြည်မနှင့် ပြည်ထောင်စု စနစ်မူအရ ပေါင်းရပါလျှင် –

(၁) ရှမ်းပြည်အား ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန်၊

(၂) အခွင့်အရေးနှင့် အဆင့်အတန်း တန်းတူဖြစ်ရန်၊

(၃) ခွဲထွက်လိုသည့်အချိန်တွင် ခွဲထွက်ခွင့်ပေးရန်ဟူသော အကြောင်းများပါသည့် စာ ၂ စောင်ကို ဘုရင်ခံသို့ ပေးပို့ခဲ့သည်။

လွတ်လပ်ရေးတိုက်ပွဲ အရှိန်အဟုန်မြင့်မားလာသည်နှင့်အမျှ အောင်ဆန်း–အက်တလီစာချုပ် ချုပ်ရန် ဗြိတိသျှသို့မသွားမီ ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်သို့ စည်းရုံးရေးဆင်းခဲ့သည်။ တစုတစည်းတည်းလွတ်လပ်ရေးရယူရန် ရှမ်းစော်ဘွားများနှင့် ဆွေးနွေးခဲ့သည်။

ကချင်အမျိုးသား စောထောင်လှမောင်ကလည်း ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် ဖဆပလ သတင်းစာရှင်းလင်းပွဲတွင် ကချင်အမျိုးသားနှင့် ဗမာအမျိုးသား တသီးတခြားဖြစ်နေသည်ကို မလိုလားကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကချင်ဒေသသို့ပြန်သွားပြီး ကချင်၊ ရှမ်း၊ ဗမာ စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ခဲ့သည်။ ယခင်ကတည်းက ဗြိတိသျှကို ဆန့်ကျင်နေခဲ့သော ကချင်အများလေးစားသည့် ဆမားဒူးဝါး ဆင်ဝါးနောင်ကို ဗိုလ်ချုပ်အောင်ဆန်းမှ ဆက်သွယ်ခဲ့ရာ ၎င်းက ရန်ကုန်သို့ဆင်းလာပြီး ဖဆပလနှင့်ဆွေးနွေးကာ လွတ်လပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၁၉ ရက်နေ့အထိ မြစ်ကြီးနားမြို့ တွင် ကျင်းပသော ကချင်

မနောပွဲတွင် ဆမားဒူးဝါး၊ ဆင်ဝါးနောင်၊ ဒူးဝါးဇော်လွန်း၊ ဒူးဝါဇော်ရစ်၊ ဦးဇန်းထားဆင်နှင့် တော်ဝါးဒူးဝါ ခွန်ဖုန်း ဦးဆောင်သည့် ကချင်အမျိုးသားခေါင်းဆောင်များသည် လုံးဝလွတ်လပ်ရေးနှင့် ကချင်ပြည်နယ်သတ်မှတ်ရေးတို့ကို တောင်းဆိုခဲ့ကြသည်။

ထိုစဉ်က လွတ်လပ်သော ကချင်နိုင်ငံထူထောင်ရန်လိုလားသော ကချင်ခေါင်းဆောင်များရှိခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံဆွေးနွေးပြီးသောအခါ ကချင်နိုင်ငံတည်ထောင်ရေးကို စွန့်လွှတ်၍ လွတ်လပ်ရေးအရယူပြီးသောအခါ ပြည်ထောင်စုအတွင်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိသော ကချင်ပြည်နယ် ထူထောင်ရေးသို့ ဦးတည်လာကြတော့သည်။ ကိုလိုနီ အစိုးရသည် တောင်ပေါ်တိုင်းရင်းသားများနှင့် မြေပြန့်လူမျိုးများအား ဆက်ဆံရေးတွင် အဟန့်အတားများ ဖန်တီးထားသော်လည်း မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုတွင် ချင်းတိုင်းရင်းသားတို့မှာ အစောပိုင်းကတည်းက ပူးပေါင်းပါဝင်လျက်ရှိသည်။ ၁၉၂၀ ခုနှစ် တက္ကသိုလ်ကျောင်းသားသပိတ်ပြီးသောအခါ ချင်းတောင်တန်းများတွင် ဗမာစာ သင်ကြားရေးကို ဗြိတိသျှတို့က ပိတ်ပင်ခဲ့သည်ကို ဆန့်ကျင်၍ ဦးဝမ်းသူမောင်က ချင်းတောင်တန်းတွင် ဗမာစာသင်ကြားရေးနှင့် မြန်မာစာပြန့်ပွားရေးကို စည်းရုံးလုပ် ဆောင်ခဲ့သည်။ ချင်းနှင့် ဗမာများကား ကိုလိုနီခေတ် အစောပိုင်းကတည်းက ညီညွတ်မှု ရှိနေသည်ဟု ဆိုနိုင်ပါသည်။ ဦးဝမ်းသူမောင်၊ သခင်အောင်မင်း (ဦးဖေလိန်းမောင်)၊ ဦးအောင်ညွန့် (ဦးအွမ်နိမ်း)၊ ဦးကီယိုမန်းတို့က ဒို့ဗမာအစည်းအရုံးနှင့် ဆက်သွယ်ကာ ဗြိတိသျှဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးအတွက် စည်းရုံးလှုပ်ရှားခဲ့သည်။ ၉၁ ဌာန အုပ်ချုပ်ရေး အတွင်းမပါသည့် ဇယားဝင်ဒေသဖြစ်သော ချင်းတောင်တန်းကို မြန်မာပြည်၌ ထည့်သွင်းပေးရန် လွှတ်တော်တွင်း၌လည်း ချင်းခေါင်းဆောင်များက ထိုစဉ်ကတည်းက တောင်းဆိုခဲ့ကြသည်။ ဤကား ချင်း–ဗမာ ညီညွတ်မှုရှိကြောင်း ကိုလိုနီအစိုးရအား သိစေခဲ့သည်။

ဦးဝမ်းသူမောင်တို့မှ ဖဆပလနှင့် ဆက်သွယ်ပြီး ပြည်မနှင့်အတူ လွတ်လပ်ရေးကို ကြိုးပမ်းနေစဉ် တီးတိန်၊ ဟားခါး၊ ဖလမ်းဒေသမှ ကိုယ်စားလှယ်များကလည်း ၁၉၄၆ ခုနှစ်တွင် ဖလမ်း၌ ချင်းလူထုနှင့်တွေ့ဆုံပြီး မြန်မာပြည်မနှင့်ပူးပေါင်း၍ လွတ်လပ်ရေးယူရေး၊ မယူရေးကို ဆွေးနွေးခဲ့ကြသည်။ ဤဆွေးနွေးပွဲမှ ဆုံးဖြတ်ချက်များသည် ဖဆပလ၏ သဘောထားနှင့် (ဦးဝမ်းသူမောင်တို့၏ သဘောထား) နှင့်တော့ တထပ်တည်းမကျပေ။

ဗြိတိသျှအုပ်ချုပ်ရေးကာလတလျှောက်တွင် မြေပြန့်ဒေသနှင့် တောင်တန်းဒေသများခွဲခြားအုပ်ချုပ်ထားသဖြင့် လွတ်လပ်ရေးရရှိတော့မည့်အချိန်ကာလတွင် တောင်တန်းဒေသရှိ ခေါင်းဆောင်များသည် ပြည်မနှင့်ပေါင်းကာ လွတ်လပ်ရေးရယူပြီး ပြည်ထောင်စု ဖွဲ့စည်းနေထိုင်ရေးအတွက် သဘောထားအမျိုးမျိုးရှိခဲ့ကြသည်။ ဤသို့ သဘောထား ရှိနေရခြင်းမှာ ကာလရှည်ကြာစွာ ခွဲခြားအုပ်ချုပ်သည့်စနစ်ကြောင့် ဖြစ်သလို စက္ကူဖြူစာတမ်း၏ ပရောဂကြောင့်လည်းဖြစ်သည်။

တောင်တန်းဒေသသားများ၏ ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေး ရယူရေးနှင့် လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုအတွင်း ပူးတွဲနေရေးတို့နှင့်ပတ်သက်၍ ပင်လုံစာချုပ်၏ ဖေါ်ပြချက်များကိုလည်းကောင်း၊ တောင်တန်းဒေသစုံစမ်းရေးအဖွဲ့ထံ အဖွဲ့

ကိုယ်စားလှယ်များ၏ ထွက်ဆိုချက်များ တောင်တန်းဒေသသားများ၏ သဘောထားများကို ပေါ်လွင်စေသည်။

ရခိုင်အပါအဝင် မြေပြန့်ဒေသရှိလူမျိုးစုများသည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပူးပေါင်းဆောင်ရွက်မှုရှိခဲ့ကြသဖြင့် သဘောထားကြီးမားစွာ ကွဲပြားမှုမရှိသော်လည်း မြန်မာပြည်အား ဗြိတိသျှက လွတ်လပ်ရေးပေးခါနီးတွင် ကရင်တိုင်းရင်းသားများနှင့် ညှိနှိုင်းမှုအခက်အခဲများ ပေါ်ပေါက်ခဲ့သည်။ အထူးသဖြင့် ကရင်ပြည်နယ် သတ်မှတ်ရေးတွင် အခက်အခဲများရှိခဲ့သည်။ ကရင်ပြည်သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ ကရင်အမျိုးသားများအတွင်း သဘောထားအမျိုးမျိုးရှိခဲ့သလို ဘုရင်ခံကိုယ်တိုင်ကလည်း ကရင်အမျိုးသားများ၏ တောင်းဆိုချက်ကို လိုက်လျော ဖြေရှင်းပေးရန် တတ်စွမ်းနိုင်ခြင်း မရှိခဲ့ပေ။ အချို့သော ကရင်ခေါင်းဆောင်များ၏ ပြည်နယ်သတ်မှတ်ရေးတောင်းဆိုချက်ကို မွန်တိုင်းရင်းသားများ၊ ထိုဒေသအတွင်း နေထိုင်ကြသော ထားဝယ်နှင့် ဗမာများက လက်ခံနိုင်ခြင်းမရှိချေ။

တိုင်းပြည်လွတ်လပ်ရေးရပြီး မကြာမီတွင် အမျိုးသားရေး လက်နက်ကိုင်တော်လှန်မှုလည်း ပေါ်လာခဲ့သည်။ ကရင်အမျိုးသားများသည်လည်းကောင်း၊ နောင်တွင် မွန်၊ ရခိုင်၊ ရှမ်း၊ ကချင်၊ ချင်း၊ ပအို့၊ ပလောင်စသည်ဖြင့် လက်နက်ကိုင်တော်လှန်မှုများ ပေါ်လာခဲ့သည်။

ဤသို့လူမျိုးစုများ၏ သဘောထားအမြင် အမျိုးမျိုးရှိနေကြစဉ် တိုင်းပြုပြည်ပြုလွှတ်တော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ် စက်တင်ဘာလတွင် အပြီးသတ်ရေးဆွဲ ပြီးစီးခဲ့သည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရယူရေး အခြေခံပေါ်တွင် အဆောတလျင်ရေးဆွဲခဲ့၊ အတည်ပြုခဲ့ရခြင်းကြောင့် အားနည်းချက်များ ရှိခဲ့သည်။ နိုင်ငံဖွဲ့စည်းမှုသည် ပြည်ထောင်စုပုံစံ မပီပြင်ခြင်း၊ ရခိုင်နှင့် မွန်လူမျိုးများအတွက် ပြည်နယ်ဖော်ဆောင်မှုမရှိခြင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရ၏ အာဏာခွဲခြားထားမှု ပုံစံမကျခြင်းစသည့် အားနည်းချက်များကြောင့် ဤအခြေခံဥပဒေသည် တိုင်းပြည်၏ စည်းလုံးညီညွတ်မှုကို မဖော်ဆောင်နိုင်ခဲ့ပေ။

အခြေခံဥပဒေအားပြင်ဆင်ရန် စီစဉ်ဆောင်ရွက်နေစဉ် ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော စစ်တပ်က အာဏာသိမ်းကာ အခြေခံဥပဒေအား ဖျက်သိမ်းခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေအရ ရခိုင်နှင့် မွန်ပြည်နယ်ဖော်ဆောင်ပေးခဲ့သော်လည်း၊ အာဏာခွဲဝေရန် ပြဋ္ဌာန်းခြင်းမရှိသဖြင့် ပြည်ထောင်စုဖော်ဆောင်ခြင်းထက် တပြည်ထောင်စနစ်ကို လုံးလုံးလျားလျား ဖြစ်စေသော အခြေခံဥပဒေဖြစ်သဖြင့် လူမျိုးစုလက်နက်ကိုင် တော်လှန်မှုများ အဆုံးမသတ်နိုင်ခဲ့ပေ။ အကျိုးဆက်အားဖြင့် ပြည်ထောင်စုသားအားလုံး လူနေမှုအဆင့်အတန်း ဆိုးရွားစွာ နိမ့်ကျသွားခဲ့ရသည်။

မည်သို့ပင်ဆိုစေကာမူ ၁၉၉၀ ခုနှစ် ဗိုလ်အောင်ကျော်လမ်း ကျေညာချက်၊ မာနယ်ပလောစာချုပ်၊ မယ်သရောထစာချုပ်များသည် လက်ရှိကာလတိုင်အောင် တိုင်းရင်းသားအားလုံးတို့ ပြည်ထောင်စုဖွဲ့စည်းနေထိုင်ကြမည်ဟူသော သဘောထား

များရှိကြောင်းကို မည်သူမျှ မငြင်းဆိုနိုင်ပေ။

လက်ရှိကာလတွင် အနာဂတ်မြန်မာနိုင်ငံ ပြည်ထောင်စုနိုင်ငံအတွက် အခြေခံဥပဒေရေးဆွဲရန် တာစူနေသော ကာလဖြစ်သည်။ သမိုင်းသင်္ခန်းစာကိုယူလျက် တန်းတူရေးအခြေခံပေါ်တွင် တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ နေထိုင်မည့်၊ အခြေခံဥပဒေဖြစ်ပေါ်ရေးကို ဦးတည်စဉ်းစားရန် လိုအပ်ပေသည်။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ပီပြင်သော အာဏာခွဲဝေမှုကို ဖန်တီးရမည်။ ဖြစ်ရမည်ဆိုသည်ထက် ဖြစ်သင့်သည်များကို စဉ်းစားလက်ခံခြင်းက အားလုံးအတွက် အကျိုးရှိစေနိုင်သည်။ ပါလီမန်တွင် လူမျိုးစုကိုယ်စားပြုပါတီအသီးသီး ပါဝင်နိုင်သော စနစ်မျိုးကို ဖန်တီးသင့်သည်။ လူမျိုးစုလူ့အဖွဲ့အစည်းအလိုက် ကိုယ်စားပြုနိုင်သော ရွေးကောက်ပွဲစနစ်များကို ကျင့်သုံးရန် အခြေခံဥပဒေဖြင့် ပြဋ္ဌာန်းသင့်သည်။ သက်ဆိုင်ရာ ပြည်နယ်အသီးသီးအတွင်းရှိ မတူကွဲပြားသော လူမျိုးငယ်များအတွက် တန်းတူမှုအခွင့်အရေးကိုလည်း အာမခံပေးသည့် အခြေခံဥပဒေဖြစ်မှသာလျှင် ပြည်ထောင်စုသားများအားလုံး စည်းလုံးညီညွတ်မှုရှိပြီး၊ ရေရှည်တည်တံ့ခိုင်မြဲသော ပြည်ထောင်စုဖြစ်ပေါ် နိုင်ပေမည်။

သို့သော် နအဖစစ်အစိုးရမှဦးစီး၍ အခြေခံဥပဒေရေးဆွဲမည့် အမျိုးသားညီလာခံတွင် ပွင့်လင်းလွတ်လပ်စွာ ဆွေးနွေးတင်ပြနိုင်ခွင့် ရရှိမည့်အလားအလာမရှိပေ။ ထို့အပြင် ပြည်သူများ၏ဆန္ဒကို ထင်ဟပ်ဖော်ထုတ်ပေးမည့် ကိုယ်စားလှယ်အစစ်အမှန်များ ပါဝင်မှုနည်းပါးသည့်အခြေအနေကိုလည်း မြင်တွေ့နိုင်သည်။ အခြေခံဥပဒေတရပ်သည် လူတစု၊ လူတဖွဲ့ လွှမ်းမိုးမှုအောက်တွင် ရေးဆွဲပါက ရေရှည်တည်တံ့ခိုင်မြဲသော အခြေခံဥပဒေတရပ်ဖြစ်မလာနိုင်သလို၊ ဒီမိုကရေစနစ်ကိုလည်း ဖော်ဆောင်ပေးနိုင်မည်မဟုတ်ပေ။ လူမျိုးစုအားလုံး စည်းလုံးညီညွတ်၍ ခိုင်မာသော ပြည်ထောင်စုနိုင်ငံတော်ကို ဖော်ဆောင် နိုင်မည်လည်း မဟုတ်ပေ။ တောင့်တင်းခိုင်မာပြီး၊ တိုးတက်ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်မည့် ညီညွတ်သော ပြည်ထောင်စုနိုင်ငံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် စေတနာ ကောင်းများဖြင့် နည်းနာများ ရှာဖွေဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

အခြေခံဥပဒေရေးရာ

# လူထုအမိက လူ့အဖွဲ့အစည်းများ အခြေခံဥပဒေ ဆွေးနွေးခန်း

## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြေခံလူထု

ကိုရင်မောင်။ မလေးရေ၊ အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်ကို ရေးဆွဲတော့မယ်လို့ ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြီးခဲ့တဲ့နှစ် ဩဂုတ်လ (၃၀) ရက်နေ့က ကြေငြာလိုက်တဲ့ အချိန်ကစပြီး အမျိုးသားညီလာခံ အပေါ်မှာ လူတွေရဲ့စိတ်ဝင်စားမှု သိသိသာသာ တိုးတက်လာတာ တွေ့ရသဗျ။

မလေး။ တကယ်တော့ကိုရင်မောင်၊ လူထုနဲ့ နိုင်ငံရေးခေါင်းဆောင်တွေ အဓိကပိုပြီး စိတ်ဝင်စားသင့်တာက အမျိုးသားညီလာခံ မဟုတ်ဘူးနော်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့သက်ဆိုင်တဲ့ အကြောင်းအရာတွေ ဖြစ်တယ်ရှင့်။

ကိုရင်မောင်။ အင်း တက္ကသိုလ် ဆရာမကြီးဆီကများ ကြားလိုက်ရရင် အဆန်းချည်းပါဘဲလားဗျာ။ ဒီနှစ်ခုက ဘာများ ကွာခြားလို့တုန်းဗျ။ အမျိုးသားညီလာခံကို စိတ်ဝင်စားတယ် ဆိုတာကလဲ အဲဒီ အမျိုးသားညီလာခံကနေ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို မွေးထုတ်ပေးတော့မယ်လို့ သိရတဲ့အတွက် စိတ်ဝင်စားတာ မဟုတ်ဘူးလားဗျ။

မလေး။ အင်း သာမန်အားဖြင့်ကြည့်ရင်တော့ ကိုရင်မောင်ပြောတာကို မငြင်းနိုင်ပါဘူးနော်။ ဒါပေမယ့် အသေအချာ စဉ်းစားကြည့်ပါ ကိုရင်မောင်။ ကွာခြားချက်ကို တွေ့ရလိမ့်မယ်။ အဲဒါက ဘာလဲဆိုတော့ အမျိုးသားညီလာခံဆိုတာဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပေါ်လာနိုင်စေတဲ့ လုပ်ငန်းစဉ်တွေအထဲက ဖြစ်နိုင်ခြေတခုသာ ဖြစ်တယ်ရှင့်။

ရင်။ အော် ဒါဖြင့်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်ပေါ်လာစေဘို့ အခြားလုပ်ငန်းစဉ်တွေလဲ ရှိနိုင်သေးတယ်လို့ မလေး ပြောချင်သလားဗျာ။

လေး။ ရှိနိုင်သေးတာ မဟုတ်ဘူးရှင့်။ ရှိကို ရှိတယ် ကိုရင်မောင်။ အချို့ တိုင်းပြည်တွေမှာ ပါလီမန် သို့မဟုတ် ကွန်ဂရက် လို့ခေါ်တဲ့ ဥပဒေပြုအဖွဲ့တွေကနေ ရေးဆွဲ အတည်ပြုသွားကြတယ်။ အချို့တိုင်းပြည်တွေမှာ တိုင်းပြုပြည်ပြုလွှတ်တော် (Constituent Assembly)တွေ ခေါ်ယူကျင်းပပြီး ပြဌာန်း ကျင့်သုံးသွားကြတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို မွေးထုတ်ပေးနိုင်ဘို့အတွက် အမျိုးသားညီလာခံသည်သာလျှင် တခုတည်းသော လမ်းကြောင်းဖြစ်တယ်လို့ ကမ္ဘာပေါ်မှာ ဘယ်တိုင်းပြည်မှာမှ ပုံသေနည်းမရှိဘူး ကိုရင်မောင်။

ရင်။ ဟုတ်ပြီ မလေးရေ နည်းနည်းသဘောပေါက်လာသလိုတော့ ရှိလာပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်လာစေမယ့် လမ်းကြောင်းတွေအနက်မှာ အမျိုးသားညီလာခံဆိုတာက နအဖ ချမှတ်ပေးထားတဲ့ လမ်းကြောင်းတခုသာဖြစ်တယ်။ နအဖဖြစ်စေချင်သလို အမျိုးသားညီလာခံကိုဘဲ အဓိကထားပြီး အဲဒီဘောင်ထဲကဘဲ လိုက်စဉ်းစားပေးနေတဲ့ အခါကျတော့ အခြားလမ်းကြောင်းတွေကို မမြင်နိုင်တော့ဘူး။ ဒီလိုမဟုတ်လားဗျ မလေးရ။

လေး။ သိပ်မှန်တာပေါ့ကိုရင်မောင်။ အမျိုးသားညီလာခံက အဓိက မဟုတ်ဘူးနော်။ ဖွဲ့စည်းပုံအခြေခံဥပဒေက အဓိက ဖြစ်တယ်ရှင့်။ အမျိုးသားညီလာခံဆိုတဲ့ လုပ်ငန်းစဉ်တခုတည်းကိုသာ အဓိကထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ မွေးထုတ်နိုင်ရေးကို စဉ်းစားဘို့မဟုတ်ဘူး။ အဲဒါဟာ ကျဉ်းမြောင်းရုံသာမက နအဖ အကြိုက်ဖြစ်ပြီး လူထုအခြေခံနဲ့ ကင်းကွာသွားတယ် ကိုရင်မောင်။ ဖွဲ့စည်းပုံအခြေခံဥပဒေ မွေးထုတ်ပေးနိုင်ဘို့ကိုသာ အဓိက ရည်မှန်းချက်ထားပြီး ဘယ်လို လုပ်ငန်းစဉ်မျိုးနဲ့ ဖေါ်ဆောင်သွားမလဲ ဆိုတာကို စဉ်းစားကြဘို့ ဖြစ်တယ်ရှင့်။ အမျိုးသားညီလာခံဘောင်အပြင်ဘက်ကိုထွက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ဘို့လိုတယ် ကိုရင်မောင်။

ရင်။ အင်း ငယ်ငယ်တုံးက ကျွန်တော့်ဘကြီး သင်ပေးခဲ့တာ အမှတ်ရမိသေးတယ် မလေးရာ။ ဟ ငါ့တူရ ကွတဲ့။ လောကကြီးမှာ သူများတီးပေးတဲ့ ဆိုင်းကွက်အတိုင်း လိုက်ပြီးကဖို့ ဘယ်တော့မှ တရားသေမကြိုးစားနဲ့တဲ့။ မင်းမှာ စဉ်းစားဆင်ခြင်နိုင်တဲ့ ကိုယ်ပိုင်ဉာဏ်ရှိတယ်တဲ့။ ဘဝမှာ ကိုယ်တီးစေချင်တဲ့ ဆိုင်းကွက်မျိုးကို တီးခိုင်းပြီး ကိုယ့်ကကြိုးကကွက်နဲ့ကိုယ် ကနိုင်ဘို့ကြိုးစားကွ တဲ့။ မှန်လိုက်လေ ဘကြီးရယ်။ အသေစောလို့ နှမြောရပါကလားဗျာ။ ကံကြီးပေလို့ဘဲ။ နအဖ တီးပေးလိုက်တဲ့ ဆိုင်းကွက်အတိုင်း ကျွန်တော်တောင် ဝင်ပြီးကမိတော့မလို့ နည်းနည်းလေးဘဲလိုပါတော့လားဗျာ။ အခုလို ရှင်းပြတဲ့အတွက် ကျေးဇူးတင်လိုက်တာ ဘကြီးရယ်၊ အဲ အဲ ဟုတ်သေးပါဘူး မလေးရယ်။

လေး။ အကောင်းပြောနေတာ ကိုရင်မောင် နောက်တောက်တောက် မလုပ်နဲ့နော်။

ရင်။ ကျွန်တော့်ကို ဒီလိုတော့ မငေါက်ပါနဲ့ ဆရာမကြီးရယ်။ ရိုးရိုးသားသား မှားသွားတာပါ။ ငေါက်ခြင်း ငေါက်ရင် တိုင်းပြည်ကို ကမောက်ကမဖြစ်အောင် လုပ်နေတဲ့ နအဖ ဗိုလ်ချုပ်ကြီးများကို သွားပြီးငေါက် စမ်းပါဗျာ။ နအဖ က အမျိုးသမီးတွေများ ထက်မြက်လာပြီဆိုရင် သိပ်ပြီးကြောက်သဗျ။

လေး။ ကဲ ကဲ တော်ပါတော့ ကိုရင်မောင်ရယ်။ စကား အကောင်း ပြောပါရစေ။

ရင်။ ဆိုကြပါစို့။ မလေးပြောသလို ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ အဓိက ထားပြီး စဉ်းစားပြီဗျာ ကိုင်း။ ဘယ်လိုအခါမျိုးမှာ ရေရှည် တည်တံ့ခိုင်မြဲမယ့် အခြေခံဥပဒေ တရပ် ပေါ်လာအောင်လုပ်နိုင်မလဲဗျာ။

လေး။ လူထုကိုယ်တိုင်ရဲ့ ရင်ထဲ အသဲထဲမှာ ဒါဟာ ငါတို့ရဲ့အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ပေးမယ့် အခြေခံဥပဒေဖြစ်တယ်၊ ဒါဟာ ငါတို့ရဲ့ လိုအင်ဆန္ဒတွေကို ထင်ဟပ်ပေါ်ပြထားတဲ့ အခြေခံဥပဒေဖြစ်တယ် ဆိုတာကို တကယ်နှစ်နှစ်ကာကာ ယုံကြည်လက်ခံပြီး အခြေခံဥပဒေကြီးတည်တံ့ခိုင်မြဲဖို့အသက်ပေးပြီး ကာကွယ်စောင့်ရှောက်ဖို့ အသင့်ဖြစ်တဲ့အခါမှာ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နှစ်ကာလရှည်ကြာစွာ တည်တံ့ ခိုင်မြဲတာဘဲ ကိုရင်မောင်။ ဘယ်လောက်ဘဲတော်တဲ့ ပညာရှင်တွေ ဖြစ်ပါစေ၊ ကမ္ဘာမှာ အကောင်းဆုံးဖွဲ့စည်းပုံအခြေခံဥပဒေတွေကနေ ကောင်းနိုးရာရာတွေ ထုတ်နုတ်ပြီး ရေးဆွဲပါစေ၊ လူတစုက တံခါးပိတ်ပြီး ရေးဆွဲလိုက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးဟာ ဘယ်တော့မှ ရေရှည်မတည်တံ့နိုင်ဘူးရှင့်။ အခြေခံလူထုကြီးကိုယ်တိုင်က ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတဲ့ လုပ်ငန်းစဉ်တိုင်းမှာ ပါဝင်ပတ်သက်ခွင့်ရ၊ အကြံပေးခွင့်ရ၊ သူတို့ရဲ့ သဘောထားအမြင်တွေကို ကျယ်ကျယ်ပြန့်ပြန့် တင်ပြခွင့်ရတဲ့ အခါမျိုးမှာကျမှသာလျှင် လူထုက ဒါဟာ ငါတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးရယ်လို့ နှစ်နှစ်ကာကာလက်ခံကြပြီး ရေရှည်တည်တံ့ခိုင်မြဲမှာဖြစ်တယ် ကိုရင်မောင်။

ရင်။ အင်းဗျ၊ မလေးပြောမှ သတိထားမိတယ်။ အခြေခံဥပဒေကြီးကို ဦးဆောင်ရေးဆွဲမယ်ဆိုပြီး အတင်းအဓမ္မ ကြိုးပမ်းနေတဲ့ နအဖ ကလည်း အခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်မှာ လူထုပါဝင်ပတ်သက်မှု မရှိအောင် ရည်ရွယ်ပြီးတော့ကိုဘဲ ဥပဒေအမှတ် ၅/၉၆ ကို ပြဋ္ဌာန်းပြီး ထောင်ဒဏ် အနှစ်နှစ်ဆယ်အထိ ချမယ်လို့ ခြိမ်းခြောက်ထားတော့တာကိုးဗျ။ နအဖရဲ့ ဖိတ်ကြားချက်ရလို့ အမျိုးသားညီလာခံတက်ပြီး အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ်လို့ ထုတ်ပြန်ကြေငြာထားတဲ့ မြောက်ပိုင်းက အပစ်အခတ်ရပ်စဲရေးလုပ်ထားကြတဲ့ တိုင်းရင်းသား အဖွဲ့တွေဟာလည်း အခြေခံဥပဒေကိစ္စအတွက် လူထုနဲ့ တွေ့ဆုံဆွေးနွေးတာတို့၊ အပြန်အလှန်နှီးနှောဖလှယ်တာတို့၊ သဘောထားဆန္ဒတွေ တောင်းတာတို့ လုပ်နေကြတယ်ဆိုတာ တချက်ကလေးမှကို မကြားမိဘူးဗျာ၊ မလေးရာ လူထုတွေအတွက်တော့ စိတ်မကောင်းစရာဘဲဗျာ။

လေး။ ပြီးတော့ တိုင်းပြည်မှာ အခြေခံဥပဒေရေးဆွဲ ဘို့ကြိုးစားနေကြတဲ့ အချိန်မှာ သင့်မြတ်ကောင်းမွန်တဲ့ နိုင်ငံရေးပတ်ဝန်းကျင် ရှိဘို့လိုတယ် ကိုရင်မောင်။ လူထုတွေဟာ အပြည့်အဝမဟုတ်တောင် အတိုင်းအတာအရ စိတ်နှလုံး ချမ်းချမ်းသာသာကလေး ရှိနေကြဖို့ လိုတယ်ရှင့်။ အဲသလိုမဟုတ်ဘဲ ကြောက်တရားတွေ ကြီးကြီးမားမား လွှမ်းခြုံနေမယ်ဆိုရင် လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း မပြောရဲ မဆိုရဲ ကိုယ့်တိုင်းပြည်အနာဂါတ်အတွက် ကိုယ်မြင်တဲ့ အမြင်ကလေးတွေကိုတောင် ထုတ်ဖေါ်ရဲမှာ မဟုတ်တော့ဘူး ကိုရင်မောင်။ ဒီလိုအခြေအနေမျိုးမှာ လူထုတွေဟာ ဘယ်လိုလုပ်ပြီး အခြေခံဥပဒေရေးဆွဲတဲ့ လုပ်ငန်းစဉ်တွေမှာ တက်တက်ကြွကြွ ပါဝင်နိုင်ကြတော့မလဲရှင့်။

ရင်။ အင်း မလေးပြောသလို သင့်မြတ်ကောင်းမွန်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်ရှိဖို့၊ အကြောက်တရားတွေ လွှမ်းခြုံမနေဖို့ဆိုရင် ကျွန်တော်မြင်တာကတော့ မတရားဖိနှိပ်တဲ့ ဥပဒေအချို့ကို ရုပ်သိမ်းပေးဖို့လိုမယ်။ ဖမ်းထားတဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို လွှတ်ပေးဘို့လိုမယ်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြား၊ ရေဒီယို စတာတွေကို လွတ်လပ်ခွင့်ပေးဖို့လိုမယ်လို့ ယူဆသဗျာ။

လေး။ အဲဒါတွေနဲ့တင် မလုံလောက်သေးဘူး ကိုရင်မောင်။ လောလောလတ်လတ် ဖြစ်ပွားထားတဲ့ ဒီပဲယင်း လုပ်ကြံမှုကြီးမှာ တာဝန်ရှိသူတွေကို ဖေါ်ထုတ် အရေးယူပေးဖို့ဟာ အရေးကြီးဆုံးဘဲလို့ ကျမပြောချင်တယ်။ ဒီကိစ္စကြီးကို ဥပဒေ လမ်းကြောင်းနဲ့အညီ ဖေါ်ထုတ် အရေးယူမပေးနိုင်သမျှ ကာလပတ်လုံး ကျူးလွန်သူတွေဟာ လက်ရဲဇက်ရဲ ဆက်ပြီး ကျူးလွန်ဖို့ဝန်လေးမှာ မဟုတ်တော့သလို လူထုတွေကို ဖုံးအုပ်နေတဲ့ အကြောက်တရားတွေဟာလည်း ဘယ်တော့မှ လျော့ပါးသွားမှာ မဟုတ်တဲ့အတွက် တိုင်းပြည်မှာ ရေရှည်တည်တံ့ခိုင်မြဲမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်ပေါ်လာဖို့ဆိုတာ စိတ်ကူးယဉ် အိပ်မက်ဘဲ ဖြစ်နေလိမ့်မယ် ကိုရင်မောင်။

ရင်။ ကဲ ကဲ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆက်စပ်ပြီး တောက်ရှောက် စဉ်းစားရမယ့် အချက်တွေကို ရှင်းပါပြီဗျာ။ အချိန်လဲလင့်ပြီမို့ နောက်အပါတ်မှ ဆက်ကြရအောင်လားဗျာ။

လေး။ ကောင်းပါပြီတဲ့ ရှင်။

## အတိတ်သမိုင်းဖြစ်ရပ်နဲ့ မျက်မှောက်ပြဿနာများကို လူထုထံမှ လေ့လာခြင်းသည် အနာဂါတ်ဖွဲ့စည်းပုံ၏ အခြေခံ

ရင်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့အပတ်က မလေး ရှင်းပြသွားတဲ့ အချက်တခုကိုတော့ ကျွန်တော်အတော်သဘောကျမိသဗျာ။

လေး။ ဘာများပါလိမ့် ကိုရင်မောင်။

ရင်။ လူထု ကိုယ်တိုင်ရဲ့ရင်ထဲ အသဲထဲမှာ ဒါဟာ ငါတို့ရဲ့ အခွင့်အရေးတွေကို ပြဋ္ဌာန်း ထားတဲ့ အခြေခံဥပဒေဖြစ်တယ်၊ ဒါဟာ ငါတို့ရဲ့ လိုအင်ဆန္ဒတွေကို ထင်ဟပ်ဖော်ပြ ထားတဲ့ အခြေခံဥပဒေဖြစ်တယ်လို့ နှစ်နှစ်ကာကာ ယုံကြည်လက်ခံပြီး အသက်ပေး ကာကွယ်စောင့်ရှောက်ဖို့ အသင့်ဖြစ်လာတဲ့အခါကျရင် အဲဒီဖွဲ့စည်း ပုံ အခြေခံဥပဒေဟာ ရေရှည်တည်တံ့ ခိုင်မြဲမယ်ဆိုတဲ့ အချက်လေဗျာ။

လေး။ အဲဒါ အမှန်ဘဲပေါ့ ကိုရင်မောင်။ အဲဒီလို လက်တွေ့ဖြစ်လာဘို့ဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲဖို့ ကြိုးစားတဲ့အခါမှာ လူထုဆီက သဘောထား ဆန္ဒတွေကို ရယူဖို့၊ လူထုအသံကို လေးလေးစားစား နားထောင်ဖို့၊ လုပ်ငန်းစဉ် အဆင့်တိုင်းမှာ ပုံသဏ္ဍာန်မျိုးစုံနဲ့ လူထုကို ပါဝင်ပတ်သက်ခွင့်ပေးဖို့လိုတယ်ဆိုတဲ့ အချက်ကိုလည်း မမေ့နဲ့နော်။

ရင်။ အင်း မလေးရေ ဒီအခြေခံကနေ ပြန်ကြည့်တဲ့အခါကျတော့ ကျွန်တော်တို့နိုင်ငံမှာ တည်ရှိခဲ့တဲ့ ၁၉၄၇ နဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွေ ရေးဆွဲခဲ့တဲ့သမိုင်း မှာ လူထုဆီက သဘောထားဆန္ဒတွေ အသေအချာ မရယူနိုင်ခဲ့ဘူးဆိုတာ တွေ့ရ သဗျ။

လေး။ ဘာကြောင့်များပါလိမ့်ကိုရင်မောင်။ စောဒက တက်ကြည့်မယ်နော်။ တိုင်းပြု ပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကျင်းပပြီး ရွေးချယ်ခြင်းခံရတဲ့ လူထုကိုယ်စား လှယ်တွေကနေ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြတယ် မဟုတ် လား။ အဲဒါဟာ လူထုဆီက သဘောထားဆန္ဒနဲ့ ရေးဆွဲခဲ့ကြတာလို့ ပြောလို့မရ နိုင်ဘူးလား။

ရင်။ မလေးစဉ်းစားကြည့်လေဗျာ။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံကို ရေးဆွဲတဲ့အချိန်မှာ နိုင်ငံရေး အရ လွတ်လပ်ရေးကြိုးပမ်းမှု အရှိန်အဟုန်ကြီးမားနေတဲ့ ကာလဖြစ်ခဲ့တယ်ဗျာ။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီး အခြေခံလူထုတွေ ကြားထဲအဆင့်အထိ ရောက်အောင် ချပြဆွေးနွေး အမြင်ဖလှယ် အကြံဉာဏ်တောင်းတာမျိုး မလုပ်နိုင်ခဲ့ ဘူးလေဗျာ။

လေး။ ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့တဲ့ အခါတုန်းကရော ရှင်။ ကိုရင်မောင် ဘယ်လို သုံးသပ်မလဲ။

ရင်။ အဲဒီတုံးက ပိုဆိုးတာပေါ့ဗျာ မလေးရာ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ရယ်လို့ နံမည်ပေးထားတဲ့ စစ်တပ်ပါတီက အသင့်ရေးထားပြီးသား ဖွဲ့စည်းပုံမူကြမ်းကိုချပြ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဆိုတာကို ကျင်းပ၊ ကန့်ကွက်မဲ အမဲပုံးတွေထဲက မဲတွေ ကို ထောက်ခံမဲဖြစ်အောင် အဖြူပုံးတွေထဲပြောင်းထည့်၊ တပြည်လုံးပြည်သူလူထုရဲ့ ၉၃ ရာခိုင်နှုန်းကျော်က ထောက်ခံတယ် ဆိုပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ကို အတည်ပြု ကျင့်သုံးခဲ့တာ မလေး အသိမဟုတ်လား။

လေး။ အဲဒါကြောင့်ဘဲ ကျမတို့နိုင်ငံမှာရှိခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ်ခုဟာ တခုကို တဆယ့်လေးနှစ် သက်တမ်းဘဲ ကြာရှည်ခံခဲ့တာပေါ့ ကိုရင်မောင်။ ဖွဲ့စည်းပုံအခြေခံ

ဥပဒေကို တိုင်းပြည်မှာ နိုင်ငံရေးအာဏာရနေတဲ့ ခေါင်းဆောင်တချို့ကဘဲ ရေးဆွဲတာမျိုး မဖြစ်သင့်တော့ဘူးလေ။

ရင်။ အခုနေ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂါတ် ဖွဲ့စည်းပုံအခြေခံဥပဒေတခုကို ရေးဆွဲပြီဆိုကြပါစို့၊ ဘယ်လို ကိစ္စရပ်မျိုးတွေဆီမှာ လူထုဆီက အမြင်တွေ၊ သဘောထားဆန္ဒတွေ တောင်းမလဲဗျာ။

လေး။ အကုန်လုံးဘဲပေါ့ ကိုရင်မောင်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ အတိတ်က သမိုင်းဖြစ်ရပ်တွေကို ပြန်လည်သုံးသပ်၊ မျက်မှောက်မှာ လူ့အဖွဲ့အစည်းက ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို စူးစူးစိုက်စိုက်လေ့လာ၊ အနာဂါတ်အတွက် မျှော်မှန်းပြီး အကောင်းဆုံး အိမ်ကြီး တလုံးဆောက်နိုင်ရေးအတွက် အုတ်မြစ်ချပေးရတာ ဖြစ်တယ်နော်။ ဥပမာ ဆိုကြပါစို့ နအဖ စစ်အစိုးရဟာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုတာကို မကြာမကြာ အသံကောင်းဟစ်ပြီး ပြောလေ့ရှိတယ်။ ပြည်ထောင်စုကြီး မပြိုကွဲအောင်ဆိုတဲ့ အကြောင်းပြချက်နဲ့ ၁၉၆၂ ခုနှစ်မှာ အာဏာသိမ်းခဲ့တာဟာ မှန်သလား၊ မမှန်ဘူးလားဆိုတာကို ဘယ်တုန်းကများ အခြေခံလူထုဆီက လေ့လာပြီး ဖေါ်ထုတ်သုံးသပ်နိုင်ခဲ့တာ ရှိသလဲ။ ပြီးခဲ့တဲ့ ၁၉၉၃ ခုနှစ်ကနေ ၁၉၉၆ ခုနှစ်အတွင်းမှာ နအဖရဲ့ အမျိုးသားညီလာခံကို တက်ရောက်ခဲ့တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က ပုဂ္ဂိုလ်ကြီးတွေကရော ဖေါ်ထုတ်ဆွေးနွေးနိုင်ခဲ့တာ ရှိလို့လဲ။ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက်ဆိုတဲ့ အကြောင်းပြချက်ကြီးနဲ့ အာဏာသိမ်းရလောက်တဲ့အထိ ဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်ကြီးကို စနစ်တကျ ဖေါ်ထုတ်သုံးသပ် အဖြေထုတ်နိုင်တာမျိုး မရှိတဲ့အခါကျတော့ နောင်ကို ဒါမျိုးထပ်မံမဖြစ်ရအောင် ကာကွယ်ဟန့်တားတဲ့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်လို ထည့်သွင်းပြဋ္ဌာန်းမလဲ။ စဉ်းစားကြည့်ပါ ကိုရင်မောင်။

ရင်။ ကိုင်း အတိတ်က သမိုင်းဖြစ်ရပ် ဥပမာကိုတော့ ရှင်းပါပြီဗျာ။ မျက်မှောက်လက်ရှိ အချိန်မှာ ဖြစ်ပွားနေတဲ့ ပြဿနာတွေကိုကျတော့ရောဗျာ ဖွဲ့စည်းပုံအခြေခံဥပဒေရှုထောင့်ကနေ ဘယ်လိုချည်းကပ်မလဲ။

လေး။ အခု ထိုင်းနိုင်ငံမှာ ကြက်တုတ်ကွေးရောဂါ ဖြစ်ပွားပြီး လျှင်လျှင်မြန်မြန် ပြန့်နှံ့နေတဲ့အတွက် ထိုင်းအစိုးရမှာ ပြဿနာအကြီးအကျယ်တက်နေတာ ကြားမိတယ် မဟုတ်လား ကိုရင်မောင်။

ရင်။ ဒါကတော့ ဘယ်တတ်နိုင်မလဲဗျာ မလေးရာ။ နိုင်ငံအတော်များများမှာလည်းဘဲ ဒီလိုဘဲကူးစက်ပျံ့နှံ့ ပြီးဖြစ်လာကြတာ မဟုတ်လား။ ထိုင်းတနိုင်ငံထဲမှ မဟုတ်တာဗျာ။ ထိုင်းအစိုးရကလည်းဘဲ သူတတ်နိုင်သမျှ သွက်သွက်လက်လက်နဲ့ ကြက်တုတ်ကွေးရောဂါကို နှိမ်နင်းဖို့ကြိုးစားနေတယ်လို့ ကျွန်တော်တော့သိထားတာဘဲလေ။ အဲ နှိမ်နင်းဖို့ကြိုးစားရင်း ကြက်သားစား စားပြနေတာကတော့ တပိုင်းပေါ့ဗျာ ဟဲဟဲ။

လေး။ ဒါကို ကျမ မငြင်းပါဘူး ကိုရင်မောင်။ လက်ခံပါတယ်။ ဒါပေမယ့် ပညာရှင်တွေနဲ့

သတင်းဌာနတွေ စွပ်စွဲလာကြတာက အဲဒီရောဂါရဲ့လက္ခဏာတွေကို နိုဝင်ဘာလ ကုန်လောက်ကထဲက ထိုင်းအစိုးရက သိနေတယ်။ ဒါပေမယ့် ထုတ်ဖော် ကြေငြာခြင်းမရှိဘဲ ရေငုံနုတ်ပိတ် လုပ်ထားတယ်။ ဇန်နဝါရီလ (၂၃) ရက်နေ့ ရောက်မှ ထုတ်ဖော်ဝန်ခံတယ်။ တလကျော်လောက် နောက်ကျပြီးမှ လူထုတရပ် လုံးက သိရတဲ့အတွက် ကာကွယ်မှု ထိထိရောက်ရောက် မလုပ်နိုင်ခဲ့တာကြောင့် ကြက်တွေသေပြီး ပျက်စီးနစ်နာဆုံးရှုံးမှုအပေါ် ထိုင်းအစိုးရမှာ တာဝန်ရှိတယ်ဆိုပြီး ဝိုင်းဝန်းဝေဖန် အပြစ်တင်နေကြတယ် မဟုတ်လား ကိုရင်မောင်။

ရင်။ အင်း မလေးပြောမှ စဉ်းစားမိပြီ။ ထိုင်းအစိုးရက ကြက်တွေ ရောဂါ ပျံ့နှံ့ကူးစက်ပြီး သေနိုင်တဲ့ကိစ္စကို သိရက်နဲ့ဖုံးထားခဲ့တယ် ဆိုတဲ့အချက်ဟာမှန်တယ်ဘဲ ထားပါဦးဗျာ။ တလကျော်လောက်ဘဲ ရှိသေးတယ်ဗျ။ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ နိုင်ငံသားတွေ အေအိုင်ဒီအက်စ်ရောဂါ ခံစားရပြီး သေပျောက်မှုနှုန်းအကြီးအကျယ် တက်လာခဲ့ပေမယ့် စစ်အစိုးရက အဲဒီသတင်းကို နှစ်အချို့ကြာတဲ့အထိ ဖုံးထားခဲ့တယ်။ ထိုင်းမှာက ကျွန်တော်သိသလောက် ကြက်တုတ်ကွေးရောဂါကြောင့် လူတယောက်ဘဲ သေသေးပေမယ့် မြန်မာနိုင်ငံမှာ အေအိုင်ဒီအက်စ်ရောဂါကြောင့် သေခဲ့ရတာဟာ ထောင်ဂဏန်း မကတော့ဘူးလို့ မှန်းလို့ရမယ်။ နအဖ စစ်အုပ်စုဟာ အခုအချိန်အထိ အတိအကျလည်းဘဲ ထုတ်ဖော်ဝန်မခံ။ စနစ်တကျ သုတေသန လုပ်တာလည်းမရှိ၊ လုပ်ငန်းစဉ်ချမှတ် ဆောင်ရွက်ခြင်းလည်း မရှိသေးတာကြောင့် အသေအပျောက်နှုန်း အကြီးအကျယ်တက်လာခဲ့တဲ့အခါမှာ နစ်နာသူကတော့ ပြည်သူတွေဘဲဖြစ်တယ် ကိုရင်မောင်။

ရင်။ မြန်မာနိုင်ငံမှာ အေအိုင်ဒီက်စ် ရောဂါကြီးဖြစ်နေတဲ့ မျက်မှောက် ပြဿနာကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆက်စပ်ပြီး ဘယ်လို တားဆီးကာကွယ်မလဲဗျာ မလေးရာ။

လေး။ အခုလို ကြီးကြီးမားမားရောဂါတွေ ဖြစ်လာပြီဆိုရင် အစိုးရတခုထဲ ကြီးကြပ်ဖြေရှင်းလို့နိုင်နိုင်မယ် ထင်သလား ကိုရင်မောင်။

ရင်။ ဒီလောက်ကြီးကျယ်ပျံ့နှံ့နေတဲ့ ရောဂါဆိုးကြီးကို နှိမ်နင်းဘို့ အစိုးရတခုထဲ ဘယ်နိုင်ပါ့မလဲဗျာ သေချာတာပေါ့။ ထုတ်ဖော်ကြေငြာပြီး သုတေသနလုပ်တာတွေ၊ ပညာပေးတာတွေ၊ ကာကွယ်ကုသမှုပေးတာတွေ၊ လူမှုရေးအရ ကူညီအားပေးတာတွေအစရှိတဲ့ လုပ်ငန်းကြီးတွေကို ဒီမိုကရေစီနိုင်ငံတွေမှာသာဆိုရင် အစိုးရမဟုတ်တဲ့ အခြား ပရဟိတအသင်းတွေ၊ လူ့အခွင့်အရေး အဖွဲ့အစည်းတွေ၊ လူမှုရေးအသင်းအဖွဲ့တွေက စိုက်လိုက်မတ်တပ် လုပ်သွားကြမှာဘဲဗျ။

လေး။ အဲဒါ ဘဲပေါ့ ကိုရင်မောင်။ အခုကိုရင်မောင်ပြောတဲ့ အချက်ကိုဘဲ ဖော်ဆောင်နိုင်ဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လွတ်လပ်တဲ့ လူထုအသင်းအဖွဲ့တွေ၊ ပရဟိတ အသင်းတွေ၊ လူ့အခွင့်အရေး အဖွဲ့အစည်းတွေ လွတ်လပ်စွာ ဖွဲ့စည်းတည်ရှိလှုပ်ရှားနိုင်ဘို့ လိုတယ်ဆိုတဲ့အချက်ကို ထည့်သွင်းပြဋ္ဌာန်းသင့်တယ်ဆိုတာမျိုး စဉ်းစားလာနိုင်တာပေါ့ ကိုရင်မောင်။

ရင်။ ကဲ ရှင်းပါပြီ ဆရာမကြီးရယ်၊ အချိန်လဲလင့်သွားပြီမို့ နောက်အပတ်မှ ဆက်ကြစို့ဗျာ။

လေး။ ကောင်းပါပြီတဲ့ ရှင်။

## အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ ပြောင်းလဲခြင်းနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာရေး လုပ်ငန်းစဉ်

ရင်။ မလေးရေ အခုတလောတော့ လူထုတွေ အကြားထဲမှာ ကျွန်တော်တို့နိုင်ငံနဲ့ အနာဂါတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုနိုင်ငံရေး လုပ်ငန်းစဉ်တွေနဲ့ ရေးဆွဲကြမလဲဆိုတဲ့အပေါ်မှာ လေ့လာ ဆွေးနွေးမှုတွေ များလာတာ တွေ့ရသဗျ။

လေး။ အဲဒါကောင်းတာပေ့ါ ကိုရင်မောင်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးနဲ့ ပတ်သက်ပြီး နှစ်ပိုင်းရှိတယ်ရှင့်။ တပိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေး လုပ်ငန်းစဉ်ဆိုင်ရာအပိုင်း ဖြစ်ပြီးနောက်တပိုင်းက အဲဒီ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့အနှစ်သာရပိုင်းဖြစ်တယ် ကိုရင်မောင်။ ဒီ နှစ်ခုလုံး သင့်မြတ် လျော်ကပ်ပတ်မှုရှိမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေကောင်းတခု ပေါ်လာနိုင်မှာ ကိုရင်မောင်ရဲ့။

ရင်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီးတော့ အရင်ဆုံး ဆွေးနွေးပြပါဦး ဆရာမကြီးရယ်။ အခုအချိန်အထိတော့ ကျွန်တော်တို့ နိုင်ငံရေးခေါင်းဆောင်တွေ အတော်များများကတော့ နအဖ က ချပေးထားတဲ့ အမျိုးသားညီလာခံလမ်းကြောင်းကို အခြေခံပြီးတော့ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်လာရေးကို စဉ်းစားနေကြတာများတယ်လို့ ကျွန်တော် သုံးသပ်မိသဗျာ။ ပြီးခဲ့တဲ့ အပတ်ကတင်ဘဲ နအဖ နိုင်ငံခြားရေး ဝန်ကြီး ဦးဝင်းအောင်က အမျိုးသား ညီလာခံကနေ NLD သူ့ဟာသူ ထွက်သွားတာ၊ ပြန်တက်ချင်ရင် NLD ကိုယ်တိုင်က ထုတ်ပေါ် ကမ်းလှမ်းဖို့လိုတယ်လို့ ပြောသွားသေး မဟုတ်လား။ ခံပြင်းစရာကောင်းလိုက်လေဗျာ။ မြန်မာစကားပုံရှိတယ် မဟုတ်လား။ သူခိုးက လူကိုဟစ်တယ် ဆိုတာ။

လေး။ ကဲထားပါတော့ ကိုရင်မောင်ရယ်။ နအဖ အပေါ် ကျမ အာဃာတတရား၊ မလိုမုန်းထားအခြေခံနဲ့မပြောဘူး။ အချက်အလက် အထောက်အထားအရ အသေအချာ ပြောမယ်နော်။ ဘာကြောင့်လဲဆိုတော့ ကျမတို့အားလုံးဟာ ကိုယ့်နိုင်ငံနဲ့သမိုင်းကို ကိုယ်ရေးနေကြတာဖြစ်တယ်။ ကိုယ့်နိုင်ငံနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် နိုင်ငံရေးခေါင်းဆောင်တွေမှာတင် တာဝန်ရှိတာ မဟုတ်ဘူးနော်။ ကျမတို့နိုင်ငံသားအားလုံးမှာ တာဝန်ရှိတယ် ရှင့်။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ လမ်းကြောင်းကို အားလုံး ဝိုင်းဝန်းစဉ်းစားကြဖို့လိုတယ် ကိုရင်မောင်။ ဒီအခြေခံကနေ ကျမ ရှင်းရှင်းပြောချင်တာကတော့ နအဖ စီစဉ်ခင်းကျင်းထားတဲ့ အမျိုးသားညီ

လာခံလမ်းကြောင်းကနေ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်လာရေး ကြိုးစားတာဟာ လုံးဝကို မှားနေတယ်။ ဘယ်လို အကြောင်းပြချက်တွေနဲ့ ဘဲဖြစ်ဖြစ် အဲဒီလုပ်ငန်းစဉ်ကြီး အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်တွေ အဖွဲ့အစည်းတွေဟာ တချိန်ကျရင် သမိုင်းအမှားရေးသူတွေအဖြစ် တာဝန်ရှိသွားကြလိမ့်မယ်ဆိုတာဘဲ ကိုရင်မောင်။

ရင်။ ဟာ တက္ကသိုလ် ဆရာမကြီးရဲ့၊ ဒီကနေ့ အပြောအဆိုတွေ တယ်ပြီး ပြတ်သားနေပါကလား။ ပွဲကြမ်းနေပါကလား။ ဘယ်လိုကြောင့်များ ပါလိမ့်။ ရှင်းစမ်းပါဦး ဗျာ။

လေး။ ပထမ အချက်က သမိုင်းနဲ့ဆိုင်တယ် ကိုရင်မောင်။ ၁၉၉၀ မေလ ရွေးကောက်ပွဲ ရလာဒ်ဟာ ပြည်တွင်းက လူထုဆန္ဒကို တခဲနက် ထင်ဟပ်ဖော်ပြတဲ့ အခြေခံကနေ ကမ္ဘာက အသိအမှတ်ပြုထားရုံသာမကဘူး။ နအဖ ကိုယ်တိုင်ကလဲ အသိအမှတ်ပြုထားတာ ဖြစ်တယ်။ ဘယ်တုန်းကမှ ငြင်းခဲ့တာမရှိဘူး။ ဒါဟာ သမိုင်းဖြစ်သွားပြီ။ ကိုရင်မောင်စဉ်းစားကြည့်ပါ။ ဒီ ရလာဒ်ကို တနည်းနည်းနဲ့အကောင်အထည်ဖော်ဘို့ လုံးဝမစဉ်းစားဘဲ အမျိုးသားညီလာခံ လမ်းကြောင်းနဲ့ ဖွဲ့စည်းပုံရေးဆွဲပြီး နောက်ထပ် ရွေးကောက်ပွဲတရပ် ကျင်းပဖို့စဉ်းစားမယ်ဆိုတာဟာ ကျမတို့ တိုင်းပြည်နဲ့ အနာဂါတ်ကို ကျမတို့ ဖျက်ဆီးလိုက်တာဖြစ်တယ် ကိုရင်မောင်။

ရင်။ အင်း မလေးပြောသလို ရိုးရိုးကလေး စဉ်းစားကြည့်တော့လည်း ရှင်းနေပြန်တာဘဲဗျာ။ နောင်ကို ရွေးကောက်ပွဲတွေ ကျင်းပပြီးတော့ အဲဒီ ရွေးကောက်ပွဲ ရလာဒ်ကို အကောင်အထည်မဖော်လဲ ရတာဘဲဆိုတဲ့ အစဉ်အလာဆိုးကြီးကို စိုက်ထူပေးလိုက်တဲ့ သဘောဖြစ်သွားတော့မှာပေါ့။ ကျွန်တော်တို့ပြည်သူတွေအားလုံး ဒီအချက်ကို လက်မခံဘို့လိုတယ်ဆိုတာကိုတော့ ရှင်းပါပြီ ဗျာ။ နောက်တချက်က ရော ဘာများပါလိမ့်။

လေး။ ဒုတိယအချက်ကတော့ တရားဥပဒေစိုးမိုးရေးနဲ့ဆိုင်တယ် ကိုရင်မောင်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာ နိုင်ငံတွင်းမှာရှိတဲ့ ဥပဒေတွေအားလုံးရဲ့ ပင်မဥပဒေကြီး ဖြစ်တယ်။ အဲဒီ ဥပဒေကြီးကို မွေးထုတ်ဖို့ ကြိုးစားတဲ့ လုပ်ငန်းစဉ် တခုလုံးဟာ လည်း ဥပဒေနဲ့အညီဖြစ်ဖို့လိုတယ်ရှင့်။ ကြေငြာချက် အမှတ် ၁/၉၀ ဟာ နအဖနဲ့ တည်ဆဲဥပဒေဖြစ်တယ်နော်။ အဲဒီမှာ လက်မှတ်ရေးထိုးထားသူဟာ အခု ဝန်ကြီးချုပ်တာဝန်ယူထားတဲ့ ဗိုလ်ချုပ်ကြီး ခင်ညွန့် အတိအကျပါနော်။ အဲဒီကြေငြာချက်ရဲ့အပုဒ် (၁၂) မှာ ဘယ်လိုဖော်ပြထားသလဲ ဟောဒီမှာ ဖတ်ကြည့်ပါဦး ကိုရင်မောင်။

ရင်။ ကိုင်း ဖတ်ကြည့်စမ်းမယ် ဗျာ။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ (၃) တွင် **“**လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤ ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်**”** ဟူ၍ ပြဋ္ဌာန်းပါရှိသည်။ ယင်း ပြဋ္ဌာန်းချက် နှင့်အညီ လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု

တည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်။ ဆိုပါကလားဗျာ။

လေး။ ရှင်းပြီ မဟုတ်လား ကိုရင်မောင်။ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ဟာ သူ့နှုတ်ကို သူတန်ဘိုးထားပြီး သူ့နှုတ်က ထွက်ထားခဲ့တဲ့စကားအတိုင်း သူလုပ်ပေးဖို့၊ သူပြဋ္ဌာန်းထားတဲ့ဥပဒေကို သူလေးစားဖို့၊ တာဝန်ရှိတယ်ဆိုတာ ရှင်းနေတယ်မဟုတ်လား ရှင့်။ ဒါမှသာ ဥပဒေစိုးမိုးရေး အခြေခံကို တည်ဆောက်နိုင်မယ်။ အဲဒီ ကြေငြာချက်ရဲ့အပုဒ် (၂၀) မှာ ဆက်ပြီးဆိုထားသေးတယ်လေ။ ထို့ကြောင့် ယနေ့ အခြေအနေတွင် ပြည်သူအများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂါတ် ဒီမိုကရေစီ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသော ပုဂ္ဂိုလ်များ ဖြစ်သည်။ —— တဲ့။

ရင်။ အော် ဟုတ်ပြီ မလေးရေ။ ဒါဖြင့်ရင် ဒီကြေငြာချက်ကြီး တည်ရှိနေ သမျှကာလပတ်လုံး အမျိုးသားညီလာခံ ကျင်းပလို့ဘယ်ရတော့မလဲဗျ။ ၁၉၉၀ မေလ ရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခြင်းခံရသူတွေ ပါဝင်တက်ရောက်မယ့် လွှတ်တော် ခေါ်ပေးရုံဘဲ ရှိတော့တာပေါ့ဗျာ။

လေး။ မှန်တာပေါ့ကိုရင်မောင်။ အခြေခံဥပဒေ ရေးဆွဲတဲ့ကိစ္စကို သူတို့ သင့်သလို ကြည့်ပြီး ဆောင်ရွက်သွားကြတော့မှာပေါ့။ လူထုဆန္ဒတွေကို သင့်သလို ရယူ သွားနိုင်တယ်။ ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ အမတ်တွေထဲမှာ တိုင်းရင်းသား ကိုယ်စားလှယ်တွေ ပါဝင်မှု နည်းနေသေးတယ်ထင်ရင် လွှတ်တော်ကနေ နည်းဥပဒေတွေ ထပ်မံပြဋ္ဌာန်း၊ အခြေခံဥပဒေရေးဆွဲရေးဆိုင်ရာ ဆပ်ကော်မတီတွေ တိုးချဲ့ဖွဲ့စည်းပြီး လမ်းဖွင့်ပေးနိုင်သေးတယ်။ ဒါဟာ ဥပဒေစိုးမိုးရေး အခြေခံကို မပျက်စေဘဲ တိုင်းရင်းသား ပြည်သူတွေနဲ့ပူးပေါင်းပါဝင်မှုကို တိုးချဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်ပေါ်လာအောင် လုပ်သွားနိုင်တယ်လေ ကိုရင်မောင်။

ရင်။ ကိုင်း ရှင်းပါပြီး ဆရာမကြီးရေ။ နောက်ဆုံးအချက်ကရော ဘာများပါလိမ့်ဗျာ။

လေး။ တတိယနဲ့ နောက်ဆုံးအချက်ကတော့ အရေးအကြီးဆုံးဘဲ ကိုရင်မောင်။ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီကို ပြောင်းသွားတဲ့ လက်တင်အမေရိက နိုင်ငံနှစ်ဆယ်ကျော်၊ အရှေ့ဥရောပနဲ့ တောင်အာဖရိက နိုင်ငံတွေမှာ အာဏာရှင် အုပ်ချုပ်မှုဟောင်းအောက်မှာ ဖြစ်ပွားခဲ့တဲ့ပြည်သူတွေနဲ့ လူ့အခွင့်အရေး ချိုးဖေါက်မှုတွေနဲ့ ပတ်သက်ပြီး တာဝန်ရှိမှုတွေကို ဖေါ်ထုတ်ပေးကြရတယ်။ အရေးယူသင့်တာတွေကို အရေးယူရတယ်။ ပြစ်မှုကျူးလွန်ခံခဲ့ရသူတွေကို လျော်ကြေးတွေ ပြန်ပေးဘို့ ညှိနှိုင်းစီစဉ်ရတယ်။ မသိချင်ယောင်ဆောင်ပြီး ကျော်လွှားသွားလို့ မရဘူး ရှင့်။

ရင်။ အော် မလေးဆိုလိုတာက နအဖ အမျိုးသားညီလာခံ လမ်းကြောင်း အတိုင်းသွားမယ်ဆိုရင် ဒါတွေကို မေ့ပစ်ရာ၊ ပြည်ဖုံးကားချလိုက်ရာ ရောက်သွားမယ် လို့ ဆိုလိုတာလားဗျာ။

လေး။ သိပ်မှန်တာပေါ့ ကိုရင်မောင်။ နအဖ အမျိုးသားညီလာခံတက်ဘို့ စားရင်းပေးထား

တဲ့ ရှမ်းပြည်က တိုင်းရင်းသားခေါင်းဆောင်ကြီးများ ရှမ်းမကလေးတွေကို ရာနဲ့ချီပြီး နအဖတပ်က မုဒိမ်းကျင့်သွားတဲ့ ကိစ္စဘာများ ပြောကြမလဲ။ ပြည်ဖုံးကားချခဲ့တော့မှာလား။ အဲဒီလိုဘဲ စာရင်းပေးထားတဲ့ ကရင်နီခေါင်းဆောင်တွေ ကရင်နီရွာတွေ ရာနဲ့ချီပြီး အတင်းအဓမ္မ ရွှေ့ပြောင်းခံခဲ့ရလို့ ပြေးကြလွှားကြရင်း ကိုယ်ဝန်ဆောင်တွေ မီးမဖွားနိုင်ကြတဲ့အတွက် သေကြကြေကြတဲ့ ဖြစ်ရပ်တွေကို မေ့ထားခဲ့ကြတော့မှာလား။ ရေး–ထားဝယ် ရထားလမ်းဖေါက်လုပ်ရင်း လူတွေ သောင်းနဲ့ချီပြီး အဓမ္မ လုပ်အားပေး ခိုင်းစေခံခဲ့ရလို့ ဘဝပျက်သွားခဲ့ရတဲ့ သောင်းနဲ့ချီတဲ့ မွန်ပြည်သူတွေနဲ့ နစ်နာမှုတွေကို ကုစားပေးဖို့အတွက် မွန်ခေါင်းဆောင်ကြီးများ မစဉ်းစားပေးသင့်ဘူးလား။ ဗလမင်းထင် တံတားဆောက်ဖို့အတွက် မြေသိမ်းခံရတဲ့ ကချင်ပြည်သူတွေ၊ ကျောက်စိမ်းနဲ့ ရွှေတွင်းတွေကို တရုပ်နဲ့ နိုင်ငံခြားကုမ္ပဏီတွေကို ရောင်းစားလိုက်တဲ့အတွက် နစ်နာသွားခဲ့ရတဲ့ ကချင်ပြည်သူတွေ နဲ့အခွင့်အရေးတွေကို ကချင်ခေါင်းဆောင်ကြီးများ တောင်းဆိုမပေးကြတော့ဘူးလား။ အလွယ်တကူဘဲ မေ့ထားခဲ့ပြီး နအဖ ညီလာခံကနေ စစ်ဗိုလ်နိုင်ငံ တည်ဆောက်ရေးကို ဝင်ရောက် ထောက်ခံလိုက်ကြတော့မှာလားဆိုတာ စဉ်းစားဖို့ ကောင်းပါပြီ ကိုရင်မောင်။

ရင်။ ကဲ ကဲ မလေးရေး စဉ်းစားစရာတွေ အများကြီးရသွားပြီ ဗျာ။ အချိန်လဲလင့်သွားလို့ ဒီမှာဘဲ ရပ်ကြဦးမှ ဖျို့။

လေး။ ကောင်းပါပြီတဲ့ ရှင်။

အမျိုးသားညီလာခံ

# အာဏာတရားဝင်ရရှိရေး နအဖ၏ကြိုးပမ်းချက်

မြင့်သိဏ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)သည်၊ ၁၉၉၆ ခုနှစ်တွင် ရပ်ဆိုင်းထားခဲ့သည့် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပရန်အတွက် အပြင်းအထန် ကြိုးပမ်းအားထုတ်လျှက် ရှိနေပေသည်။ ယင်းအမျိုးသားညီလာခံသည် ၁၉၉၃ ခုနှစ်မှစတင်၍ ကျင်းပခဲ့သည့် ညီလာခံဖြစ်သည်။ ၁၉၉၀ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး၏ ရလဒ်ဖြစ်သည့် ပြည်သူ့ဆန္ဒကို ဥပဒေနှင့်အညီ တရားဝင်ငြင်းပယ်ရန်နှင့် အာဏာသိမ်း စစ်အစိုးရအသွင်မှ ဥပဒေနှင့်အညီ တရားဝင်အစိုးရတရပ်အသွင် ရေရှည်အာဏာရရှိရေးအတွက် စနစ်တကျ ကြိုးပမ်းမှုပြုခဲ့သည့် ညီလာခံလည်းဖြစ်ပေသည်။ ယင်းကဲ့သို့ နအဖတို့အနေဖြင့် တရားဝင် အာဏာရရှိအောင် ကြိုးပမ်းချက်များကို အမျိုးသားညီလာခံ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ အခြေခံရမည့်လမ်းညွှန်မှု (၆) ချက်ကို လေ့လာခြင်းဖြင့် ရှင်းလင်းစွာ သိရှိနိုင်မည်ဖြစ်ပေသည်။ ယင်းအခြေခံမှု (၆) ချက်သည် နအဖ၏ နိုင်ငံတော်အာဏာကို တရားဝင်ဖြစ်သည့် နည်းလမ်းဖြင့် ရေရှည်ကိုင်စွဲသွားနိုင်ရေး မျှော်မှန်းချက်ကို လက်တွေ့ အကောင်အထည်ဖော်သွားမည့် သဘောထား အစစ်အမှန်ပင်ဖြစ်သည်။ ယင်း နအဖ သဘောထားကို အတိအကျ ဆက်လက် အကောင်အထည်ဖော်သွားနိုင်ရန်အတွက် အသေးစိပ်အခြေခံမှု (၁၀၄) ချက်ကိုလည်း အဆင်သင့် ပြင်ဆင်ထားပြီးဖြစ်သည်။ နအဖတို့ ကျင်းပမည့် အမျိုးသားညီလာခံကြီးတွင် အသေးစိပ်ချမှတ်ထားသည့် အခြေခံမှု (၁၀၄) ချက်သည် ယင်းညီလာခံကြီးမှပေါ်ထွက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဥပဒေ ပြဋ္ဌာန်းချက်များ ဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပေ။

သို့ဖြစ်လျှင် နအဖ၏ အမျိုးသားညီလာခံကျင်းပခြင်းနှင့်စပ်လျဉ်းသည့် အခြေခံမှု (၆) ချက်ကို အထူးပြုလေ့လာရန် လိုအပ်လာမည်ဖြစ်သည့်အလျှောက် ယင်းလေ့လာချက်

များကို တင်ပြသွားလိုပါသည်။ ယင်းအခြေခံမူ (၆) ချက်မှာ –

(က) ပြည်ထောင်စုမပြိုကွဲရေး၊
(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
(ဂ) အချုပ်အခြာအာဏာတည်တန့်ခိုင်မြဲရေး၊
(ဃ) စစ်မှန်သည့်ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊
(င) လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းတည်းဟူသော လောကပါလ တရားများ ထွန်းကားရေး၊
(စ) နိုင်ငံတော်၏ အနာဂတ်နိုင်ငံရေးဦးဆောင်မှုတွင် တပ်မတော်မှ ပါဝင်နိုင်ရေး – တို့ဖြစ်သည်။

(က) ပြည်ထောင်စုမပြိုကွဲရေး

တရားဥပဒေစိုးမိုးရေး အခြေခံအရ လေ့လာမည်ဆိုလျှင် နိုင်ငံတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးအကြီးဆုံးဖြစ်သည်။ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး (သို့) စီမံခန့်ခွဲရေးအာဏာ၊ တရားစီရင်ရေးအာဏာတည်းဟူသော အာဏာကြီးသုံးရပ်ကိုပိုင်စိုးသည့် အချုပ်အခြာအာဏာသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှိရစမြဲဖြစ်သည်။ ယင်းကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို တည်ဆောက်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲမည်ဆိုလျှင်၊ မိမိတို့ တည်ဆောက်မည့် အနာဂတ်အတွက် စိုးရိမ်မှုအခြေခံဖြင့် မချဉ်းကပ်သင့်ပေ။ အတိတ်နှင့်ပစ္စုပ္ပန်ကို ရောထွေးခံယူလျက် အနာဂတ်ကိုပုံဖော်ခြင်းသည် သဘောရိုးအခြေခံဖြင့် ချဉ်းကပ်သည်ဟုလက်ခံရန် ခက်ခဲနိုင်ပေသည်။ အတိတ်မှဆိုးကျိုးများသည် လက်ရှိပစ္စုပ္ပန်ကို ရိုက်ခတ်နိုင်ပေသည်။ ယင်းဆိုးကျိုးများကို အနာဂတ်အထိ ဆက်လက်မဖြစ်ပေါ်စေရန်အတွက် တားဆီးရမည်ဆိုသည့် စဉ်းစားချက်သည် သဘာဝကျပေသည်။ သို့သော် အနာဂတ်ကို သံသယအခြေခံဖြင့် မချဉ်းကပ်သင့်ပေ။ ပြည်ထောင်စု မပြိုကွဲရေးအတွက် အနာဂတ်ကာလ တလျှောက်လုံးတွင် မည်သူ့ကို တာဝန်ပေးထားရမည်နည်းဆိုသည့် မေးခွန်းကို ဖြေဆိုရမည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်ဆိုသည်မှာ အငြင်းပွားဖွယ်မရှိနိုင်သည့် အချက်ဖြစ်သည်။ တချိန်တည်းတွင် ယင်းမေးခွန်းကို မည်သည့်ပုံစံဖြင့် ဖြေဆိုရမည်ကို အလေးအနက်ထား စဉ်းစားရမည်ဖြစ်သည်။ ပြည်ထောင်စုကြီးမပြိုကွဲရေးအတွက် တာဝန်ရှိသည်မှာ တပ်မတော်သာမဟုတ်၊ နိုင်ငံသားတိုင်း၏ အကြီးလေးဆုံးတာဝန်ဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရန်အတွက် စိုးရိမ်ကြီးစွာဖြင့် ဖွဲ့စည်းပုံကို ချဉ်းကပ်မည့်အစား၊ ပြည်ထောင်စု ပြိုကွဲခဲ့သည့် (သို့) ပြိုကွဲနိုင်သည့် အတိတ်သင်ခန်းစာများကို အတိအကျ ကောက်ချက်ပြုပြီး၊ အခြေခံကျသည့် အရင်းအမြစ်ဆိုင်ရာအချက်များကို အတိအကျ ရှာဖွေဖော်ထုတ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသွားခြင်းဖြင့် ပြည်ထောင်စု ပြိုကွဲမည့်အန္တရာယ်ကို ကာကွယ် တားဆီးနိုင်မည် ဖြစ်ပေသည်။ ဤသို့ဖြင့် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်ကို

ရာသက်ပန်စိုးရိမ်ကြောင့်ကြနေရမည့်အခြေအနေမှ လွတ်ကင်းနိုင်မည် ဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲစေရန်အတွက် လက်နက်ကိုင်၍စောင့်ရန် မလိုပေ။ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နည်းမှန်လမ်းမှန် ကာကွယ်စောင့်ရှောက်ရန်သာ ဖြစ်သည်။

မြန်မာနိုင်ငံတွင် တည်ရှိခဲ့ဘူးသည့် ဖွဲ့စည်းပုံသမိုင်းကို ပြန်လှေ့လာကြည့်လျှင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ပြည်ထောင်စုပြိုကွဲခဲ့ခြင်းမဟုတ်၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အားနည်းသည်ဟုအကြောင်းပြ၍ အာဏာသိမ်းခဲ့မှုကြောင့်သာ ပြည်ထောင်စုတွင်း စည်းလုံးညီညွတ်မှုများ ပြိုကွဲပျက်စီးခဲ့ရခြင်းဖြစ်သည်ကို အာဏာသိမ်းစစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်ကြီးနေဝင်း၏ နိုင်ငံတော်သို့တင်ပြခဲ့ချက်အရ ရှင်းလင်းစွာ တွေ့မြင်နိုင်မည် ဖြစ်ပေသည်။ ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် နိုင်ငံတော်အာဏာကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်အာဏာသိမ်းခဲ့သည့် စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်နေဝင်းက တိုင်းပြည်ချောက်ထဲကျရန် လက်နှစ်လုံးအလိုတွင် တိုင်းပြည်၏အန္တရာယ်ကို ကယ်တင်သည့်အနေဖြင့် မလွဲသာမရှောင်သာ ဆောင်ရွက်ခဲ့ရသည်ဟု တိုင်းပြည်သို့ကျေညာခဲ့သည့် အကြောင်းပြချက်မှာ "လွတ်လပ်ရေးရပြီးနောက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟောင်း၏ ပျော့ကွက်၊ ဟာကွက်များနှင့် ဧနရှင်ပါလီမန်ဒီမိုကရေစီ၏ ဆိုးကျိုးများကြောင့် ပဒေသရာဇ်မြေရှင်၊ အရင်းရှင်တို့၏ အာဏာလွှမ်းမိုးမှုသည် တနေ့ထက်တနေ့ ကျယ်ပြန့်ခိုင်မာလာပြီးလျှင် လွတ်လပ်ရေးမှာ ဆိတ်သုဉ်းပျောက်ကွယ်လုနီးပါးအခြေအနေသို့ ဆိုက်ရောက်ခဲ့ရပေသည်၊" ဟု ဖေါ်ပြခဲ့ပေသည်။

ထိုနည်းတူ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ပြည်ထောင်စုပြိုကွဲရခြင်း၏ အခြေခံသဘောတရားကို လစ်လျူရှုထားခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ပေသည်။ မတူကွဲပြားသည့် တိုင်းရင်းသားအမျိုးသားပေါင်းစုံနေထိုင်သည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားတိုင်း၏ တန်းတူရေးနှင့် ဒီမိုကရေစီရေးအခြေခံများ၊ တရားဥပဒေစိုးမိုးရေးအခြေခံများ ကင်းမဲ့နေမှုသည် ပြည်ထောင်စုမပြိုကွဲရေးကို အာမခံချက်ရှိစေရန် မည်သို့မျှ တာဝန်ခံနိုင်လိမ့်မည်မဟုတ်ပေ။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း အာဏာသိမ်း စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်နေဝင်း၏ တပါတီအာဏာရှင်စနစ်ဖြင့် နိုင်ငံတော်အာဏာကို ရေရှည်ကိုင်စွဲရေးဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်ကို ပြည်ထောင်စုမပြိုကွဲရေးသဘောထားအခြေခံဖြင့် ချဉ်းကပ် ပုံဖေါ်ခဲ့ချက်သာဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ဤသို့ဖြစ်လျှင် နအဖ၏ ပြည်ထောင်စုမပြိုကွဲရေးအခြေခံမှုသည် ပြည်ထောင်စုမပြိုကွဲရန် အရေးကြီးသည့်အလျှောက်၊ ပြည်ထောင်စုမပြိုကွဲရန်အတွက် လက်နက်ဖြင့်စောင့်ရှောက်ရန်လိုအပ်သည်ဖြစ်၍ မြန်မာ့နိုင်ငံရေးအခန်းကဏ္ဍတွင် စစ်တပ်၏ အခန်းကဏ္ဍကို မဖြစ်မနေ ထည့်သွင်းပေးပါရန်အတွက် ပထမအဆင့် လျှောက်လဲချက် ဖြစ်နေသည်ဟုဆိုလျှင် မှားမည်မထင်ပေ။ ထို့အတူ စစ်တပ်သည် နိုင်ငံတော်မပြိုကွဲရေးအတွက် အရေးကြီးသည့်တာဝန်ကို ထမ်းဆောင်နိုင်သူဖြစ်သည်၊ လက်နက်ဖြင့်သာ ပြည်ထောင်စုမပြိုကွဲရေးကို ထိမ်းသိမ်းစောင့်ရှောက်နိုင်မည်၊ ပြည်ထောင်စုကြီးပြိုကွဲရန်ဖြစ်လာမည့်

မည်သည့် အခြေအနေမျိုးတွင်မဆို စစ်တပ်အနေဖြင့် ပြည်ထောင်စုမပြိုကွဲရေးအတွက်ဟု အကြောင်းပြကာ နိုင်ငံတော်အာဏာကို (၆၂) ခုနှစ်၊ (၈၈) ခုနှစ်များနည်းတူ အာဏာ သိမ်းခွင့်ရှိစေရမည်ဟူသည့် အာဏာသိမ်းရေးသဘောထားကို အချိန်မရွေး လက်တွေ့ အကောင်အထည်ဖေါ်ပိုင်ခွင့် ရရှိရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ လမ်းညွှန်ချက်များ နှင့်အညီ အခိုင်အမာ အာမခံချက်ရှိစေရန် ကြိုးပမ်းထားချက်တရပ်လည်း ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

သို့ဖြစ်၍ နအဖ၏ ပြည်ထောင်စုမပြိုကွဲရေးအခြေခံမူသည်၊ အမှန်တကယ် ပြည်ထောင်စုမပြိုကွဲရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ချဉ်းကပ်သင့်သည့် အခြေခံမူ တရပ် မဟုတ်ဘဲ၊ မြန်မာနိုင်ငံ၏ အနာဂတ်နိုင်ငံရေးတွင် စစ်အုပ်စုအနေဖြင့် တရားဝင် ဥပဒေပါ အခွင့်အရေးတရပ်အနေဖြင့် ဝင်ရောက်ချယ်လှယ်ပိုင်ခွင့်နှင့် အာဏာရရှိရေးကို ကိုင်စွဲနိုင်ရေးသာဖြစ်သည်။ စစ်အုပ်စု၏ အနာဂတ်နိုင်ငံရေး မျှော်မှန်းချက်ကို လက်တွေ့ အကောင်အထည်ဖေါ်နိုင်ရန် ကြိုးပမ်းထားချက်တရပ်သာ ဖြစ်သည်။ နိုင်ငံတနိုင်ငံတွင် ရှိသင့်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံသဘောထားများနှင့် ဆန့်ကျင်နေပေ သည်။ နိုင်ငံတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယင်းနိုင်ငံ၏ မည်သည့်လူမျိုးတမျိုး၊ အုပ်စုတခုကိုမျှ ကိုယ်စားပြုသည့် အခြေခံဖြင့် ချဉ်းကပ်ပုံဖေါ်မှုမျိုးမဖြစ်သင့်ပေ၊ ယင်းနိုင်ငံရှိ နိုင်ငံသားတိုင်း (သို့) နိုင်ငံသားတဦးချင်းစီ၏ အကျိုးစီးပွားကိုသာ ကိုယ်စားပြုရမည် ဖြစ် သည်။ နိုင်ငံတနိုင်ငံ၏ နိုင်ငံရေးမျှော်မှန်းချက်သည် နိုင်ငံသားတဦးချင်းစီ၏ အကျိုးစီးပွားကို အခြေခံရမည်ဖြစ်သည်။ အမှန်တကယ် ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်မည်ဆိုပါက၊ ပြည်ထောင်စု နိုင်ငံသားတဦးချင်းစီ၏ ဒီမိုကရေစီရေးဆိုင်ရာ အခြေခံအခွင့်အရေးများကို အတိအကျအာမခံလျက်၊ တိုင်းရင်းသားတမျိုးချင်းစီ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဆိုင်ရာအခွင့်အရေးများကို အခိုင်အမာအာမခံနိုင်သည့် ပြည်ထောင်စုကြီး ပေါ်ပေါက် ရေးကို ရှေ့ရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်ရေးကိုသာ အခြေခံမူအဖြစ် ကိုင်စွဲသွားရပေမည်။ ထို့ပြင် နိုင်ငံသားအချင်းချင်းသော်လည်းကောင်း၊ တိုင်းရင်းသား လူမျိုးတမျိုးချင်းသော်လည်းကောင်း၊ တဦးနှင့်တဦး အပြန်အလှန် တန်ဘိုးထားလေးစားမှု များကို ထိန်းညှိပေးနိုင်သည့် လူ့အဖွဲ့အစည်းတရပ်ကို တည်ဆောက်နိုင်မည့် နိုင်ငံရေးစနစ် တရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိကျခိုင်မာစွာ ထည့်သွင်းပြဋ္ဌာန်းပြီး၊ လက်တွေ့ ကျင့်သုံးနိုင်မည်ဆိုလျှင် ပြည်ထောင်စုပြိုကွဲရန် အခြေအနေများပေါ်ပေါက်လာရန် အကြောင်းမရှိပေ။ ပြည်ထောင်စုပြိုကွဲခြင်းသည် ယင်းပြည် ထောင်စု အတွင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံသားများ၏ အခြေခံအခွင့်အရေးနှင့် အကျိုးစီးပွားမညီမျှမှု အခြေခံမှ ပေါ်ပေါက်လာသည့် အကြောင်းတရားများကြောင့်ပင် ဖြစ်သည်။

(ခ ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် ပြည်ထောင်စုမပြိုကွဲရေး တို့သည် ဒင်္ဂါးပြား၏ခေါင်းနှင့်ပန်းသဖွယ် ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု

ပြိုကွဲလျှင်၊ ပြည်ထောင်စုလည်း ပြိုကွဲပျက်စီးနိုင်မည်ဖြစ်သည်။ ပြည်ထောင်စုကို မပြိုကွဲစေလိုလျှင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ရမည်ဖြစ်သည်။ ယင်းသို့ တည်ဆောက်နိုင်မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကို မှန်ကန်စွာ ထိမ်းသိမ်းစောင့်ရှောက်ရာရောက်မည် ဖြစ်ပေသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးသည်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အခြေခံမူတရပ်အဖြစ် အသုံးပြုခြင်းထက် နိုင်ငံရေးဆိုင်ရာ လူ့အဖွဲ့အစည်းများအတွင်းမှု သဘောဆောင်သည့် သဘောထားတရပ်အနေဖြင့်သာ ချမှတ် ကျင့်သုံးသင့်ပါသည်။ လူ့သမိုင်းစဉ်တလျှောက် ပြန်လေ့လာကြည့်လျှင် မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို စည်းလုံးညီညွတ်မှု ပြိုကွဲစေရန်ဖြစ်ပေါ်လာသည့် အခြေအနေများအောက်တွင် စည်းလုံးညီညွတ်မှု ပြိုကွဲသွားလေ့ရှိသည်မှာ ဓမ္မတာပင်ဖြစ်သည်။ မည်သူမျှ အဓမ္မချည်နှောင်ထား၍ မရနိုင်ပေ။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အမှန်တကယ် မပြိုကွဲစေလိုလျှင် တိုင်းရင်းသားအမျိုးသားတခုချင်းစီ၏ ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခိုင်အမာ အာမခံချက်ရှိစေရန်သာမက၊ နိုင်ငံသားတဦးချင်းစီ၏ အခြေခံအခွင့်အရေးများ၊ တိုင်းရင်းသားလူမျိုးစုများ၏ အုပ်စုလိုက်ဆိုင်ရာ အခွင့်အရေးများ၊ စုပေါင်းအခွင့်အရေးများအတွက် ခိုင်မာသည့် အာမခံချက်များ ရှိစေရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံသားတဦးချင်းစီ၏ ဒီမိုကရေစီအခွင့်အရေးသည် သက်ဆိုင်ရာနိုင်ငံသားများ၏ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများပင်ဖြစ်သည်။ ယင်း အခွင့်အရေးများ၏ ညီညွတ်မျှတမှုသည် လွန်စွာအရေးကြီးပေသည်။ မည်သည့်လူမျိုးတမျိုး၊ ဘာသာတခုခုကိုမျှ အထူးအခွင့်အရေး ခံစားခွင့်ရှိသူများမဖြစ်စေရန်မှာ လွန်စွာအရေးကြီး လှပေသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံမူတရပ်အဖြစ် ချမှတ်ကျင့်သုံးလိုက်မည်ဆိုလျှင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲစေရန် ရည်ရွယ်သည့် တင်းကျပ်သည့် ဥပဒေပြဌာန်းချက်များကို တရားဥပဒေစိုးမိုးရေးဆိုင်ရာ အခြေခံများနှင့်ဆန့်ကျင်လျှက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲရမည့် အခြေအနေများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပေသည်။ လောကပါလတရားနှင့်လည်း ဆန့်ကျင်မှုများဖြစ်လာနိုင်မည် ဖြစ်ပေသည်။

ဤသို့ဆိုလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကိုမည်သည့်နည်းလမ်းဖြင့် အကောင်အထည်ဖေါ်မည်နည်း။ တံတားဆောက်၊ ကျောင်းဆောက်၊ ဆေးခန်းဆောက်၊ လမ်းပြင်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးဟူသော လုပ်ငန်းစဉ်လောက်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ထိမ်းသိမ်းနိုင်မည်မဟုတ်ပေ။ တိုင်းရင်းသားလူမျိုးတမျိုးချင်းစီအနေဖြင့် ၎င်းတို့၏ ကံကြမ္မာကို ၎င်းတို့ကိုယ်တိုင် မည်မျှဖန်တီးတည်ဆောက်နိုင်မည်နည်း။ တိုင်းရင်းသားလူမျိုး တမျိုးချင်းစီ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာရေးကိုးကွယ်မှု၊ ဘာသာစကား၊ အခြေခံလွတ်လပ်ခွင့်များကို မည်သို့ အာမခံချက်ရှိစေမည်နည်း။ တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသများအဖြစ် သတ်မှတ်ပေးယုံမျှနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ပြည့်စုံမှုရှိသွား

နိုင်မည်လား။ တိုင်းရင်းသားများအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနိုင်မည် ဖြစ်သော်လည်း၊ ကိုယ့်အနာဂတ်ကံကြမ္မာအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရထားသည်မဟုတ်။ မရေရာသည့် အနာဂတ်အောက်တွင် ပေးသလောက်သာ ရရှိထားနိုင်သည့် အခွင့်အလမ်းတခုသာ ဖြစ်ပေမည်။ ယင်းသည် အခွင့်အရေးမဟုတ်ပေ။ အချိန်မရွေး ပြန်လည်ရုပ်သိမ်းခံရနိုင်သည့် ယာယီအခွင့်အလမ်းတရပ် အဆင့်သာဖြစ်သည်။ တိုင်းရင်းသား လူမျိုးများအတွက် ခိုင်မာသည့် အခွင့်အရေးတရပ်အနေဖြင့်သတ်မှတ်ရန် မည်သို့မျှမဖြစ်နိုင်ပေ။ တိုင်းရင်းသားလူမျိုးတိုင်းတွင် ရှိထားပြီးဖြစ်သည့် မွေးရာပါအခြေခံ အခွင့်အရေးများအပေါ်တွင်လည်း ခိုင်မာသည့် အာမခံချက်များ အပြည့်အဝရှိပြီးဖြစ်သည်ဟု ယုံကြည်ယူဆ၍ရနိုင်ရန် အကြောင်းမရှိပေ။

ကိုယ်ပိုင်အုပ်ချုပ်ရေး အဆင့်ရသည်ဆိုသည်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရရှိခြင်းမဟုတ်။ ကိုယ့်ကြမ္မာကို ကိုယ်ကိုတိုင် ပြဋ္ဌာန်းရရှိပြီး၊ ကိုယ့်အနာဂတ်ကို ကိုယ်ကိုတိုင်ဖန်တီးခွင့် အခွင့်အရေးမဟုတ်။ အကန့်အသတ်ဖြင့် ပေးထားသည့် အခွင့်အရေးအဆင့်ကိုသာ ရရှိနိုင်မည်ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လမ်းညွှန်ခဲ့သည့် “Unity in diversity” မတူကွဲပြားခြားနားမှု အခြေခံများအတွင်းမှ တူညီမှုကိုရှာဖွေ ရယူခြင်းဆိုသည့် နိုင်ငံရေးလုပ်ငန်း လမ်းညွှန်ချက်နှင့် လုံးဝဆန့်ကျင်နေသည့်အပြင် ကရင် အမျိုးသားခေါင်းဆောင် စောဘဦးကြီး၏ “ကရင်တကျပ်၊ ဗမာတကျပ် ချက်ခြင်းပြ” တော်လှန်ရေးလမ်းညွှန်ချက်နှင့်လည်း တည့်တည့်ကြီး ဆန့်ကျင်နေမည်ဖြစ်ပေသည်။ သို့ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲစေရန်နှင့် စစ်မှန်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုအမှန်တကယ် တည်ဆောက်မည်ဆိုလျှင် တိုင်းရင်းသားတိုင်း၏ နိုင်ငံရေးအခွင့်အရေး တန်းတူညီမျှမှုကို ခိုင်မာအောင် တည်ဆောက်ရန်မှတပါး အခြားမရှိပေ။

(ဂ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

နိုင်ငံတနိုင်ငံတွင် ယင်း၏အချုပ်အခြာတည်တံ့ခိုင်မြဲရေးသည် လွန်စွာအရေးကြီးသည်ဆိုသည့်အချက်မှာ သာမန်အားဖြင့် အငြင်းပွားရန်ခက်ခဲမှုရှိနိုင်သည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံတနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်။ တချိန်တည်းတွင် နိုင်ငံတနိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားနိုင်ငံများက လေးစားအသိအမှတ်ပြုရန်ကိစ္စသည်လည်း လွန်စွာအရေးကြီးပါသည်။ သို့သော် နိုင်ငံတနိုင်ငံတွင် ယင်း၏ အချုပ်အခြာအာဏာကို မည်သည့်ပုံစံဖြင့် တည်ဆောက်ထားသည်ဆိုသည့်အချက်ကို သက်ဆိုင်ရာနိုင်ငံရှိ အချုပ်အခြာအာဏာ၏ တန်ဘိုးအဖြစ် သတ်မှတ်လက်ခံရမည်ဖြစ်သည်။ နိုင်ငံတနိုင်ငံ၏ အချုပ်အခြာအာဏာကို မည်သူက ပိုင်ဆိုင်သနည်း၊ နိုင်ငံတော်ကပိုင်သလား၊ နိုင်ငံသားများကပိုင်သလား၊ အမှန်တကယ် နိုင်ငံတနိုင်ငံ၏ အချုပ်အခြာအာဏာသည် (Popular Sover-

**eignty)** သဘောတရားအရ မူလပိုင်ရှင် ပြည်သူလူထုက ဖန်တီးခြင်းဖြစ်သလား၊ လက်တွေ့ကျင့်သုံးရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး (ဝါ) စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေး ဟူသည့် အချုပ်အခြာအာဏာသုံးရပ်ကို ပြည်သူလူထုအခြေခံဖြင့် ကျင့်သုံးနေခြင်းဖြစ် သလားဆိုသည့် အချက်များသည် အချုပ်အခြာအာဏာ၏တန်ဘိုးကို တွက်ချက်ရာတွင် မဖြစ်မနေ အခြေခံရမည့် အဓိကအချက်များ ဖြစ်ပေသည်။

ဒုတိယကမ္ဘာ စစ်ပြီးကာလတွင်ပေါ်ပေါက်ခဲ့ဘူးသည့် ဘန်ဒေါင်းမူ (၅) ချက်တွင် နိုင်ငံတနိုင်ငံ၏ အချုပ်အခြာအာဏာကို မထိပါးရေးကိစ္စသည် အလွန်အရေးပါသော အချက်အဖြစ် လက်ခံခဲ့ကြဘူးသည်။ သို့သော် (၂၁) ရာစု၏ ဂလိုဘယ်လိုက် ဇေးရှင်း **(Globalization)** စိန်ခေါ်မှုအောက်တွင် ဘန်ဒေါင်းမူ (၅) ချက်တွင် ပါဝင်ခဲ့သည့်နိုင်ငံ တနိုင်ငံ၏ အချုပ်အခြာအာဏာကို မထိပါးရေးဆိုသည့်အချက်သည် ခေါင်းပြူထွက်လာ ရန် အလွန်ခက်ခဲသည့်အနေအထားသို့ ရောက်သွားပြီဖြစ်သည်ကို အထူးသတိပြုရမည် ဖြစ်သည်။ အချုပ်အခြာအာဏာဆိုရုံနှင့် မျက်စိမှိတ်လက်ခံရန် မလိုအပ်တော့သည့်ဖြစ်စဉ် များ (၂၁) ရာစုအတွင်း တစတစဖြင့်ကျယ်ပြန့်စွာ နေရာယူလာနေပြီဖြစ်သည်။ ယနေ့ ကမ္ဘာကြီးတွင် နိုင်ငံတနိုင်ငံ၏ အချုပ်အခြာ အာဏာကို ယင်းနိုင်ငံ၏ သဘောဆန္ဒအတိုင်း၊ သက်ဆိုင်ရာနိုင်ငံမှ အုပ်ချုပ်သူလူတန်းစားတို့၏ ဆန္ဒတခုတည်းအောက်တွင် ထိမ်းသိမ်း ကာကွယ်စောင့်ရှောက်သွားရန် လိုအပ်သည်ဟူသည့် အတွေးအမြင်များသည် မှေးမှိန် လာနေပြီဖြစ်သည်။ ဒေသဆိုင်ရာ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို ချိန်းခြောက်လာသည့် မည်သည့် အခြေအနေမျိုးတွင်မဆို ထိမ်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ တိုက်ရိုက်သော်လည်းကောင်း၊ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးဥပဒေ **(ICC)** ကဲ့သို့သော ဥပဒေများဖြင့်သော်လည်းကောင်း၊ နိုင်ငံအများ စုပေါင်းမှုအားဖြင့် လိုအပ်သလိုအရေးယူနိုင်သည့် အခြေအနေသို့ ရောက်ရှိလာပြီ ဖြစ်သည်။ လူတဦးချင်းစီ၏ အခြေခံအခွင့်အရေးများကို တန်ဘိုးထားလေးစားရသည့် ခေတ်တွင် ကမ္ဘာပေါ်ရှိ နိုင်ငံများသည် မိမိတို့၏ အချုပ်အခြာအာဏာများကို တစုံတရာ စွန့်လွှတ်လာနေကြရပြီဖြစ်သည်ကို မြင်တွေ့နေရပြီဖြစ်သည်။ သက္ကရာဇ် ၂၀၀၂ ခုနှစ် ဇူလိုင်လနောက်ပိုင်းတွင် နိုင်ငံပေါင်း (၉၀) ကျော်၏ သဘောတူ အတည်ပြုချက်ဖြင့် ဖွဲ့စည်း ပေါ်ပေါက်လာခဲ့သည့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး **(International Criminal Court)**၏ စီရင်ပိုင်ခွင့်အာဏာသည်၊ အခြေခံအားဖြင့် နိုင်ငံတနိုင်ငံ၏ အချုပ်အခြာအာ ဏာဘောင်ကိုကျော်လွန်၍ (သတ်မှတ်ပြဌာန်းပေးထားသည့် မှုခင်းအမျိုးအစားများ၌) ယင်း သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသားများကို လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများနှင့် အညီ ကာကွယ်စောင့်ရှောက်မှုများ စတင်ဆောင်ရွက်လာပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံများ၏သမိုင်းဖြစ်စဉ်များ ကိုပြန်လေ့လာကြည့်လျှင်၊ အာဏာရှင် စနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံများတွင် နိုင်ငံ၏အချုပ်အခြာအာဏာကို လိုသည်ထက် ပိုမို၍ အလေးထားပြောလေ့ရှိကြသည်ကို သတိပြုနိုင်ပါသည်။ ၎င်းတို့ဆန္ဒအရမှာ နိုင်ငံ၏အချုပ် အခြာအာဏာသည် နိုင်ငံသားပြည်သူလူထုထက် ပိုမိုအရေးပါလျှက်ရှိနေသည်ကို

တွေ့မြင်နိုင်ပေသည်။ အချုပ်အခြာအာဏာဟူသော စကားလုံးအောက်တွင် ပြည်သူတရပ်လုံးကို ပိပြားနေစေလိုသည်မှာ အာဏာရှင်တို့၏ဆန္ဒဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံအတွင်း အာဏာရှင်တို့၏သဘောဆန္ဒအတိုင်း၊ ထင်သလိုချယ်လှယ်အုပ်ချုပ်နေခြင်းအပေါ် နိုင်ငံတကာ၏ ဝေဖန်ပြစ်တင်ပြောဆိုမှုများ၊ စီးပွားရေး၊ နိုင်ငံရေးပိတ်ဆို့ အရေးယူမှုများကို ဟန့်တားလိုခြင်းနှင့် ယင်းအခြေအနေများကို ဆန့်ကျင်လိုခြင်းတို့မှာ အာဏာရှင်တိုင်း၏ အရင်းအမြစ်စိတ်ဓါတ်ပင်ဖြစ်သည်။ နိုင်ငံကို ကိုယ်စားပြုသည့် အချုပ်အခြာအာဏာကို နိုင်ငံတကာဥပဒေအရ နိုင်ငံတနိုင်ငံနှင့်တနိုင်ငံ ဆက်ဆံရာ၌ အလေးထားအသုံးပြုခဲ့လေ့ရှိကြသည်။ ၁၈၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့တွင် အမေရိကန်သမ္မတ မွန်ရိုးက ကွန်ကရက်သို့ပြောကြားသော မိန့်ခွန်း၌ နိုင်ငံတနိုင်ငံနှင့်တနိုင်ငံ ဝင်ရောက်မစွက်ဖက်ရေး **(Doctrine of Non- intervention)** ဟူသော သဘောတရားကို စတင်ပြောကြားခဲ့ဘူးကြောင်း လေ့လာသိရှိရသည်။ အမှန်တကယ်နောက်ခံအကြောင်းရင်းမှာ ဥရောပအင်အားကြီးနိုင်ငံများက အမေရိကန်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လာလျှင် သည်းခံနိုင်မည်မဟုတ်ကြောင်း ဆိုလိုသည့်သဘောထားဖြစ်သည်ဟုသိရသည်။

သို့ဖြစ်၍ အချုပ်အခြာအာဏာဆိုသည်မှာ နိုင်ငံသားတဦးချင်းစီ၏ အကျိုးစီးပွားမဟုတ်သည့် နိုင်ငံတော်၏အကျိုးစီးပွားပေါ်တွင် အခြေပြုသည့် အာဏာရပ်လား၊ နိုင်ငံသားတဦးချင်းစီ၏ အကျိုးစီးပွားလည်းဖြစ် နိုင်ငံတော်၏ အကျိုးစီးပွားလည်းဖြစ်သော အခြေခံပေါ်တွင် တည်ဆောက်ထားခြင်းလားဟူသည် အချုပ်အခြာအာဏာတည်ဆောက်ထားရှိ ကျင့်သုံးမှုများကို အလေးအနက်လေ့လာပြီးမှသာလျှင် နိုင်ငံသူနိုင်ငံသားတဦးချင်းစီ၏ အကျိုးစီးပွားနှင့်အညီဖြစ်သည့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အလေးထားရမည်ဖြစ်သည်။ ယင်းကဲ့သို့ အလေးထားရန် တာဝန်မှာလည်း ယင်းနိုင်ငံ၏ နိုင်ငံသားတဦးချင်းစီ၏တာဝန်ပင်ဖြစ်ပေသည်။ အဖွဲ့အစည်းတခု၏ တာဝန်သာမဟုတ်၊ အထူးသဖြင့် စစ်တပ်၏တာဝန်တရပ်သာမဟုတ်ဆိုသည်ကို ရှင်းလင်းစွာ နားလည်သဘောပေါက်ရန် အထူးလိုအပ်ပေသည်။

နိုင်ငံတနိုင်ငံ၏ အချုပ်အခြာအာဏာတည်ရှိမှုကိုလေ့လာရာ၌ အချုပ်အခြာအာဏာကို ကျင့်သုံးမှုပုံစံမှာ လူအများစု၏ ဆန္ဒမဲသက်သက်ဖြင့် နိုင်ငံတခု၏ဗဟိုအဆင့်တခုတည်း၌ထားရှိကျင့်သုံးသည့် တပြည်ထောင်စနစ်၏ပုံစံနှင့် မတူကွဲပြားသော လူမျိုးစုများဖြင့်စုဖွဲ့ထားသည့် ပြည်ထောင်စုနိုင်ငံများ၌ကျင့်သုံးရမည့် အချုပ်အခြာအာဏာ၏ ဖွဲ့စည်းတည်ရှိစေမှုပုံစံများကို လေ့လာသုံးသပ်ရာတွင် တရားမျှတမှုရှိသည့် လူ့အဖွဲ့အစည်းတရပ်ကို တည်ဆောက်ရာ၌ ကွဲပြား ခြားနားမှုများရှိနိုင်သည်ကို တွေ့ရှိလာပြီဖြစ်သည်။ တင်းကြပ်သည့် ဗဟိုချုပ်ကိုင်မှု **(Rigid Centralization)** ကို ကျင့်သုံးသည့် တပြည်ထောင်စနစ်နိုင်ငံများသည်ပင် သက်ဆိုင်ရာဒေသအာဏာပိုင်များသို့ လုပ်ပိုင်ခွင့်များ၊ အာဏာများကို ပိုမိုပေးအပ်လာရသည့် **(Decentralization)** ကို တဖြည်းဖြည်း ပြောင်းလဲကျင့်သုံးမှုများ ရှိလာနေပြီဖြစ်သည်။ ပြည်ထောင်စုစနစ်ကို ကျင့်သုံးသည့်နိုင်ငံများတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြားတွင်

အချုပ်အခြာအာဏာကို စနစ်တကျခွဲဝေကျင့်သုံးရေးကို စနစ်တကျကျင့်သုံးရန် အထူး လိုအပ်ပေသည်။ သို့မှသာ ဖက်ဒရယ် ပြည်ထောင်စုစနစ်ဟု အတိအကျ သတ်မှတ်နိုင် မည်ဖြစ်သည်။

ထို့နောက် အဓိကအချက်တခုမှာ အချုပ်အခြာအာဏာကို လက်တွေ့ကျင့်သုံး ရာတွင် လူထုမှတိုက်ရိုက်ပိုင်စိုးသည့် အချုပ်အခြာအာဏာ **(Popular Sovereignty)**နှင့် လူထု၏ ပါဝင်ပတ်သက်မှု **(Participation of the People)**၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးပေသည်။ ယင်းနှင့်တဆက်တစပ်တည်းဖြစ်သည့် ရွေးချယ်တင်မြှောက်ခြင်း (သို့) ရွေးကောက်ပွဲ **(Election)** ဆိုင်ရာအခန်းကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။ စစ်မှန်သည့် ရွေးကောက်ပွဲမရှိလျှင် လူထုမှအချုပ်အခြာအာဏာကို ကျင့်သုံးသည့်စနစ် မရှိနိုင်ပေ။ ထို့ကြောင့် ပုံမှန်ကျင်းပရလေ့ရှိသည့် လွတ်လပ်၍ တရားမျှတသော ရွေး ကောက်ပွဲများကို ဒီမိုကရေစီ၏ အသက်သွေးကြောများဟု အခိုင်အမာ လက်ခံထားရ မည်ဖြစ်သည်။ တပြည်ထောင်စနစ် ကျင့်သုံးသည့်နိုင်ငံမှာဖြစ်စေ၊ ဖက်ဒရယ် ပြည်ထောင်စု မှာပင်ဖြစ်စေ ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးမည်ဆိုလျှင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ပုံမှန်ကျင်းပပေးရခြင်းမှာ အခြေခံအကျဆုံးမရှိမဖြစ် လုပ်ငန်းစဉ်တရပ် ဖြစ်ပေသည်။ သို့ဖြစ်၍ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများမှတဆင့် စစ်မှန်သည့် လူထု ကိုယ်စားလှယ်များကိုရွေးချယ်ပြီး၊ လူထု၏ အချုပ်အခြာအာဏာကို ခိုင်မာစွာတည် ဆောက်နိုင်ရန်မှာ လွန်စွာအရေးကြီးလှပေသည်။ ယင်းကဲ့သို့သော စစ်မှန်သည့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည်သာ နိုင်ငံသားတိုင်းမှ ထိမ်းသိမ်းကာကွယ်စောင့် ရှောက်ရန် တာဝန်ရှိသည့်အရေးတရပ် ဖြစ်ပေမည်။

(ဃ) စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး

စစ်မှန်သည့် ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံများတွင် ပါတီစုံစနစ်လား၊ နှစ်ပါတီစနစ်လား၊ တပါတီစနစ်လား၊ မည်သည့်စနစ်ကို ကျင့်သုံးမည်ဆိုသည်ကို လက် တွေ့ဆုံးဖြတ်ရမည့် အဓိကတာဝန်ရှိသူများမှာ ယင်းသက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသူနိုင်ငံ သားများပင်ဖြစ်သည်။ ၎င်းတို့ကြိုက်သလို ဆုံးဖြတ်ပိုင်ခွင့်ရှိရမည်ဖြစ်သည်။ ပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖေါ်ပြရန် မလို အပ်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လက်တွေ့အားဖြင့် မဖြစ်မနေဖေါ်ပြရန် လိုအပ်သည့် အချက်များမှာ အဓိကအားဖြင့် (၃) ချက်ရှိသည်။ ယင်းတို့မှာ – လွတ်လပ်စွာ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာစုဝေးခွင့်နှင့် လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့် တို့ပင်ဖြစ်သည်။ ယင်းအခြေခံ လွတ်လပ်ခွင့် အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာမခံချက်ရှိစွာ လက်တွေ့ကျင့်သုံးနိုင်ရန် လွန်စွာအရေးကြီးလှပေသည်။

နိုင်ငံတနိုင်ငံတွင် နိုင်ငံရေးပါတီတခုအနေဖြင့် ဖွဲ့စည်းတည်ထောင်ခွင့်ရှိခဲ့သော် လည်း၊ တင်းကြပ်သည့်အကန့် အသတ်အောက်တွင်သာ ယင်းပါတီ၏ စုဝေးခွင့်ကို ခွင့်ပြု ထားခဲ့မည်ဆိုလျှင် (သို့မဟုတ်) ယင်းပါတီ၏ လွတ်လပ်စွာဖေါ် ထုတ်ပြောဆိုခွင့်များကို

အစမ္မပိတ်ပင်တားဆီးထားခဲ့မည်ဆိုလျှင် ယင်းပါတီအဖွဲ့အစည်းသည် မည်သို့မျှ အဓိပ္ပါယ် ရှိနိုင်မည်မဟုတ်ပေ။ နိုင်ငံတနိုင်ငံတွင် နိုင်ငံရေးပါတီတခု၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးပါသည်။ နိုင်ငံရေးပါတီတခုသည် သက်ဆိုင်ရာနိုင်ငံ၏အတိတ်၊ ပစ္စုပ္ပန်၊ အနာ ဂတ် ကာလသုံးပါးစလုံးနှင့်ဆက်စပ်၍ ရပ်တည်နေခြင်းဖြစ်သည်။ နိုင်ငံရေးပါတီတခုသည် ယင်း၏အဖွဲ့ဝင်ပြည်သူများကို ကိုယ်စားပြုရသကဲ့သို့ နိုင်ငံကိုကိုယ်စားပြုသည့် အဖွဲ့ အစည်းတရပ်လည်းဖြစ်သည်။ တချိန်တည်းတွင် နိုင်ငံကိုအုပ်ချုပ်မည့်အစိုးရ အဖွဲ့အစည်း တရပ်အဖြစ် အချိန်မရွေး တာဝန်ပေးအပ်ခြင်းခံရနိုင်သည့် အခွင့်အလမ်းများရှိနေသည့် အဖွဲ့အစည်းတရပ်လည်းဖြစ်သည်။ နိုင်ငံတနိုင်ငံ၏ နိုင်ငံရေးပါတီများ၏ လွတ်လပ် စွာရှင်သန်နိုင်ခွင့်သည် သက်ဆိုင်ရာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံပြယုဂ်ဖြစ်သည် ဟု ဆိုနိုင်ပေသည်။ နိုင်ငံတနိုင်ငံ၌ ယင်းနိုင်ငံတွင် လက်တွေ့ကျင့်သုံးနေသည့် နိုင်ငံရေး စနစ်သည် အလွန်အရေးကြီးသကဲ့သို့၊ ယင်းနိုင်ငံရေးစနစ်ကို ရှင်သန်ဖွံ့ဖြိုး တိုးတက်စေရန် တာဝန်သည်၊ သက်ဆိုင်ရာနိုင်ငံရေးပါတီ၏ တာဝန်တရပ်ဖြစ်သည်။

စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးကို အခြေခံမူတရပ်အဖြစ် ကိုင်စွဲကျင့်သုံးသွားရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း၍ မည်မျှပင် တာဝန်ခံထားစေကာမူ၊ ပြည်ထောင်စုမပြိုကွဲစေရန်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲစေရန်နှင့် အချုပ်အခြာ အာဏာတည့်တန့်ခိုင်မြဲရေးတို့အတွက်ဟု အကြောင်းပြ၍ ယင်းနိုင်ငံရေး ပါတီတရပ်၏ ရပ်တည်ရှင်သန်မှုကို အချိန်အခါမရွေး အန္တရာယ်ပေးနိုင်သည် ကို အထူးသတိပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းစဉ်တွင် စစ်သြဇာ အာ ဏာလွှမ်းမိုးခဲ့သည့်ကာလများကို ပြန်လည်လေ့လာကြည့်မည်ဆိုလျှင် လွတ်လပ်စွာ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဟူသည့် အခြေခံ လွတ်လပ်ခွင့်များကို တန်ဘိုးထား လေးစားခဲ့သည့် သမိုင်းအစဉ်အလာမရှိခဲ့ဘူးပေ။ ၁၉၉၀ ပြည့် ရွေးကောက်ပွဲကြီးတွင် ပြည်သူလူထုတရပ်လုံး၏ တခဲနက် ဆန္ဒမဲဖြင့် ကမ္ဘာက အသိ အမှတ် ပြုခံခဲ့ရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လို အဖွဲ့အစည်းမျိုးကိုပင် နည်းမျိုးစုံဖြင့် ပြောင်တင်းတင်း တိုက်ခိုက်ချေမှုန်းခြင်းကို အစဉ်တစိုက် လုပ်ဆောင်နေသည့် စစ်အုပ်စု၏ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအခြေခံမူဆိုသည်မှာ ရေပေါ်တွင် အရုပ်ရေးပြ သကဲ့သို့ပင်ဖြစ်ပေလိမ့်မည်။

(င) လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားရေး

လောကပါလတရားဟူသည်မှာ လူ့အဖွဲ့အစည်းအတွင်း အရေးအကြီးဆုံး တန်ဘိုးတရပ်ဟုဆိုနိုင်သည်။ လောက ပါလတရားများဖြစ်သည့် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းတို့ကို လူ့အဖွဲ့အစည်းအတွင်း ခိုင်မာစွာတည်ဆောက်နိုင်မည်ဆိုလျှင် ဖွံ့ဖြိုးတိုးတက်မှုရှိ၊ တန်ဘိုးရှိသည့် လူ့အဖွဲ့အစည်းတရပ်အဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည် နိုင်မည် ဖြစ်ပေသည်။ သို့ရာတွင် လောကပါလတရားပွားများထွန်းကားရန် လက်တွေ့

အကောင်အထည်ဖေါ်ရာ၌ နိုင်ငံသားတဦးချင်းစီ၏ အခြေခံမွေးရာပါအခွင့်အရေးများကို တာဝန်ခံယုံမျှမကဘဲ၊ တိုင်းရင်းသားလူမျိုးစုများ၏ အခြေခံအခွင့်အရေးများ၊ အုပ်စုလိုက်ဆိုင်ရာ စုပေါင်းအခွင့်အရေးများကို လက်တွေ့တာဝန်ခံနိုင်ရန် အထူးလိုအပ်ပေသည်။

သို့ဖြစ်ရာ လောကပါလတရားများ ထွန်းကားရေးဆိုသည်ကို သဘောတရားအရ လက်ခံထားရှိရုံနှင့် ပြီးပြည့်စုံမှုအဆင့်သို့ မရရှိနိုင်ပေ၊ လက်တွေ့အရ တိုင်းရင်းသားနိုင်ငံသားတဦးချင်းစီ၏ အခြေခံလွတ်လပ်ခွင့်၊ အခြေခံညီမျှမှုနှင့် အခြေခံကျသည့် တရားမျှတမှုဆိုင်ရာအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မည်သို့ တာဝန်ခံမှုရှိရမည်ကို လေးနက်တိကျစွာ အကောင်အထည်ဖေါ်သွားရန် အထူးအရေးကြီးပေသည်။ ယင်းကဲ့သို့ အခြေခံကျသည့် တရားမျှတမှုဆိုင်ရာ အခြေခံအခွင့်အရေးများကို လက်တွေ့အကောင်အထည်ဖေါ်မည်ဆိုလျှင် ဒီမိုကရေစီကျင့်စဉ်နှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အခြေခံမှုများနှင့်ကင်းလွတ်၍ လုပ်ဆောင်ရန်လုံးဝ မဖြစ်နိုင်ပေ။ တရားဥပဒေ စိုးမိုးရေးနှင့် လောကပါလတရားထွန်းကားရေးတို့သည် ကျောသားရင်သားခွဲခြား၍ မရသည့်အရာများပင်ဖြစ်သည်။ လောကပါလတရားမရှိလျှင် တရားဥပဒေစိုးမိုးရေး မရှိနိုင်သကဲ့သို့ တရားဥပဒေစိုးမိုးရေးကို လက်တွေ့အကောင်အထည်ဖေါ်ရာတွင်လည်း လောကပါလတရားအခြေခံများနှင့် ကင်းလွတ်ပြီးလုပ်ဆောင်နိုင်မည်မဟုတ်ပေ။

ယင်းကဲ့သို့ လောကပါလတရားအခြေခံပေါ်တွင် တရားဥပဒေစိုးမိုးရေးကို မှန်ကန်တည့်မတ်စွာလက်တွေ့ ကျင့်သုံးနိုင်မှုရှိ၊ မရှိ "Check and Balance" ထိမ်းညှိနိုင်မည့်အစီအမံများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မည်ကဲ့သို့ တာဝန်ခံမှုရှိသည်ဆိုသည်မှာလည်း လွန်စွာအရေးကြီးလှပေသည်။ နိုင်ငံတနိုင်ငံတွင် လက်တွေ့ကျင့်သုံးနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားဥပဒေစိုးမိုးရေး၊ အခြေခံအရ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး (ဝါ) စီမံခန့်ခွဲရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို စနစ်တကျခွဲခြားကျင့်သုံးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည့်ကဲ့သို့ စီမံမှုပြုထားသည်ဆိုသည့် အချက်သည် လွန်စွာအရေးကြီးပေသည်။ နိုင်ငံအာဏာကို ခွဲခြားကျင့်သုံးခြင်းနှင့် ခွဲဝေကျင့်သုံးခြင်းတို့ကို စံထားသုံးသပ်ရမည့်အပြင် အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ရှင်သန်တည်ရှိမှုအခန်းကဏ္ဍကိုလည်း ချွင်းချန်ထားခဲ့၍ မဖြစ်နိုင်ပေ။ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ **NGOs** နှင့် လူထုအခြေပြုလူ့ အဖွဲ့အစည်းများ "Civil Society" ၏အခန်းကဏ္ဍသည် လောကပါလတရားကို အပြည့်အဝကျင့်သုံးနိုင်မည့် လူ့အဖွဲ့အစည်းတရပ်ကို အောင်မြင်စွာဖေါ်ဆောင်နိုင်ရန်အတွက် အသက်သွေးကြောတမျှ အရေးကြီးလှပေသည်။ တဆက်တည်းတွင် နိုင်ငံ၏အာဏာပိုင် အဖွဲ့အစည်းဖြစ်သည့် အစိုးရအဖွဲ့ကို ဖွဲ့စည်းရာတွင် ပြည်သူလူထု၏ သဘောဆန္ဒကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လက်တွေ့အကောင်အထည်ဖေါ်မှုရှိ၊ မရှိကိုလည်း အထူးဂရုပြုရမည်ဖြစ်သည်။ ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ခေါင်းဆောင်ကို ၎င်းတို့၏သဘောဆန္ဒနှင့်အညီ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် အခွင့်အရေးကို လက်တွေ့အသုံးချနိုင်ရန် လွန်စွာလိုအပ်သည်။ ထိုသို့သော ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် လွတ်လပ်ပြီး၊

လျို့ဝှက်သည့် မဲပေးရွေးချယ်မှုစနစ်များကို လက်တွေ့ကျင့်သုံးရမည် ဖြစ်သည်။ သို့မှသာ စစ်မှန်သည့် ပြည်သူ့ကိုယ်စားလှယ်များကို ရရှိနိုင်မည်ဖြစ်သည်။ ယင်းစစ်မှန်သည့် ပြည်သူ့ကိုယ်စားလှယ်များကသာ ပြည်သူတို့၏အနာဂတ် ကံကြမ္မာအတွက် ပြည်သူလူထု၏ သဘောဆန္ဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သည်။

(စ ) နိုင်ငံတော်၏ အနာဂတ်နိုင်ငံရေးဦးဆောင်မှုတွင် တပ်မတော်မှ ပါဝင်နိုင်ရေး

နိုင်ငံတော်၏ အနာဂတ်နိုင်ငံရေးဦးဆောင်မှု (သို့) နိုင်ငံအုပ်ချုပ်ရေးအခန်းကဏ္ဍ (သို့) အစိုးရအဖွဲ့အစည်းအတွင်း စစ်တပ်၏အခန်းကဏ္ဍကို မဖြစ်မနေထည့်သွင်းပေးရန် အဆိုပြုချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာ အခြေခံမူအဖြစ် တောင်းဆို လိုက်ခြင်းသည် ဒီမိုကရေစီကျင့်စဉ်ကိုသော်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အခြေခံမူကိုသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးဆိုင်ရာစံများကို အတိအကျ ချိုးဖေါက်လိုက်ခြင်းပင် ဖြစ်သည်။ ထို့ထက် ပိုမိုဆိုးရွားသည့်အချက်မှာ တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ ဆန္ဒသဘောထားကို လုံးဝမျက်ကွယ်ပြုကာ ဆန့်ကျင်ကျောခိုင်းလိုက်ခြင်းလည်းဖြစ်ပေသည်။ ပြည်ထောင်စုမပြိုကွဲရေးကိုသော်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကိုသော်လည်းကောင်း၊ အချုပ်အခြာအာဏာတည်တန့်ခိုင်မြဲရေးကိုသော်လည်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားရေးတို့ကိုသော်လည်းကောင်း တန်ဘိုးထား လေးစားမှုများကင်းမဲ့ကာ ယင်းတို့နှင့်ဆန့်ကျင်ဘက်အခြေခံမှုရပ်တည်လျက် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေရေးကိုသာ အဓိက ဦးတည်စေသည့် အဆိုပြုချက်တရပ်ဖြစ်ပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်၏ဂုဏ်သိက္ခာသည် သက်ဆိုင်ရာ အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သည့် ပြည်သူ လူထု၏လေးစားမှု၊ ယုံကြည်မှုနှင့် တန်ဘိုးထားမှုတို့အပေါ်တွင်မူတည်သည်ဟု ဆိုရမည်ဖြစ်သည်။ ပြည်သူလူထု၏သဘောဆန္ဒနှင့်အညီဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည်သာ ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်မည် ဖြစ်သည်။ ပြည်သူလူထု၏ သဘောဆန္ဒ နှင့်ဆန့်ကျင်ဘက်အခြေခံမှ ပေါ်ပေါက်လာသည့် မည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမဆို ရေရှည်တည်တန့်ခိုင်မြဲရန် ခဲယဉ်းပေလိမ့်မည်။ အနာဂတ် နိုင်ငံတော်၏ နိုင်ငံရေးဦးဆောင်မှုတွင် စစ်တပ်၏အခွင့်ထူးခံ လူ့အဖွဲ့အစည်းတရပ်အဖြစ် ရပ်တည်ပိုင်ခွင့် တောင်းဆိုမှုကို မည်သူမျှလက်ခံနိုင်မည်မဟုတ်ပေ။ ယင်းတောင်းဆိုချက်သည် ဒီမိုကရေစီကျင့်စဉ်ကို သွေဖီသည့် တောင်းဆိုချက်သာဖြစ်သည်။ ထို့ပြင် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အခြေခံမူများကို မျက်ကွယ်ပြုထားခြင်းလည်းဖြစ်သည်။

ကမ္ဘာပေါ်ရှိ တပါတီအာဏာရှင်စနစ် ကျင့်သုံးသည့်နိုင်ငံများနှင့် ကွန်မြူနစ်စနစ် ကျင့်သုံးသည့် နိုင်ငံများသည်ပင်လျှင် ပြည်သူလူထု၏ ဆန္ဒအခြေခံနှင့်ကင်းလွတ်၍ လုပ်ဆောင်ခဲ့ခြင်းမရှိခဲ့ပေ။ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က

ပါဝင်ထမ်းဆောင်ရေးဟူသည့် အဆိုပြုချက်သည် ဒီမိုကရေစီကျင့်စဉ်နှင့် တရားဥပဒေစိုးမိုးရေးအခြေခံကို လက်တွေ့ကျင့်သုံးဖေါ်ဆောင်မည့် လူ့အဖွဲ့အစည်းတခုတွင် အမှန်တကယ် ကျင့်သုံးရမည့်မူဖြစ်သည့် လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှုဆိုင်ရာ **(Civilian Supremacy)**သဘောတရားကို ဆန့်ကျင်အဆိုပြုချက်ပင်ဖြစ်သည်။ နိုင်ငံတနိုင်ငံတွင်ရှိသည့် တပ်မတော်၏အကြီးအကဲဖြစ်သူ ကာကွယ်ရေးဦးစီးချုပ်သည်၊ တပ်မတော်၏ဗိုလ်ချုပ်တဦးဦးဖြစ်သော်လည်း၊ ယင်းသက်ဆိုင်ရာနိုင်ငံ၏ ကာကွယ်ရေးဝန်ကြီးမှာမူပြည်သူလူထုမှ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခံထားရသည့် နိုင်ငံရေးခေါင်းဆောင်တဦးသာလျှင် ဖြစ်ရပေမည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်သည့်စစ်ဆင်ရေးကြီးတခုလုံးနှင့် စပ်လျဉ်းပြီး ဆင်နွှဲသင့်မဆင်နွှဲသင့်ကို ဆုံးဖြတ်ရမည့် တာဝန်ရှိသူမှာ လူထုမှရွေးချယ်တာဝန် ပေးအပ်ထားသည့် အရပ်သားဝန်ကြီးမှသာ ဆုံးဖြတ်ပေးရမည်ဖြစ်သည်။ ယင်းကဲ့သို့ ကာကွယ်ရေးဝန်ကြီး၏ အမိန့်ရမှသာ စစ်ဘက်ဆိုင်ရာ ကာကွယ်ရေးဦးစီးချုပ်မှ တိုက်ပွဲစဉ်ကို တိုက်ရိုက်ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်သွားရမည်ဖြစ်သည်။ ယင်းအခြေအနေသည် လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှုသဘောတရား **(Civilian Supremacy)** ပင်ဖြစ်သည်။

သို့ဖြစ်၍ ပြည်ထောင်စုတပ်မတော်၏ တာဝန်သည် တိုင်းပြည်၏ ပြည်ပအန္တရာယ်ကို ကာကွယ်ရန်သာဖြစ်သည်။ တိုင်းပြည်၏ နိုင်ငံရေးဆိုင်ရာကိစ္စများတွင် ဝင်ရောက်ချယ်လှယ် စွက်ဖက်ခွင့်ရှိသူများမဟုတ်ပေ။ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်နေသူ မည်သူမဆို နိုင်ငံရေးအရ ခေါင်းဆောင်အဖြစ် ဝင်ရောက်အရွေးချယ်ခံပိုင်ခွင့်ရှိသည်။ နိုင်ငံရေးခေါင်းဆောင်လုပ်လိုလျှင် စစ်တပ်မှထွက်ရမည်။ နိုင်ငံရေးပါတီတည်ထောင်နိုင်သည်။ ရွေးကောက်ပွဲဝင်နိုင်သည်။ ၁၉၄၇ ခုနှစ်တွင် မြန်မာနိုင်ငံ၌ကျင်းပပြုလုပ်ခဲ့သည့် တိုင်းပြုပြည်ပြုလွှတ်တော်သို့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဝင်ရောက်အရွေးချယ်ခံခဲ့သည့် သာဓကများကို အခိုင်အမာ နမူနာယူရမည် ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

အခြေခံဥပဒေရေးရာ

# အခြေခံဥပဒေရေးရာ သတင်းအတိုအထွာများ

**မှတ်တမ်းနှင့် သုတေသနဌာန**
**မြန်မာနိုင်ငံရှေ့နေများကောင်စီ**

## အိုင်အယ်လ်အိုနှင့် ဆက်သွယ်သူသုံးဦးအပေါ်ချမှတ်သည့် သေဒဏ်ကို ပြန်လည်သုံးသပ်ရန် မြန်မာအစိုးရက သဘောတူ။

အိုင်အယ်လ်အိုနှင့် ဆက်သွယ်သဖြင့် လူသုံးဦးအား သေဒဏ်အပြစ်ချခဲ့ခြင်းကို တရားရုံး၏ မှားယွင်းဆုံးဖြတ်ချက်ဖြစ်ကြောင်းပြောဆို၍ ပြန်လည်သုံးသပ်ရန် မြန်မာစစ်အစိုးရအရာရှိက သဘောတူခဲ့ကြောင်း အိုင်အယ်လ်အိုက အင်္ဂါနေ့က ပြောကြားခဲ့ပါသည်။ အေအက်ဖ်ပီသတင်းဌာနသို့ ပေးပို့ခဲ့သည့် အစီရင်ခံစာတစ်စောင်တွင် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး တင်ဝင်းက ရန်ကုန်ရှိ အိုင်အယ်လ်အိုကိုယ်စားလှယ်များအား အိုင်အယ်လ်အိုနှင့် အဆက်အသွယ်ရှိခြင်းသည် တရားမဝင်သည့်လုပ်ရပ် မဟုတ်ကြောင်း မတ်လ ၁၇ ရက်နေ့ ဆွေးနွေးပွဲတခုတွင် ပြောကြားခဲ့သည်ဟု ဆိုပါသည်။ အကယ်၍ ၎င်းတို့သည် သတင်းအချက်အလက်အမှားများ ပေးခဲ့ကြောင်းဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့်တိုင် အများဆုံးထောင်ဒဏ် ၆ လ သာကျခံရသင့်သည်ဟုလည်း ထိုဝန်ကြီးက ပြောကြားခဲ့ပါသည်။

ပြစ်ဒဏ်ချခံရသူများပေးသော အချက်အလက်များနှင့် ရုံးတင်စစ်ဆေးမှုမှ စာရွက်စာတမ်း အထောက်အထားများအရ အမှုအား စနစ်တကျနှင့် ယုံကြည်နိုင်လောက်သော နည်းလမ်းများဖြင့် စစ်ဆေး၊ တရားစီရင်ခဲ့ခြင်း မရှိသည်ကိုတွေ့ရှိရကြောင်း ထိုအစီရင်ခံစာက ဆိုပါသည်။

အိုင်အယ်လ်အိုက ၎င်းတို့အဖွဲ့အစည်းနှင့် အပြစ်ဒဏ်ချခံရသူ သုံးဦးတို့ကြား စွပ်စွဲထားသည့် ဆက်နွယ်မှုများကို ထုတ်ဖော်ပြောကြားခြင်းမပြုခဲ့သော်လည်း အပြည်ပြည်ဆိုင်ရာ လွတ်လပ်စွာကုန်သွယ်ရေးအဖွဲ့ချုပ် **(International Confedera-tion of Free Trade Unions)** က အပြစ်ချခံရသူ တစ်ဦးထံမှ အိုင်အယ်လ်အို၏ မြန်မာနိုင်ငံ အစီရင်ခံစာ တွေ့ရှိခဲ့သည်ဟု ဆိုပါသည်။ (အေအက်ဖ်ပီ၊ မတ်လ ၃၀ ရက်နေ့)

## သေဒဏ်ချမှတ်ခံရသူ သုံးဦး အတွက် အယူခံတင်သွင်း၊

မြန်မာစစ်အစိုးရမှ သေဒဏ်ချမှတ်ခဲ့သူများအတွက် အယူခံကို ၎င်းတို့ရဲ့ ရှေ့နေများက ရန်ကုန်ဗဟိုတရားရုံးတွင် ဧပြီလ ၆ ရက် နေ့က အယူခံတင်သွင်းခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို)ထံ အဓမ္မလုပ်အားပေး စေခိုင်းသည့် သတင်းအချက်အလက် အမှားများပေးသည်ဟူ၍ စွပ်စွဲခံရပြီး၊ အခြားနိုင်ငံရေး လှုပ်ရှားသူ ၆ ဦးနှင့်အတူ ဦးရွှေမန်း၊ နိုင်မင်းကြည်နှင့် ဦးအေးမြင့်တို့သည် ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်တိုင်း တိုင်းတရားရုံးတခုမှ သေဒဏ်ချမှတ်ခြင်း ခံခဲ့ရပါသည်။

သေဒဏ်ချမှတ်ခံရသူ ၉ ဦးရဲ့ ရှေ့နေများထဲမှ တစ်ဦးဖြစ်သူ နိုင်ငွေရက အာဏာပိုင်များသည် စွပ်စွဲခံရသူများအား ရာဇဝတ်ကြောင်းအရ အပြစ်ပေးလောက်သည့် သက်သေများ **(incriminating evidance)** မတွေ့ရှိရသည်ကို ထောက်ပြအငြင်းအခုံပြု၍ ၎င်းတို့အားလုံးအား ခြွင်းချက်မရှိ လွှတ်ပေးသင့်ကြောင်း ပြောကြားခဲ့ပါသည်။ (ဒီဗွီဘီ၊ ဧပြီလ ၆ ရက်)

## ယူနိုကယ်အမှု ဇွန်လတွင်ကြားနာမည်။

ယူနိုကယ်ကုမ္ပဏီနှင့် ပိုက်လိုင်းစီမံကိန်းတို့ ပါဝင်ပတ်သက်နေသည့် ကာလကြာမြင့်စွာဖြစ်ပွားနေသည့် လူ့အခွင့်အရေးအမှုကို ဆက်လက်စစ်ဆေးကြားနာခြင်းပြု၊ မပြုဆိုသည်ကို ဇွန်လ၌ကြားနာရန် အထက်တရားရုံး တရားသူကြီးက ၂၀၀၄ ခုနှစ် ဧပြီလ (၁၉) ရက်နေ့ (တနင်္လာနေ့)က သတ်မှတ်လိုက်ပါသည်။

အမှုသည် ၁၉၉၀ နှစ်များအတွင်း ပိုက်လိုင်းတည်ဆောက်စဉ် မြန်မာစစ်တပ်က ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ကယ်လီဖိုနီးယားပြည်နယ် အခြေစိုက် ယူနိုကယ်ကုမ္ပဏီ သို့မဟုတ် အမှုတွဲတွင် အမည်မဖော်ပြထားသော ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများတွင် တာဝန်ရှိကြောင်း ထုတ်ဖော်ပြသနိုင်၊ မနိုင်အပေါ်တွင် မူတည်နေပါသည်။

တရားသူကြီး ဗစ်တိုးရီးယား ဂျာရဒ်ချန်နီက ဇန္နဝါရီလအတွင်းက ပဏာမအဆင့် စစ်ဆေးမှုအပြီး၌ ယူနိုကယ်သည် ပိုက်လိုင်းတည်ဆောက်၊ လည်ပတ်သည့် လက်အောက်ခံကုမ္ပဏီခွဲများနှင့် တသဘောတည်းမဟုတ်ကြောင်း ရုံးတင်စစ်ဆေးမှု ပဏာမအဆင့်အပြီး နှုတ်ဖြင့်သုံးသပ်ခဲ့သည်။ ထိုသုံးသပ်ချက်ကို သူမအနေဖြင့် ယခုအပတ်တွင်

အပြီးသတ်မည်ဟု မျှော်လင့်ထားကြသည်။

တရားလိုရှေ့နေများက မြန်မာ့စစ်သားများ၏ လုပ်ဆောင်သွားသည့် အဓမ္မ မုဒိမ်းကျင့်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ကျူးလွန်မှုများအတွက် ယူနိုကယ် ကုမ္ပဏီတွင် တာဝန်ရှိသည်ဟုဆိုသည်။

ယူနိုကယ်ဘက်မှ ဦးဆောင်လိုက်ပါသူ ရှေ့နေ ဒန်နီယဲလ် ပက်ထရိုဆဲလီက တရားရုံးဆုံးဖြတ်ချက်ကြောင့် ဤအမှုအား ပလပ် ပစ်လိုက်သင့်သည်ဟု ဆိုပါသည်။ သူက ဤအမှုအား ဆက်လက်ကြားနာမည်ဆိုပါက လွန်ခဲ့သည့် ဒီဇင်ဘာလနှင့် ဇန်နဝါရီ လ အတွင်းက ရုံးတင်စစ်ဆေးမှု ပမာဏအဆင့်သည် ပညာရှင်ဆန်သော်လည်း လက်တွေ့ မကျသော၊ အဓိပ္ပာယ်မရှိသောဆောင်ရွက်မှုများ **(an academic and pointless exercies)** ဖြစ်သွားစေမည်ဟု ဆိုပါသည်။

ရွာသူရွာသားဘက်မှ တရားလိုရှေ့နေ ဒန်စတောမာက တသဘောတည်း ဖြစ်သည်ဆိုသည့်အချက်မှာ ယူနိုကယ်မှတာဝန်ရှိကြောင်း ထုတ်ဖော်အမိဖမ်းနိုင်သည့် ဥပဒေများ**(Legal Hooks)**ထဲမှ တခုသာဖြစ်ကြောင်း ဆိုပါသည်။ လက်အောက်ခံ များ၏ လုပ်ဆောင်မှုသည် ယူနိုကယ်၏ ကိုယ်စားလှယ်အဖြစ် သို့မဟုတ် မိခင်ကုမ္ပဏီနှင့် တွဲဘက်အဖြစ် လုပ်ဆောင်ခဲ့ကြောင်း ထောက်ပြခြင်းဖြင့် ယူနိုကယ်တွင် တာဝန်ရှိကြောင်း တခြားသီအိုရီများဖြင့် သူ့အဖွဲ့မှ ဆက်လက်လုပ်ကိုင်သွားမည် ဖြစ်ကြောင်း စတောမာက ပြောကြားခဲ့ပါသည်။

လူ့အခွင့်အရေးချိုးဖောက်မှုနှင့်စပ်လျဉ်း၍ အငြင်းအခုံပြုချက်များနှင့် သက်သေ များကို ရုံးတင်စစ်ဆေးမှု ပထမအဆင့်တွင် ပယ်ရှားခဲ့သော်လည်း အမှုဆက်လက်သွား မည်ဆိုပါက ပြန်၍အသုံးပြုနိုင်ပါသည်။ **(Seattle Post Intelligencer, April 12)**

## အဖွဲ့ချုပ်အဖွဲ့ဝင်များအား နှစ်ရှည်ထောင်ဒဏ်များချမှတ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ၁၁ ဦးအား မြန်မာစစ်အစိုးရက ဧပြီလ ၉ ရက်နေ့တွင် မန္တလေးတိုင်း၊ အိုးဘိုအကျဉ်းထောင်ကြီးတွင် အထူးခုံရုံးဖွင့်လှစ်၍ အကျဉ်း ချုံးတရားစီရင်ကာ ထောင်ဒဏ် ၇ နှစ် ၂၂ နှစ်အထိ အသီးသီး ချမှတ်ခဲ့ကြောင်း သိရှိရ ပါသည်။

၂၈ ရက်၊ ဧပြီလ ၂၀၀၄ ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သော နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (မြန်မာနိုင်ငံ)(အေအေပီပီ)၏ အစီရင်ခံစာတွင် ဖော်ပြချက် အရ ၎င်းတို့သည် ပြီးခဲ့သည့်နှစ် မေလအတွင်း ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထက်မြန်မာပြည်စည်းရုံးရေး ခရီးစဉ်အတွင်း အကြမ်း ဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် စစ်အစိုးရက အကြောင်းအမျိုးမျိုးပြကာ ဖမ်းဆီးခြင်း ခံခဲ့ရသူများဖြစ်သည်ဟုဆိုပါသည်။

ပြစ်ဒဏ်ချခံရသူများနှင့် ၎င်းတို့အပေါ်ချမှတ်သည့် ထောင်ဒဏ်များမှာ–